

စိတ်ကူးချိုချိုအနုပညာ
မိုးမင်းသာ၏
ငြိမ်းကျော်
ပြန်လည်ရိုက်နှိပ်ခြင်း
mgyoe.com



mgyoe.com

အရှေ့မိုးကုတ်စက်ဝိုင်းတွင် တိမ်နီမျှင် တစ်နှစ်စ ပြေးနေ၏။
အရုဏ်တက်တော့မည်။ ကြယ်တစ်ပွင့်သည် လင်းလင်းလက်လက်။
ကောင်းကင်လွင်ပြင်သည် တစ်စတစ်စနှင့် အနီဘက်သို့
လုလာ၏။ မှောင်ရိပ်သည် ပါးလျစ ပြုလေပြီ။

## ငြိမ်းကျော်

# မိုးမသောက် မှောင်မိုက် အရိပ်မပြေးမီ

ISBN 9789997130426
FIC60
9 789997 130426
3,500.00 KS

mgyoe.com
mgyoe.com

စိတ်ကူးချိုချိုစာအုပ်

mgyoe.com

# မိုးမသောက်
# မှောင်မိုက်အရိပ်မပြေးမီ

ငြိမ်းကျော်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

မိုးမသောက်မှောင်မိုက်အရိပ်မပြေးမီ၊ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၈၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၈၃ ရွှေသမင်စာပေ၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com



## ငြိမ်းကျော်(၁၉၄၃–၁၉၉၅)

ငြိမ်းကျော်ကို ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်တွင် အင်းစိန်မြို့၌ အဖ ကျောင်းဆရာဟောင်း နာရီပြင်ဆရာဦးအေးမောင်နှင့် အမိ ဒေါ်အုန်းတို့က အင်းစိန်မြို့၊ ပေါက်တောရပ်ကွက်တွင် ဖွားမြင်ခဲ့ပြီး တစ်ဦးတည်းသောသား ဖြစ်သည်။ ငယ်မည် အပါ၊ အမည်ရင်းမှာ ဦးမောင်မောင်ကြီး ဖြစ်ပါသည်။

ငယ်စဉ်က အင်းစိန် ဦးငွေထွန်း မူလတန်းကျောင်းနှင့် ဒေါ်ချစ်မေ မူလတန်းကျောင်းတို့တွင် ပညာသင်ခဲ့ပြီး ငါးတန်းမှစ၍ အင်းစိန်အစိုးရ အထက်တန်းကျောင်း၌ ပညာသင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အင်းစိန်နည်းပြ သိပ္ပံ အလွတ်ပညာသင်ကျောင်း၌ ပညာသင်ခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် ကျောင်းထွက်လက်မှတ်ရ စာမေးပွဲ၊ ၁၉၆၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတို့ကို အောင်မြင်ခဲ့သည်။ ၁၉၆၇ ခုနှစ်မှစ၍ ရန်ကုန် တက္ကသိုလ်တွင် ဆက်လက် ပညာသင်ယူခဲ့ရာ ၁၉၇၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရသည်။

အင်းစိန်အစိုးရအထက်တန်းကျောင်းတွင်နေစဉ် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအမှုဆောင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ ခုနှစ်မှ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

စ၍ ဝတ္ထုတိုများ စရေးသည်။ ၁၉၆၂ ခုနှစ်တွင် မြဝတီမဂ္ဂဇင်း၌ 'မောင်ယမုန်' ကလောင် အမည်ဖြင့် 'ချစ်သည်သာ ဆိုရုံမျှနှင့်' ဝတ္ထုတိုကို စရေးသည်။ ၁၉၆၃ ခုနှစ်တွင် 'ငြိမ်းကျော်' ကလောင်အမည်ယူ၍ မြဝတီမဂ္ဂဇင်း၌ပင် 'ကိုဘောဂ' ဝတ္ထုတိုကို ရေးသည်။ သူ၏ ပထမဆုံး လုံးချင်းဝတ္ထုမှာ **နှလုံးသားမြို့ဟောင်းတူးဖော်ချက်အစီရင်ခံစာ** (၁၉၇၅)ဖြစ်သည်။ ယခုဝတ္ထု **မိုးမသောက် မှောင်မိုက် အရိပ်မပြေးမီ** (၁၉၇၆)သည် အချစ်ဝတ္ထုတစ်ပုဒ်ပင်ဖြစ်သော်လည်း သေခြင်းတရားကို ဆန့်ကျင်ဦးတည်ထား၏။

ငြိမ်းကျော်သည် လုံးချင်းဝတ္ထု ၅၄ အုပ်၊ ဝတ္ထုတို ဝတ္ထုလတ် ၁၀၀ ကျော်၊ ဆောင်းပါး ၁၄ ပုဒ်၊ သုတေသနစာတမ်း ခုနစ်စောင်၊ ဝတ္ထုတို သုံးပုဒ်ပေါင်း တစ်အုပ်နှင့် အခြားစာရေးဆရာများနှင့်တွဲဖက်ရေး ဝတ္ထုသုံးအုပ် ထုတ်ဝေခဲ့သည်။ ဝတ္ထုများအပြင် စာပေယဉ်ကျေးမှုဆိုင်ရာ ဆောင်းပါးများကိုလည်း ရေးသည်။ သုတေသနဆောင်းပါးများကိုလည်း အမည်ရင်း 'ဦးမောင်မောင်ကြီး' ကလောင်အမည်ဖြင့် ရေးသားသည်။

၁၉၇၃ ခုနှစ်တွင် 'ငြိမ်းကျော်' ကလောင်အမည်ဖြင့်ပင် သုခနေ့ မနော်ဟရီဇာတ်နှင့် သမိုင်းကြောင်းသုတေသနပြုထားသော ငွေတောင်စာအုပ် တစ်အုပ် ပြုစုခဲ့သည်။ ထိုစာအုပ်သည် ထိုနှစ်အတွက် အမျိုးသားစာပေ သုတပဒေသာ (ဝိဇ္ဇာ) ဆုရခဲ့သည်။

၁၉၉၅ အောက်တိုဘာလ ၁၇ရက်နေ့တွင် အင်းစိန်မြို့၊ ပေါက်တောနေအိမ်၌ ကွယ်လွန်သည်။ ။

**(မလိခ ၏ မြန်မာဝတ္ထုအညွှန်းမှ)**

mgyoe.com

မီမီသွယ်၏သွားရေးလာရေးကိစ္စများအတွက် ကူညီခဲ့ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ် စိစစ်ရေးဌာနစိတ်မှ မိတ်ဆွေများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ဌာနနှင့် ဆက်သွယ်ရေးဌာနရှိ မိတ်ဆွေများ၊ သူဝင်မှုကြီးကြပ်ရေးဌာနမှ မိတ်ဆွေများကို ကျေးဇူးတင်ပါသည်။

ထို့ပြင် မြောက်ဘက် တောင်ကုန်းဒေသသို့ ခရီးထွက်စဉ် စားရေး သောက်ရေး၊ လေ့လာရေးနှင့် ကျန်းမာရေးကိစ္စများကိုပါ ကူညီခဲ့သော အစ်မကြီး ယုဝတီဂျင်းဖောမယ်ကိုလည်း ကျေးဇူးတင်ပါသည်။

မီမီသွယ်၏ ကျန်းမာရေးအတွက် တတ်အားသရွေ့ပြုစုကြသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မင်္ဂလာဒုံစစ်ဆေးရုံတို့ရှိ သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများကိုလည်း ကျေးဇူးတင်ပါသည်။

အထူးသဖြင့် ဒေါက်တာမောင်မောင်ညို၊ ဒေါက်တာမောင်မောင်သန်း၊ ဦးကျော်ခင်နှင့် ဦးမြသန်း (နိုင်ငံခြားရေးဝန်ကြီးဌာန) တို့ကို ကျေးဇူးတင်ရှိပါကြောင်း။

❑

mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com


## [၁]

ချမ်းမြေ့ခြင်းနေခြည်သည် အနောက်ပြတင်းမှန်ချပ်များကို ထွင်းကာ ရွှေအိုရောင်အသွေးဖြင့် ဝင်ရောက်လာသည်။ ကိုယ်ပေါ်တွင် နွေးထွေးမှု အထိအတွေ့ကို ဆွတ်ရုံမျှပင် မခံစားရ။ သို့တစေ ရင်ထဲတွင်မူ ခံစားရမှန်း တစ်ဖန် သိ၍နေပေသည်။ ထို့ပြင် နှလုံးသွေးအခုန်က ပုံမှန်ထက် အတန်ငယ် မြန်လျက်ရှိသည်ထင်၏။ အိပ်ရာမှနိုးသည် နိုးခြင်းတွင်ပင် သူ့ရုပ်သွင်သည် မျက်လုံးအိမ်သို့ဝေ့လာ၏။ သူ့အသံကို ကြားယောင်လာသည်။ သူ့သဏ္ဌာန် သည် အာရုံတွင် အလုံးစုံသော နိမိတ်ပုံအဖြစ်သို့ပြောင်းလဲလာ၏။ တစ်ခဏ အတွင်း သူသည် ကျွန်တော့်ရင်ထဲမှ ကွယ်ပျောက်သွားပြန်လေသည်။

ပြတင်းဘက်သို့ မျက်နှာမူလိုက်သည်။ သစ်ရွက်ကိုင်းခက်တချို့ လှုပ် နေသည်။ မှန်သားပေါ်တွင် ပါးလွှာသောအရိပ်တွေ ရွေ့လျားနေ၏။ သိပ်သည်းခြင်း နည်းပါးလွန်းသောကြောင့် မှန်ရိပ်ရှိရာသို့ လျှောက်သွား၍ နီးလာသည်နှင့်အမျှ ကိုင်းခက်ရွက်ရိပ်တွေက ပျပျသာ ထင်လေတော့သည်။

ဆောက်တည်ရာမရသော လေပြည်သည် ပြတင်းအဖွင့်တွင် တစ်ချက် ဝှေ့လာ၏။ နွေဦးညနေခင်းသည် တည်ငြိမ်လျက်ရှိ၏။ အဆစ်အကောက် များသော အလက်တို့၌ ရွက်ရင့်စိမ်းတွေ ဝေဝေမှိုင်းမှိုင်း။ ကတ္တီပါပင်၊ ဇကရာဇ်ပင်နှင့် ပိန္နဲပင်တွေကြားမှ ဆင်းလာသောနေရောင်သည် ကြည့်ဆဲ တွင် တစ်စတစ်စ ဖျော့ကျလာ၏။ သက်ပြင်းတစ်ချက် ရှူလိုက်မိခိုက်

mgyoe.com

mgyoe.com

သွေ့ခြောက်သော မြေရနံ့ကို မှတ်မှတ်ရရဖြစ်သွားသည်။ ထိုအခါ မျက်လုံးသည် အဝေးသို့ ငေးမိငေးချင် ဖြစ်ရပြန်သည်။ ထိုအငေး ထိုအကြည့်မျိုးကို သတိကြီးစွာထား၍ ကိုယ့်ကိုယ်ကိုယ် ပိတ်ပင်ထားခဲ့သည်မှာ ကြာလှချေပြီ။ ယခုသော် မျက်လုံးအလိုကို ကျွန်တော်လိုက်ပါမိချေပြီဟု ထင်၏။ စိမ်းညို့သော၊ တောင်ကုန်းနိမ့်မြင့်ထူထပ်သော၊ မြေငွေ့တွေဆိုင်းသော အနောက်မိုးကုပ်စက်ဝိုင်းတစ်လျှောက်သို့ မျက်လုံးရောက်လေ၏။ တိမ်အလင်းရောင်ပြန်ဖြင့် ပီပီမြင်ရသမျှ နေရာတိုင်းတွင် ရင်မောစရာတွေ ပြည့်နေသည်ဟု ကျွန်တော် ခံစားရသည်။ သို့ရာတွင် ဖြေသာသည်။

ခွဲခွာသွားခဲ့သူ၏ တမ်းတသံကို ကျွန်တော် ကြားရလေပြီ။

ပြန်လည်ဆုံစည်းရန်လာတော့မည့် သူ့ခြေသံကို ကျွန်တော်ကြားရလေပြီ။

ပျော်မော မောရသော ထိုအမောမျိုးဖြင့်ကား မောစမ်းပါစေတော့။

* * *

ကတ်ပြားတွေကို အမှတ်စဉ်အလိုက်စီပြီးတော့မှ သတိရသည်။ မရှုနှင့် လီဆူး ကတ်ပြားတွေကို ထည့်မစီမိ။ အံဆွဲဗီရိုပေါ်တွင် တင်ထားသည့်အတိုင်း ရှိနေသည်။ ကိုယ့်ကိုယ်ကိုယ် စိတ်ထဲမှ ပြုံးမိချေသည်။ မေ့တတ်လျော့တတ်နေပါပြီကောဟု တွေးမိချေ၏။ စေ့စပ်သေချာသော ကျွန်တော်သည် အယောင်အမှားတွေပင် ဖြစ်နေပြီကိုးဟု ရယ်ချင်လာသည်။ မြန်မာ၊ ပျူ၊ လီဆူး ဘာသာစကားအသီးသီးရှိ တစ်နှစ်သုံးလေးကိန်းဂဏန်းခေါ်ဝေါ်ပုံ စကားလုံးတွေကို နှိုင်းယှဉ်ရေးသားမည့် ကျွန်တော့်ဦးနှောက်တွင် အာရုံတစ်ခု ခုဝင်ရောက်နေကြောင်း ကိုယ်တိုင်သိလေသည်။ စိတ်မဖြောင့်သော ကိုယ့်အဖြစ်ကို အားမလိုအားမရ ပြန်ပြုံးမြင်ရလေ၏။ ကတ်ပြားသုံးလေးဆယ်ကို ပြန်လည်စီရမည်မှာ လက်ဝင်လှသည်တော့ မဟုတ်။ တစ်ခဏအတွင်း ပြီးမည်ဖြစ်သော်လည်း စိတ်ပျက်ခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် လှောင်ပွဲဖွဲ့လိုခြင်းကြောင့် ကတ်ပြားဘူးကို ချလိုက်သည်။ လှမ်းယူပြီးသား ကတ်ပြားတွေကို ဘူးပေါ်တွင် ဖျတ်ခနဲပစ်တင်လိုက်သည်။

"ညောင်းသွားပြီလား၊ သားထိုင်နေတာ ကြာလှပြီပဲ၊ ခဏတစ်ဖြုတ်

mgyoe.com

mgyoe.com


လမ်းလေးဘာလေး လျှောက်လိုက်ဦးလေ"

ဘုရားခန်းဘက်မှ အသံလာရာသို့ လှည့်ကြည့်လိုက်သည်။ အစဉ်သဖြင့် ပြုံးနေသည်ဟုထင်ရသော ကြီးကြီးမေ၏မျက်နှာကို ကြည့်လိုက်စဉ်က အမှတ်မဲ့။ နဖူးပေါ်ရှိ အရေးအကြောင်းလေးတွေနှင့် ပါးရေတွန့်စမျက်နှာကို ယခုမှ သတိပြုမိလေသည်။ ဖြူသောအသားရောင်ကြောင့် ရှိရင်းအသက်ထက် ဆယ့်ငါးနှစ်လောက်လျော့ပြီး လေးဆယ်သာသာခန့်ရှိမည်ဟု ထင်ရ၏။ အကယ်၍ ကျွန်တော့် အိမ်ထောင်ရေးပြဿနာ မပေါ်ပေါက်ခဲ့လျှင် ယခုသို့ပင် အရွယ်ကျဦးမည်မထင်။ သောကတို့မည်သည် တစ်နွယ်ငင်လျှင် တစ်စင်ပါတတ်ချေ၏တကား။

"ကြီးကြီးမေ... ကော်ဖီသောက်တော့မလား၊ ကျွန်တော် ဖျော်လိုက်မယ်လေ"

"စောပါသေးတယ်၊ ခုမှ ကိုးနာရီပဲရှိသေးတာကိုး၊ ပုတီးငါးပတ် ကျန်သေးတယ်၊ သား လမ်းလျှောက်လိုက်ဦး၊ ထမင်းစားပြီးကတည်းက ထိုင်လိုက်တာ တောက်လျှောက်ပဲ၊ အူတောင့်ပြီး ဗိုက်အောင့်နေဦးမယ်၊ ကဲ... ပြောမနေနဲ့၊ ထ... ထ"

တိုင်ကပ်နာရီနှင့် ကျွန်တော့်ဆီကို မျက်လုံးတစ်လှည့်စီရောက်ပြီး ပြောလေသည်။ ကြီးကြီးမေသည် ကျွန်တော် ပြောမည့်စကားကို မစောင့်။ ကလေးသူငယ်တစ်ယောက်ကို ပြောသည့်အတိုင်း ပြောလေသည်။ မှန်ကို ကြည့်သကဲ့သို့၊ ကျွန်တော့်ကို စေ့စေ့ကြည့်နေသည်။ သံယောဇဉ်ကြည့် ကြည့်သောအကြည့်တွင် စမ်းရေ အေးအေးမြမြစိမ့်ဝင်နေသည်ဟု ထင်မှတ်ခံစားရ၏။ ထိုင်ရာမှ မထမချင်း သူ့လက်ထဲရှိ စိပ်ပုတီးသည် အငြိမ်သက်ကြီး ငြိမ်သက်နေပေလိမ့်ဦးမည်။ တင်ပါးနှင့် ကုလားထိုင် ကြိမ်တို့အကြွတွင်

"အိမ်ရှေ့မီးကို အလျှင်ထွန်းဦး၊ လမ်းလျှောက်ရင်း ဟိုတွေးဒီတွေးလည်း တွေးမနေနဲ့၊ မြွေပါးကင်းပါး ကြည့်ပြီးလျှောက်"

စားပွဲပေါ်တွင် လက်ဝါးနှစ်ဖက်ထောက်ထားရင်း သူမမြင်အောင် မျက်နှာလှည့်လိုက်ရသည်။ ကျွန်တော် ပြုံးလိုက်သည်ကို ကြီးကြီးမေ မမြင်စေချင်၊ မြင်လျှင် ဘာပြုံးတာလဲကွဲ့ဟု မေးချင်မေးမည်။ ကလေးပေါက်စနကလေးကို ပြောသလို ပြောနေပြန်ပြီလို့ မင်းပြောမလို့ ပြုံးတာလားကွဟု

mgyoe.com

mgyoe.com


မေးချင်မေးလိမ့်မည်။ စင်စစ်၊ ဟိုတွေး ဒီတွေးဟူသော အပြောကြောင့် ပြုံးမိခြင်းဖြစ်လေသည်။ ဟိုတွေး ဒီတွေးဟူသော အသုံးအနှုန်းနှင့်ဆက်စပ်နေသော အကြောင်းအရာတစ်ခုကို ကြီးကြီးမေ အာရုံမူနေပြီဟု သိလိုက်သည်။ ပုတီးတစ်လုံးနှင့်တစ်လုံးကြားတွင် ချွေးမကို မျှော်သော သံယောဇဉ်က ကန့်လန့်ခံနေပြီလား မဆိုနိုင်။

ကိုယ့်စိတ်ဖြင့်နှိုင်း၍ ကျွန်တော် တွေးကြည့်လိုက်ပေပြီ။

* * *

သူ ကျွန်တော့်ထံ ပြန်လာချင်သည်ဟု ရေးသည့်ပထမစာကို ဖတ်ရစဉ်က အလွန်အမင်း အံ့အားသင့်ခဲ့ရသည်။ တစ်ကြိမ်တစ်ခါ အကြင်နာကင်းခဲ့ဖူးသူ၏စကားကို မယုံကြည်မိ၍လည်း ဖြစ်ကောင်းဖြစ်မည်။ သည်းခြေပေါက်လုမတတ် နာကြည်းနေဆဲလည်း ဖြစ်သောကြောင့် ထင်၏။ တစ်ဆံခြည်မျှပင် ငဲ့ကွက်ခြင်းမရှိခဲ့သော သူ့စိတ်ဓာတ်ကို ကိုးစားရန် အမှန်ခက်ချေသည်။ သူ့စာကိုဖတ်ပြီး ခေါင်းခါခဲ့သည်။ ကြီးကြီးမေသည် ကျွန်တော့်ကို နားမလည်နိုင်သလို ကြည့်ကာ၊ မျက်မှောင်ကုပ်လိုက်သည်။ အိမ်လိပ်စာဖြင့် ရောက်လာသောစာတွေကို ကြီးကြီးမေက အလျင်ဖတ်ပြီးဖြစ်၍ ထိုစာကို မဖတ်ရမီပင် သတင်းစကားအဖြစ် လေ့ကားထစ်တွင် ကြားရသည်။ ကြီးကြီးမေသည် ဝမ်းသာအားရပြောပြသည်။ စာဖတ်နေသော ကျွန်တော့်ကို အကဲခတ်လျက်ရှိသည်။ တစ်စုံတစ်ရာမျှ ပြောင်းလဲလာခြင်းမရှိသော ကျွန်တော့်အပြုအမူကို အားမလိုအားမရ ဖြစ်ပေလိမ့်မည်။ သူ့စာပါ အကြောင်းအချက်တို့သည် ကျွန်တော့်အား စိတ်လှုပ်ရှားစရာပေးမည်ဧကန်ဟု ကြီးကြီးမေ တွက်ခဲ့ဟန်တူ၏။ စောင့်ဆိုင်းရလွန်း၍ သည်းမခံနိုင်ပုံရလေသည်။ ဖွင့်ပင် မေးလေ၏ ။

"သား ဘယ်လိုသဘောရသလဲ"

စာရွက်ကိုပြန်ခေါက်ပြီး အိတ်ထဲသို့ ထည့်နေစဉ် အဖြေစကားရှာရသည်။ အဖြေကို ချက်ချင်းရှာမရ၊ စာအိတ်ကို စားပွဲပေါ်သို့ ပစ်တင်ပြီး မျက်နှာချင်းဆိုင်လိုက်သည်။

"ကျွန်တော် သူ့စကားကို မယုံဘူး ကြီးကြီးမေ"

mgyoe.com

mgyoe.com


ကျွန်တော့်နှုတ်ခမ်းကိုစိုက်၍ ကြည့်နေသည်။ ဆက်ပြောမည့်စကားကို ကြီးကြီးမေ နားစွင့်လျက်ရှိ၏။

"ကြီးကြီးမေ့ သဘောကို ပြောပါဦး"

"သူ တကယ်ပြန်လာချင်လို့ ရေးလိုက်တာဖြစ်မှာပါ"

ကျွန်တော် မဲ့ပြုံးပြုံးမိသည်။

"ဘယ်သူ့ကိုမှ မငဲ့လို့ သူသွားခဲ့တာ၊ ခုတစ်ခါ ပြန်လာချင်ပါပြီဆိုတဲ့ စကားကို ကျွန်တော် ယုံချင်ပါတယ် ကြီးကြီးမေ၊ ပျက်ပြားသွားခဲ့တဲ့ အိမ်ထောင်ရေးတစ်ခုက ပြန်ပြီးတော့ အထိုက်အလျောက် ကောင်းလာမှာကို ဝမ်းသာချင်ပါတယ်၊ ခုတစ်ခါပြန်လာ၊ တော်ကြာပြန်သွား၊ ပြန်မသွားဘူးလို့ ဘယ်သူအာမခံမလဲ၊ ကျွန်တော်က စက်ရုပ်ဆိုလည်းအကောင်းသား၊ မခံစားတတ်တဲ့ သစ်သားစတစ်စ အရုပ်တစ်ရုပ်ဆိုလည်း ဘာအရေးလဲ၊ သူ့ကို အပြစ်ပုံချတယ်လို့ ဖြစ်ချင်ဖြစ်မယ်၊ သမီး မွေး ဆုံးရတာဟာ သူ့ကြောင့်လို့ ကျွန်တော် အတပ်စွဲချင်တယ် ကြီးကြီးမေ၊ မိတကွဲ ဖတကွဲ မနေရဘူးဆိုရင် မွေး ဒီလိုဖြစ်မှာမဟုတ်ဘူး၊ ရေပြောင်းရေလွှဲ၊ ရာသီဥတုကလည်း ဘယ်တူမလဲ၊ ဒီမှာဆိုရင် မွေး ဒီလိုဖြစ်မှာမဟုတ်ဘူး"

ဒေါသငွေ့သည် ကျွန်တော့်မျက်လုံးအစုံကို ဖုံးလျက်ရှိပြီဟု သိသည်။ ကြီးကြီးမေ၏မျက်နှာသည် ဒေါသဖြေပေးသောအကြည့်ဖြင့် ရှိလေသည်။ မသိမသာပြုံးရင်း ပြောလေသည်။

"ဒီလိုလည်း မဥပါဒ်ပါနဲ့ကွယ်၊ သေကံရှိရင် ဘယ်မှာနေနေသေရမှာပါပဲ၊ ဟိုမှာဆို ဒီမှာထက် ဆေးကောင်းရှိတာပဲဟာ၊ သေခြင်းတရားဆိုတာ မီးစာကုန် ဆီခန်းပြီဆိုရင် တားလို့ရနိုင်တာမျိုးမှ မဟုတ်တာ၊ သားသိသားနဲ့ ဒီလိုတော့ အစွဲအလမ်းမထားပါနဲ့"

တင်းထားသော ကျွန်တော့်နှုတ်ခမ်းသည် မပြေသေး။ ပြောရင်းနှင့်ပင် ရင်ထဲတွင် နာကျင်လာသည်။ သမီးကလေး မွေးကို မျက်စိအောက်တွင် မြင်ယောင်လာသည်။ မပီတပီ အခေါ်အဝေါ်စကားတွေကို နားဝယ် ဆတ်ဆတ် ကြားရသလို ရှိလေသည်။

"မွေးကို တိုင်းတစ်ပါးမှာ မြှုပ်နှံဖို့ သူထွက်သွားတာနဲ့ ဘာခြားသလဲ၊ ခုမှ သူဘာအဓိပ္ပာယ်နဲ့ ပြန်လာချင်ရတာလဲ၊ ထွက်သွားတုန်းက ကျွန်တော့်

mgyoe.com

mgyoe.com


ကို သမီးမြင်ရင် သမီးစိတ်မကောင်းဖြစ်မှာမို့လို့ လေယာဉ်ပျံကွင်းကို လိုက်မပို့ဖို့ ရက်ရက်စက်စက်တားခဲ့တယ်။ ဒါတွေကို ကျွန်တော်မေ့ထားလို့ရမလား ကြီးကြီးမေ၊ အသည်းနှလုံးကင်းမဲ့တဲ့ ဒီမိန်းမရဲ့စကားကို ခုတစ်ခါ ကျွန်တော်ယုံရင် ကျွန်တော်လောက် မိုက်မဲတဲ့သတ္တဝါမျိုးရှိပါဦးတော့မလား၊ ဟိုမှာလည်း ယောကျ်ားတွေရှိနေသားပဲ၊ သူအိမ်ထောင်ပြုလိုက်ပေါ့၊ ကလေးတစ်ကျိပ်မက မွေးနိုင်တဲ့အရွယ်ပဲ ရှိသေးတာ၊ မပြောဘူးလို့နေခဲ့တာ၊ အကြောင်းပေါ်လာတော့ ကျွန်တော်ပြောမိတယ်။ သူ့အကြောင်း ပြောလည်း မပြောချင်၊ ကြားလည်း မကြားချင်ဘူး၊ နာတယ် ကြီးကြီးမေ သိပ်နာတယ်"

စကားအဆုံးတွင် ကြီးကြီးမေ၏သက်ပြင်းချသံကို ခပ်တိုးတိုးကြားရသည်။ စူးစူးစိုက်စိုက် ကြည့်နေသော ကြီးကြီးမေ၏မျက်လုံးအစုံကို တွေ့ရလေသည်။ မေ့မေ့ပျောက်ပျောက်နေခဲ့သမျှ အဖြစ်အပျက်တွေကို ပြန်လည်ဖယ်ရှားလို့မရ ဖြစ်လာသည်။

"ဟိုတုန်းကဟာတွေကတော့ ဟိုတုန်းက ကိစ္စပဲသားရယ်၊ ခု သူတော်တော် နောင်တရနေပုံပါပဲ၊ ဒီစာကို ဖတ်ရတာ ကြီးကြီးမေ စိတ်ထိခိုက်လှတယ်ကွယ်၊ သားစဉ်းစားဦးလေ၊ သူ့ဘက်ကိုလည်း ဒီတစ်ကြိမ် ကြည့်ပါဦး"

ကျွန်တော့်မျက်လုံးသည် ကြီးကြီးမေ နှုတ်ခမ်းသို့ စွေ့ခနဲရောက်သွားသည်။ ကျွန်တော့်ပါးပေါ်မှာ တင်း၍ တွန့်သွားသည်။ ပါးစောင်နှစ်ဖက်စလုံးသည် အံသွားတွေနှင့် ဖိကပ်လျက် ရှိသည်။ စေ့ထားသည့် နှုတ်ခမ်းကို အစွာရခက်လျက် ရှိသည်။ သွားတက်နှင့် အတွင်းနှုတ်ခမ်းတို့ ခပ်ပြင်းပြင်းကိုက်မိလျက်သား ဖြစ်နေ၏။ အသံငြိမ်အောင် ကြိုးစားပြီးမှ ပြန်ပြောလိုက်ရသည်။

"အလျင်တစ်ကြိမ်တုန်းကလည်း ကျွန်တော့်ဘက် ကျွန်တော် မကြည့်ခဲ့ပါဘူး၊ မကြည့်ခဲ့လို့လည်း အိမ်ထောင်ရေးတစ်ခုလုံး အမြွာမြွာပြိုကွဲခဲ့ရတာပဲ ကြီးကြီးမေ၊ ကျွန်တော် အမျိုးမျိုးတားခဲ့တာ ရမှမရတာ၊ သွားတုန်းကတစ်ကြိမ် ကျွန်တော် ရင်နာခဲ့ရတယ်၊ မွေးဆုံးတော့ အမြင့်ဆုံး အဆိုးရွားဆုံး ခံစားခဲ့ရတယ်၊ ခုမှတော့ မထူးတော့ပါဘူး၊ ငရဲက ပြန်လာခဲ့တဲ့နောက်တော့ ခုကိစ္စက ပြာပူသာသာလောက်ပါ၊ ကျွန်တော့်ဆီပြန်လာဖို့ ဘယ်တော့မှ

mgyoe.com

စိတ်မကူးပါနဲ့လို့ ရေးလိုက်မယ် ကြီးကြီးမေ"

"အို... ဒီလောက် မြန်မြန်ဆန်ဆန်ကြီး မရေးပါနဲ့ဦး သားရယ်"

ထိုစကားကို လွန်ဆန်ရန် စိတ်ကူးသည်။

"ပြတ်ပြီးသား ကြိုးစကို ပြန်ဆက်ရမှာ ကျွန်တော် ဝန်လေးတယ် ကြီးကြီးမေ"

"သားပြောတာတွေ ဟုတ်ပါတယ်၊ ဒါပေမဲ့... အဲဒီတုန်းက သူသိပ် ငယ်ပါသေးတယ်၊ နှစ်ဆယ့်သုံးနှစ်ပဲ ရှိသေးတာကိုး၊ ဘယ်ချင့်ချိန်နိုင်ဦးမလဲ သားရယ်၊ မဟုတ်ဘူးလား"

"စိတ်ချမ်းသာမယ်ထင်လို့ သူ ဟိုမှာသွားနေတာ စိတ်မချမ်းသာပြန် ဘူးဆိုတော့ ကျွန်တော် ဘာတတ်နိုင်မလဲ၊ ကျွန်တော်သွားခိုင်းတာ မဟုတ် ဘူး၊ သူ့သဘောနဲ့သူ သွားတာပဲဟာ"

"ဟုတ်ပါတယ် သားရဲ့၊ ခုလည်း သူ့သဘောနဲ့သူ ပြန်လာမယ့်ဥစ္စာ"

စိတ်ပြေရာပြေကြောင်း အရွှန်းဖောက်၍ ပြောသည်။ ကျွန်တော့်စကားက အခိုက်အတန့်အားဖြင့် ရပ်သွားသည်။ ပြောမည်ဟု နှုတ်ခမ်းပြင်စဉ် ကြားရ၏။

"ဒီလိုလုပ်လေ၊ သူ့ဆီပြန်ရေးတဲ့စာထဲမှာ ပြန်လာပါလို့လည်း သား မပြောနဲ့၊ ပြန်မလာနဲ့လို့လည်း သားမပြောနဲ့၊ ဟုတ်လား၊ စောင့်ကြည့်ရ အောင်၊ ဘယ်နှယ့်လဲ၊ ဒါကိုတော့ သားလက်ခံနိုင်လိမ့်မယ် ထင်တယ်"

တက်သာ ဆုတ်သာအောင် ပြောလာသော ထိုစကားကို ကျွန်တော် အငြင်းခက်ရချေပြီ။

"စိတ်နာစရာတွေကို သား ပြန်ပြီးမတွေးပါနဲ့လို့ ကြီးကြီးမေ မပြောချင် ပါဘူး၊ အစအဆုံး ပြန်တွေးပါ၊ နာကြည်းခံပြင်းစရာ အားလုံးကို အစွမ်းကုန် ပြန်တွေးလိုက်ပါ၊ ဒါပေမဲ့... နောက်ဆုံးအကြိမ်အနေနဲ့ပဲ ဖြစ်စေချင်တယ်"

ကြိမ်ဖန်များစွာ ပြန်လာတွေးမိခဲ့ခြင်းတို့ကို ကြီးကြီးမေ မသိ။ မဆုံး နိုင်သော ထိုဝေဒနာအတွေးတို့သည် တိုင်းတစ်ပါးသို့ သူအပြီးတိုင် သွား ရောက်နေထိုင်လိုကြောင်း စတင်ပြောရာ ညမှအစပြုလေ၏။ ရင်ထဲမှ အပူ တို့၏သဘောကား ငုံးဆူခြင်းနှင့် အတူတူပင် ဖြစ်ပေလိမ့်မည်။ လူမသိသည် မှတစ်ပါး မခြားလှ။ တား၍ရမည်အထင်နှင့် တားခဲ့သည်။ ထားရှိသည့်

mgyoe.com

mgyoe.com


သူ့သံယောဇဉ်ကို ကျွန်တော် မြင့်၍ တွက်မိခဲ့သည်။ တားသည့်လက်နှင့် ခါသည့်ခေါင်းတို့သည် ရန်စွယ်ငေါမည့်အဆင့်သို့ ရောက်လာခဲ့သည်။ ကျွန်တော်သည် သူ့အိမ်ဦးနတ်အဆင့်မှ လျှောကျခဲ့သည်မှာ ဩစတြေးလျ သံရုံးသို့ သူတို့မိသားစုမသွားမီတစ်ရက်။ ထိုရက်၏ည။ ထို့ပြင် ထိုညသည် သူနှင့်ကျွန်တော် လက်ထပ်နှစ် စတုတ္ထနှစ်လည်ပြည့်ခါနီး ငါးရက်အလို။ ပြာသိုလပြည့်ည။

အလျှံညီးညီးဖြင့် လောင်ကျွမ်းသော ဆောင်းညဥ့်လယ်ပေတကား။

* * *

"သွယ့်အတွက်လည်း စဉ်းစားပါ၊ နောက်... သမီးအတွက်လည်း စဉ်းစားပါ၊ ကိုယ့်ကိုတော့ နောက်ဆုံးနေရာထားပြီး သွယ်စဉ်းစားပါ"

ယခုမှ တွေးမိသည်။ ထိုစကားကို ပြောလိုက်ချိန်တွင် ကျွန်တော့်အနေအထားသည် ကျို့လွန်းရာကျသည်ဟု။ ထိုစဉ်ကမူ သုံးဦးသုံးကြောင်းအတွက် စဉ်းစားနိုင်ပါစေတော့ဟူ၍ တွက်ဆပြောခဲ့ခြင်းသာ ဖြစ်လေသည်။ တစ်လွန်းတည်း ကျစ်သော ကြိုးထက်၊ သုံးလွန်းတင်လျှင် ပို၍ခိုင်ကောင်းခိုင်မည် ထင်ခဲ့သည်။ သို့သော် အလွန်းပေါင်း အရာတစ်ထောင်တင်၍ ကျစ်စေကာမူ၊ ဖြတ်တောက်စေလိုသူ၏လက်၌ ပြတ်အောင်ဖြတ်နိုင်သည့်တစ်ခုခုက ရှိစမြဲတည့်။

"ရှင်လိုက်ချင်ရင် လိုက်ခဲ့ပေါ့၊ ကျွန်မကိုတော့ မတားနဲ့ ကိုစောလွင်"

ယတိပြတ်စကားက မခံချင်စိတ်ကို အမှန်ပင် ဆွသည်။ ပြောပြီးသားစကားကိုပင် ကျွန်တော် ပြန်ပြောမိသည်။

"ကိုယ် ဘယ်လိုလုပ်ပြီး လိုက်နိုင်မလဲ သွယ်၊ ကိုယ်တတ်တဲ့အလုပ်နဲ့ အဲဒီကိုလိုက်ဖို့နဲ့က ကဏ္ဍကောစပဲ၊ ကိုယ်သွားရမယ့်နေရာက မြန်မာပြည်မြောက်ဖျားက တိုင်းရင်းသားတွေဆီကို၊ သူတို့ဘာသာစကားကို လေ့လာဖို့က ကိုယ့်အလုပ်၊ သူတို့အားလုံးကို ဩစတြေးလျ ကိုယ်ခေါ်သွားလို့ မဖြစ်နိုင်တာပဲ၊ တိုင်းရင်းသားတွေရှိတဲ့အရပ်မှာ ကိုယ်နေရမှာပဲ သွယ်၊ ဆယ်သက်ဆယ်ဘဝလေ့လာလို့မကုန်တဲ့ ဒီနေရာကို ကိုယ်မခွာနိုင်ဘူးသွယ်၊ သွယ်လိုက်မသွားဖို့ ကိုယ်တောင်းပန်တယ်လေ"

mgyoe.com

mgyoe.com


တင်းမာသော မျက်နှာနှင့်ယှဉ်၍ တစ်ခွန်းစကားသာ သူ ပြောမြဲ ပြောသည်။

"ဒါဖြင့်လည်း ရှင်နေရစ်ခဲ့ပေါ့"

"သွယ် မလိုက်ရဘူး၊ သဘောတူကြောင်း ကိုယ်လက်မှတ်ထိုးမပေး နိုင်ဘူး"

တစ်ဖက်သို့လှည့်ခါစ သူ့မျက်လုံးသည် ကျွန်တော့်ဘက်သို့ ဖျတ်ခနဲ ရောက်လာ၏။ ထို့နောက် တဖြည်းဖြည်းနီးလာ၏။ ပျော့ပျောင်းခြင်း စိုးစဉ်း မရှိသော အကြည့်ဖြင့်...

"အဲသလိုဆိုရင် ကျွန်မကိုယ်ကျွန်မ သတ်သေလိုက်ရုံပေါ့၊ ရှင်းပါ တယ်"

"ဘာပြောတယ်၊ သတ်သေလိုက်ရုံပေါ့၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ သတ်သေတာတောင် တစ်ယောက်တည်း မဟုတ် ဘူး၊ မွေးကိုလည်း မထားခဲ့ဘူး"

"သွယ်စကားပြောတာ သိပ်ရင့်သီးလွန်းတယ်။ ကိုယ့်ကိုလင်သား တစ်ယောက်လို့ သဘောမထားတော့တဲ့အနေမျိုး"

"လင်သားတစ်ယောက်လို သဘောထားလို့ အတူလိုက်ခဲ့ဖို့ အာပေါက် အောင် ခေါ်နေတာပေါ့"

"ကိုယ် မလိုက်နိုင်တဲ့အကြောင်း ပြောခဲ့တာလည်း အပ်ကြောင်းထပ် နေပါပြီ"

နီထွေးသောနှုတ်ခမ်းသည် မဲ့ပြုံးကြောင့် မလှပ။ နာပျော်ဖွယ်မရှိသော အသံကို ကျွန်တော် ကြားရပြန်ချေ၏။

"ကျွန်မကလည်း ဒီမှာမနေနိုင်တဲ့အကြောင်း ရှင့်ကို ပြောပြခဲ့ပြီးပြီပဲ"

"ဦးလေးနဲ့အဒေါ်ကို ကိုယ်တစ်ခါထပ်ပြီး ပြောရလိမ့်မယ်သွယ်၊ သွယ့်ကို မခေါ်ဖို့ အကြောင်းနဲ့ မထည့်နိုင်တဲ့အကြောင်း၊ သူတို့ဟာ သူတို့ သွားချင်သွားပါစေ၊ သွယ်လိုက်သွားဖို့ မသင့်ဘူး"

ဆတ်တောက်တောက် စကားက ရင်ဝသို့လာ၍ ဆောင့်ဝင်၏။

"ဩော်... မေမေတို့က မခေါ်ပါဘူး၊ ကျွန်မကိုယ်နှိုက်က လိုက်ပါရ စေလို့ ပြောတဲ့ဥစ္စာပဲ ကိုစောလွင်"

mgyoe.com

mgyoe.com


လျှော့ညည်း ညည်းရာကျသော စကားတစ်ခွန်းက နှုတ်မှ လွတ်ခနဲ ထွက်သွားသည်။

"ဘာအကြောင်းနဲ့ သွယ်လိုက်သွားချင်မှန်း ကိုယ်မစဉ်းစားတတ်ဘူး"

အဓိပ္ပာယ် မသိနိုင်ရာ ရယ်သံတစ်ချက်ကြားရ၏။ ထို့နောက်

"ရှင် ဒီမှာနေချင်တဲ့အကြောင်းကတော့ ကျွန်မ နားလည်ပါတယ်၊ ကျွန်မစိတ်ထဲမှာရှိတဲ့အတိုင်း ပြောရရင် လိုက်လာချင်တဲ့နေ့ကျရင် လိုက်လာပါ၊ ကျွန်မ စောင့်နေမယ်၊ ကျွန်မ ပြန်လာဖို့ဆိုတာကိုတော့ မမျှော်လင့်ပါနဲ့တော့လေ"

ဦးခေါင်းတစ်ခုလုံး ကျဉ်တက်သွားသည်။ နောက်ဆုံးစကားဟု ကျွန်တော် သိသည်။ ပြင်ချက်မရှိသော အစီအရင်ဟု သဘောပေါက်သည်။ မာန်မာနနှင့် ခံပြင်းစိတ်တို့၏အရှိန်ဖြင့် အရုပ်ကြိုးပြတ်အဖြစ်သို့ကား မရောက်စေခဲ့။ တစ်သက်တာ ကျက်စရာမမြင်သော အနာဒဏ်ရာကြီးတစ်ခုသည် ရင်၌ ကိန်းအောင်းဖြစ်ပေါ်ခဲ့ချေပြီ။ ဘဝတစ်လျှောက်လုံးတွင် ခလုတ်လည်းထိ၊ ဆူးလည်းငြိစေသော ဘာသာစကားတစ်ခုကို မမှတ်ထင်စွာ ကြားရချေသည်။ ခွဲခွာခြင်း၊ ပြိုကွဲခြင်းတို့ကို သယ်ပိုးလာသော စကားပေကား။

ပြောသူအဖို့ မေ့ကောင်းမေ့မည်။ တစ်ခဏအတွင်း...

ကြားရသူအတွက်သော် မမေ့လိုက်သည်ဖြစ်ခြင်း။

* * *

မြက်ခြောက်ရှည်တွေ လဲ၍နေသည်။ သွေ့နေသော မြေမျက်နှာပြင်ပေါ်တွင် သဲစပ်စပ်တင်လျက်ရှိ၏။ လေးငါးဆယ်ခေါက် လျှောက်လိုက်သောကြောင့် ခြေရာတွေကိုမြင်ရ၏။ သက်ရင်ကြီးပင်ခြေရှိ ထိုင်ခုံတွင် ထိုင်လိုက်၏။ အပူဝေ့သော ဦးနှောက်သည် ပကတိအတိုင်းပြန်လည်ဖြစ်လာ၏။ ကျွန်တော်ရေးရမည့်စာကို စိတ်ထဲတွင် စီကြည့်မိသည်။

..... ကိုယ့်ဆီကို မင်း ဘာဖြစ်လို့ ပြန်လာချင်တယ်ဆိုတာ ကိုယ်တွေးလို့မရဘူး။ ရပ်ဝေးမြေခြားတိုင်းတစ်ပါးမှာ မင်းနေချင်လို့ မင်းထွက်သွားခဲ့ပြီပဲ။ ကိုယ့်ကိုစွန့်ခွာတဲ့ မင်းခြေလှမ်းတွေက ဘယ်လောက်ရဲတင်းစိမ်းကားလွန်းတယ်ဆိုတာ မင်းအခုဆို စာနာကောင်း

mgyoe.com

ပါရဲ့။ အမှန်ကတော့ မင်းတို့သွားမယ်ဆိုကတည်းက ကိုယ်သွေးကြောင်ခဲ့တယ်။ ဘယ်ပုံဘယ်နည်းနဲ့ နေနေခဲ့ရမယ်ဆိုတာကို မတွေးဝံ့ခဲ့ဘူး။ မင်းသြစတြေးလျကိုရောက်မှ ကိုယ်ရေးခဲ့တဲ့ စာပေါင်းဟာ ဒီစာပါမှ ဆယ့်သုံးလေးစောင်ပဲရှိမယ်။ သုံးနှစ်ခွဲအတွင်း ရေးခဲ့တဲ့ အဲဒီစာတွေမှာ ကိုယ် ဘယ်လိုခံစားရတယ်ဆိုတာ တစ်လုံးတစ်ပါဒ ကိုယ်မရေးခဲ့ဘူး။ မင်း ပြန်လာချင်တယ်ဆိုတဲ့စာကိုရမှ ရေးချင်စိတ်ပေါ်လာတယ်။ အလျင်က အဲဒီအကြောင်းတွေ မရေးဖြစ်ခဲ့တာက ရေးမရအောင် ရင်ထဲမှ တင်းကျပ်လွန်းနေတာကြောင့် ဖြစ်မလားမသိဘူး။ မွေး နေထိုင်မကောင်းဖြစ်တယ်၊ မွေးကို ဆေးရုံတင်ရတယ်၊ မွေးဆုံးသွားပြီဆိုတဲ့ စာတွေကို ရတုန်းကလည်း အဆမတန်ခံစားရလွန်းလို့ထင်ပါရဲ့။ ရေးမရခဲ့ဘူး။ ကိုယ့်ဆီကို ပြန်လာချင်ပါတယ်လို့ မင်းရေးတဲ့စာကို မရခင် နှစ်ပတ်လောက်မှာတုန်းက စာရှည်ကြီး တစ်စောင်ရေးခဲ့တယ်၊ မင်းဆီကို မပို့ဖြစ်ခဲ့ဘူးလေ။ ကိုယ့်စာကိုယ်ပြန် မဖတ်ချင်လို့ မီးရှို့ပစ်လိုက်တယ်။ တစ်ကြောင်းကလည်း မင်းဖတ်ရရင် စိတ်ဆင်းရဲမှာစိုးလို့ပဲ။ တကယ်ဆိုရင် အဲဒီစာကို မင်းဆီထည့်ဖြစ်အောင် ထည့်ဖို့ကောင်းတယ်။ မွေးဆုံးတဲ့အတွက်ကြောင့် မင်းသိပ်စိတ်သောကတွေများနေရပါတယ်ဆိုတာ ကိုယ်သိတယ်၊ သိသိကြီးနဲ့ မပို့ဖြစ်တာကိုက ကိုယ်ပျော့ညံ့တာပဲ။ မင်းရက်စက်တတ်တာမျိုးရဲ့ ဆယ်ပုံတစ်ပုံတောင်မှ ကိုယ့်မှာ မရှိလို့ဖြစ်မှာပါ၊ ထားတော့လေ... တစ်ချိန်ကတော့ ကိုယ်က မင်းကြိုးဆွဲရာကရတဲ့ ရုပ်သေးကလေးပါပဲ။ ခုဆိုရင် ဒီရုပ်သေးရုပ်ကလေးမှာ ဘာကြိုးမှမရှိတော့ဘူး၊ ပြီးတော့... တစ်ခုပြောရဦးမယ်။ မင်းနေချင်တဲ့ အနေအထိုင်၊ မင်းစိတ်ချမ်းသာမယ်ထင်ခဲ့တဲ့ ပတ်ဝန်းကျင်ကို ခုတစ်ခါ မင်းဘာလို့ စွန့်ခွာချင်ပြန်ပြီလဲ။ စိတ်ချမ်းသာစရာတွေ ပျော်စရာတွေကို မတွေ့တွေ့တဲ့အထိ ရှာဖွေရင်း အဲဒီမှာပဲ အသက်ထက်ဆုံး နေစေချင်တယ်။ ဒီစကားဟာ ရင့်သီးတယ်ထင်ရင်လည်း ထင်ပေါ့လေ။ မင်းကို...

အိမ်ရှေ့တံခါးဖွင့်သံကြောင့် အတွေးတုံ့သွား၏။ လှမ်းကြည့်သော အခါ ကြီးကြီးမေသည် ကျွန်တော်ရှိရာသို့ ရှာလျက်ရှိ၏။ ဆင်ဝင်အောက်

mgyoe.com

mgyoe.com


မီးအလင်းရောင်ကို လက်ဖြင့်ကာပြီး ကြည့်၏။ လှေကားထစ်ဆင်းလိုက်သည်တွင်...

"ကျွန်တော် ဒီမှာပါ ကြီးကြီးမေ"

အောက်တစ်ထစ်ဆင်းမည့်ခြေလှမ်းကို ရပ်လိုက်ရင်း...

"အထဲဝင်တော့လေ၊ ဆယ်နာရီထိုးပြီးပြီ၊ ကော်ဖီသောက်ရအောင်"

ကော်ဖီဖျော်ရမည်ကို အကြောင်းပြုကာ အိမ်ထဲသို့ ဝင်ခိုင်းခြင်းဖြစ်ပေမည်။ ထိုင်ရာမှ အထတွင် အတွေးစာသားတွေ ဖရိုဖရဲဖြစ်ကုန်လေသည်။ မြက်ခြောက်တို့သည် နွေသဲပွင့်များနှင့်အတူ ကျွန်တော့်ခြေဖဝါး၏နောက်တွင် ညွတ်ကာညွတ်ကာ ကျန်ရစ်ခဲ့သည်။ အိမ်ထောင့်သို့ ရောက်တော့မှ ကြီးကြီးမေအပေါ်သို့ ပြန်တက်သွားသည်။ တံခါးပိတ်၊ သံမင်းတုပ်ထိုးပြီး ကိုယ်ကိုအလှည့်တွင် မေးလိုက်သည်။

"ကြီးကြီးမေ... တော်တော်ဆာပြီလား"

ထမင်းစားခန်းရှေ့တွင် ရပ်နေသော ကြီးကြီးမေက တစ်ချက်ပြုံး၍ ဖြေသည်။

"ညစာစားလို့ သိပ်ပါးစပ်မတွေ့ဘူးကွယ်၊ နည်းနည်းဆာသလိုပဲ၊ ကြီးကြီးမေ ကော်ဖီဖျော်ပြီးပါပြီ၊ သားလည်း ခုပဲသောက်လိုက်လေ၊ ခပ်နွေးနွေးလောက်ရှိမှာပါ"

ကျွန်တော် ထင်သည့်အတိုင်းပင်။ ခြံထဲတွင် လမ်းလျှောက်သည်မှာ သိပ်မကြာ။ တန်းလျားတွင် အထိုင်ကြာခဲ့သည်။ တစ်နေရာရာတွင် ကျွန်တော်စွဲမြဲစွာ ထိုင်နေပြီဆိုက အပြောင်းအလဲဖြစ်သွားအောင် ကြီးကြီးမေပြုနေကျ။ စာရေးခြင်း၊ စာဖတ်ခြင်း အလုပ်နှစ်ခုကိုပင်လျှင် သူအကဲခတ်၍ ကြည့်တတ်မှန်း ကျွန်တော် သတိထားမိ၍ သိလေသည်။ စာမျက်နှာတွေကို လှန်သင့်လှန်ထိုက်ချိန်ထက် ကြာရှည်စွာ နှောင့်နှေးနေလျှင် စကားလှမ်းပြောတတ်သည်။ စာရေးနေသောလက်က တွန့်ဆုတ်နေလျှင်၊ ကြီးကြီးမေအနားသို့ ရောက်လာတတ်သည်။ အကြောင်းတစ်စုံတစ်ရာကြောင့် ကျွန်တော်၌ ငြိမ်သက်ခြင်းမရှိစေရန် လိုလားနေပုံရသည်။ မလှုပ်မယှက်အငြိမ်သက်ကြီး ငြိမ်သက်ခြင်းသည် ကျွန်တော့်တွင် ဘေးဒုက္ခပမာဖြစ်လိမ့်မည်ဟု သဘောပေါက်ဟန်ရှိ၏။ ကျွန်တော့်အတွက် စိုးရိမ်မကင်းဖြစ်ရရှာသူ၏ မျက်လုံးကို

mgyoe.com

mgyoe.com

အထူးတလည်သတိထားကာ နေထိုင်ရခြင်းသည်ပင် အလုပ်ကြီးတစ်ခု ဖြစ်လာချေတော့၏။ သို့သော် ကျွန်တော့်ဦးခေါင်းထဲရှိ ဦးနှောက်နှင့် ကျွန်တော့်ရင်ထဲရှိ နှလုံးသည်းပွတ်တို့ကို တစ်စက္ကန့်မလပ် စောင့်စည်းထိန်းသိမ်းရန်အထိကား၊ ကျွန်တော်မနိုင်စားခဲ့။ မွေး မကွယ်လွန်မီအထိ သုံးနှစ်တာကာလအတွင်း တစ်ခါတစ်ရံ ယိမ်းယိုင်မိသော အာရုံကို ကျွန်တော့် သဏ္ဍာန်တွင် မထင်စေခဲ့။ တုန်လှုပ်သောအမူအရာကို သူတစ်ပါးမမြင်သာစေခဲ့။ မွေးမရှိတော့ပြီဟု သိသည့်အချိန်တွင် ပြိုမှန်းမသိပြိုကျနေသော ကိုယ့်စိတ်ဓာတ်ကို ပကတိအတိုင်းဟု ထင်သေးသည်။ နှစ်ပတ်အကြာလောက်မှာ ခရီးထွက်ရသောအခါ လမ်းတစ်လျှောက် အတွေးများက မွေးတို့သားအမိနှင့် မပတ်သက်။ ကိုယ့်ကိုယ်ကိုယ် အံ့သြယူရလေသည်။ အင်းသား၊ တောင်ရိုး၊ ဓနုဘာသာစကားအတွက်သာ စိတ်စောလျက်ရှိသည်။ အင်းလေးတွင် မေးစရာရှိမေး။ မှတ်စရာရှိမှတ်။ အသံသွင်းယူစရာ သွင်းယူပြီး မပြန်မီ ညနေကျမှ အနားယူလိုက်သည်။ ဒေသခံမိတ်ဆွေက ပဲ့ချိတ်စက်လှေဖြင့် လျှောက်လည်ရာသို့ လိုက်ပို့ပေးသည်။ လှေဦးကခွဲ၍ မြွာသွားသော ရေတွေ၊ စက်သံတွေ၊ ပန်ကာရေယက်၍ ရေစက်ရေမှုန်တွေ တဖွားဖွားကျန်ခဲ့သည်။ အင်းလေးရေပြင်ထဲမှာ မွေး၏ပုံပန်းလက္ခဏာတွေက ရုတ်ခြည်းရောက်လာသကဲ့သို့ ခံစားရ၏။ 'မင့်သမီးက ပဲ့ချိတ်မော်တော်စီးရတာကို အကြိုက်ဆုံးပဲတဲ့၊ ဖေဖေ့ကို ဘဘသွားခေါ်ပါလားတဲ့၊ ဖေဖေ့ကို မောင်းခိုင်းမယ်တဲ့၊ သူ့ဘွားအေက စိတ်တော်တော်မကောင်းဘူးဖြစ်သွားတာပေါ့ကွာ...' စာပိုဒ်ကို သတိရသည်။ သူ့ဖခင်သည် မြေး၏အပြောအဆိုအလေ့အထတွေနှင့် စပ်လျဉ်း၍ ရေးရိုးရေးစဉ်ရေးခဲ့ခြင်းသာ ဖြစ်ပေလိမ့်မည်။ ယခုသော် ဆက်စပ်စရာတစ်ခု ဖြစ်လာသည်နှင့်အမျှ လိုက်ခနဲခံစားလိုက်ရသည်။ ဝေဒနာနှင့်ယှဉ်လာပြီဆိုလျှင် ကိုယ်နှုတ်နှလုံးသုံးပါးကို စောင့်သော ကိုယ့်စောင့်နတ်သည် တန်ခိုးဣဒ္ဓိပါဒ်ကြီးမားစွာဖြင့် ရောက်တတ်သလားမသိ။ သုတေသနနတ်သည် နောက်သို့ ခပ်ရှိ့ရှိ့ရွေ့သွားကြောင်း ရက်အတန်ကြာတော့မှ သတိပြုမိ၏။

ပရိဒေဝမီးတို့သည် ခြေသံလုံစွာဖြင့် လာတတ်ချေသည်ဟု ယခုမှ ပို၍ သိရပေပြီ။

❑

mgyoe.com

mgyoe.com


# [၂]

စကားပြောခွက်ကို လက်ဝါးနှင့် အုပ်လိုက်ပြီးပြောသည်။

"ထိုင်ပါ ဦးစောလွင်၊ ခဏကလေးဗျာ"

"ဟုတ်ကဲ့... ကိစ္စမရှိပါဘူး"

သူခေါ်ခိုင်း၍ လာရခြင်းဖြစ်သော်လည်း တယ်လီဖုန်းပြောခိုက်နှင့် ကြုံနေသည်။ ကိုယ်ကို ခပ်လျှဲလျှဲထိုင်ကာ နေရ၏။ လေအေးစက်သံကို တစ်ခါတလေ စိတ်ရောက်သည်။ အပြာနုရောင် အခန်းနံရံကို မျက်လုံးရောက်ချင်ရောက်သည်။ မြန်မာနိုင်ငံရှိ ဘာသာစကားများပြရာ မြေပုံသို့ အကြည့်ရောက်ချင်ရောက်သည်။

ထိုကြားထဲမှ "အဲဒီကိစ္စပြီးရင် ဘတ်ကလေတက္ကသိုလ်နဲ့ ကျွန်တော်တို့နဲ့ စာအုပ်စာတမ်းဖလှယ်ဖို့ အစီအစဉ်ကို မြန်မြန်လေး လုပ်ပေးစမ်းပါဦး၊ ဝန်ကြီးဆီတင်တဲ့ ခင်ဗျားတို့ အုပ်ချုပ်ရေးဌာနကစာကို ကျလာဖို့လည်း လုပ်ပါဦးဗျ၊ ဪ... ဟုတ်လား ကျွန်တော့်ဆီ စာမဝင်သေးဘူး၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ မှာလို့ရောက်လာလည်း တင်လိုက်ရုံပေါ့... ခုတော့... မော်တော်ကားမီးလုံးနဲ့ ထရန်စဖော်မာတွေ ဘာတွေခံပြီး စက်မှာ ထပ်ထား

mgyoe.com

mgyoe.com

တယ်ဗျ၊ ရူပဗေဒဌာနက ဆရာတစ်ယောက်လာလုပ်ပေးသွားတာပဲ၊ မိုက္ကရို ဖလင်ဖတ်စက်က မီးသီးကျွမ်းရင် ဒီအတိုင်း အကြံအဖန်လုပ်လို့ရတဲ့ အကြောင်း သတင်းစာ ဆောင်းပါးရေးလို့တောင် ရတယ်။ ဟား... ဟား... ဒါပေါ့ဗျာ... ဟုတ်ဘူးလား... ဟဲ... ဟဲ" အသံအဆုံးတွင် ဖုန်းကို ပုခက်ပေါ် သို့တင်လိုက်၏။

ပြုံးရယ်သော မျက်နှာရှိန်နှင့် မေးသည်။

"တခြားမဟုတ်ပါဘူးဗျာ၊ ဆရာမတစ်ယောက်က မြန်မာ့ဆွေခုနစ် ဆက် မျိုးခုနစ်ဆက်အခေါ်အဝေါ်နဲ့ပတ်သက်ပြီး စာတမ်းတစ်စောင်ရေးဖို့ ရှာဖွေနေတယ်၊ ခင်ဗျားနဲ့ တစ်ခါစပ်မိတာ ရှိပါတယ်၊ နာခီလား၊ လော်လော် လားမသိဘူးလေ၊ အဲဒါလေး ခင်ဗျားဆီက အကူအညီလိုချင်လို့"

ထွေပြားနေသော အာရုံကြောင့် ချက်ချင်း သတိမရ။ ခဏကြာမှ တွေး၍ရ၏။

"ဩော်... ဟုတ်တယ်... ဟုတ်တယ်၊ နာခီမဟုတ်ဘူး ဆရာ၊ လော်လော်ပါ၊ အာရှရေးရာ သုတေသနဂျာနယ်လေ၊ ဟားဗတ်တက္ကသိုလ် ဂျာနယ်ထဲမှာ ပါတယ်ဆရာ၊ ဂျာနယ်အတွဲအမှတ်တော့ ကျွန်တော့်အခန်းထဲ က မှတ်စုစာအုပ်ထဲမှာ ရှိပါတယ်၊ ရပါတယ်၊ တခြားလူမျိုးစုတွေရဲ့ ဆွေစဉ် မျိုးဆက်အခေါ်တွေလည်း ကျွန်တော် မှတ်ထားတာ ရှိတယ်ဆရာ။ ကျွန်တော် ပေးမယ်လေ"

ဌာနမှူးက ဝမ်းသာအားရ ပြောသည်။

"ဒါဖြင့် ဟန်ကျတာပေါ့ဗျာ၊ မနက်ဖြန်ကျရင် ခင်ဗျားဆီ ကျွန်တော် လွှတ်လိုက်မယ်၊ ဒါထက်... လော်လော်နဲ့ မရှုမှာရှိတဲ့ စိတ်လှုပ်ရှားတာနဲ့ ပတ်သက်တဲ့ဟာတွေများ ခင်ဗျားဆီမှာရှိမလား။ ဥပမာဗျာ... မျက်ရည်ကျ တာတို့ ဒေါသဖြစ်တယ်ဆိုတာတို့ပေါ့"

ကျွန်တော် မမှတ်သားမိ။ ထို့ကြောင့်...

"အဲဒါတော့ အမှတ်တမဲ့ပဲ ဆရာ၊ ရှိလည်း အသံနိမ့်မြင့်အထိတော့ သိရမှာမဟုတ်ဘူးလေ၊ ဘာဖြစ်လို့ဆိုတော့ အဘိဓာန်အရသိရတာကိုး၊ ရှိတာ က နာခီနဲ့ ရှီရှာပဲရှိတယ်၊ ဘာလုပ်ဖို့လဲ ဆရာ"

"စာရင်းစုထားမလို့ပါ၊ စုပြီးမှတစ်ထောင့်ထောင့်က လေ့လာချင်တာ

mgyoe.com

mgyoe.com

လေ့လာလို့ရအောင်ပေါ့ဗျာ"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"နေ့လယ်လောက်ကျရင် ဗဟိုစာကြည့်တိုက်ကို ကျွန်တော်သွားမယ်"

"ဟုတ်ကဲ့... ဪ... ဒါထက် မြောက်ပိုင်းဒေသကို သုတေသနခရီး ထွက်ဖို့ ကိစ္စလည်း အဆင်ပြေပါလိမ့်မယ်၊ ဖြည်းဖြည်းပေါ့"

ဌာနမှူး၏အခန်းထဲမှ ထွက်လာသည်တွင် မျက်ရည်ဟူသော စကား လုံးနှင့် ဒေါသဟူသော စကားလုံးသည် ကိုယ်နှင့်မကွာပါလာလေသည်။

* * *

ရေတမာပင်တန်းတွေအောက်မှ လျှောက်လာခဲ့သည်။ ကျောင်းပိတ် ထားချိန်ဖြစ်၍ လမ်းသွားလမ်းလာ ရှင်းလျက်ရှိသည်။ အရှေ့ဘက်ရေတမာ ပင်တွေအောက်တွင် ရွက်ခြောက်တွေ အကြွေများနေ၏။ အဓိပတိလမ်းပေါ် တွင် သစ်ရွက်ခြောက်တွေ လွင့်ပြေးသွားတတ်သည်။ ပူပြင်းသော နေရောင် သည် တစ်ပင်နှင့်တစ်ပင်အကြားတွင် စူးစူးကျလေ၏။ တက္ကသိုလ်၏နွေ သည် အစဉ်သဖြင့် အထီးကျန်ဆန်လှသည်ဟု အောက်မေ့၏။ ထိုသို့ အောက်မေ့တတ်ခြင်းမှာ နှစ်နွေသုံးနွေကျော်ပေပြီ။

နေသားတကျဖြစ်လောက်ပြီဟု မှတ်ယူနိုင်သော သည်နွေတွင် စိတ် တွေက လွင့်ချင်ချင်။ သတ္တိရှိရမယ်။ ငါ့ကို သူက စွန့်ပြေးတာပဲ။ ငါ့ကို သူမှမညှာတာပဲ။ အကြင်နာမဲ့လှတဲ့ ဒီမိန်းမအတွက် စိတ်ဓာတ်ကို အဆုံးပါး မခံနိုင်ပါဘူး။ မမျှော်လင့်ရဘူး။ မတမ်းတရဘူး။ တစ်တိုင်းတစ်ပြည်ကို ရောက်နေတဲ့ မိတ်ဆွေအပေါင်းအသင်းတစ်ယောက်လိုပဲ သဘောထားရင်း မေ့မေ့ပျောက်ပျောက် နေရမယ်။ ဟိုမှာ သူပျော်နေမှာပါ။ ငါ့ကို သတိရတဲ့ အခါမှရမှာပါ။ အချိန်တိုင်း သတိရနေတဲ့ ငါ့မှာသာ တနင့်မောမောကြီး ခံစားရမှာဟု တင်းခဲ့သည်။ တင်း၍ရရှိုးနိုးထင်ခဲ့လေသည်။ ကျွန်တော့်ထံ သူပြန်လာလိုသည်ဟုရေးသော ပထမစာကိုရစဉ်က ဝမ်းမမြောက်ခဲ့။ ရင့်သီး သည်ဟု ဆိုမည်ဆိုက ဆိုနိုင်သော ပြန်စာကို စိတ်ဖြင့်သာ ရေးခဲ့သည်။ တကယ်တမ်း စာပြန်ရေးသောအခါ မာကျောသော အသုံးအနှုန်းတွေပင် ရှောင်၍ရေးခဲ့သည်။ ပြန်လာရေး မလာရေးကိုကား ထည့်မရေးခဲ့။ နှစ်ပတ်

mgyoe.com

mgyoe.com

အကြာတွင် ဒုတိယစာကို ရသည်။ သူပြန်လာရမည်လား၊ ကျွန်တော် မည်သို့သဘောထားကြောင်း၊ ဆက်ဆက်အကြောင်းပြန်ကြားပါဟု ပါရှိသည်။ ကျွန်တော်စာပြန်ခဲ့သည်။ ကျွန်တော်နှင့် ကြီးကြီးမေတို့ နေထိုင်ကောင်းကြောင်း၊ သူနှင့် သူ့မိဘတို့ နေထိုင်ကောင်းပါစေကြောင်းသာ။ တတိယစာကို မကြာမီရသည်။

ထိုစာသည် ကျွန်တော့်ကို မွန်းသိပ်စေခဲ့သည်။

ကျွန်တော့်အတွေးကို သူ့မျက်ရည်စတွေက လာပြီးစဉ်လေ၏။ ကျွန်တော့်ဒေါသသည် ဟုန်းဟုန်းကြွကာ ပေါက်ကွဲချေ၏။ စဉ်တိုက်တက်လာသော ဝေဒနာတွေကို မတားဆီးနိုင်ခဲ့။ မဖတ်ရက်စရာတွေပါသော ထိုစာကို အခေါက်ခေါက်အခါခါ ပြန်ဖတ်မိနေခြင်းမှာ အဘယ်ကြောင့် မဆိုနိုင်။

❑

mgyoe.com

mgyoe.com

## [၃]

မောင်ရေ

ဒီစာကို မောင် တအံ့တသြ ဖတ်ရမှာပဲလို့ ထင်ပါတယ်။ ချစ်သူဘဝတုန်းက မောင်လို့ခေါ်ခိုင်းတယ်လေ။ တောဆန်တယ် ဆိုပြီး မခေါ်နိုင်ပါဘူးလို့ သွယ်ပြောခဲ့တာ မောင်လည်း မှတ်မိနေမှာပါ။ ခုတော့၊ မောင်ရယ်လို့ အားပါးတရ အော်ခေါ်လိုက်ရင် စိတ်ထဲမှာ သက်သာမယ်ထင်တယ်ကွယ်။ မောင်လို့ခေါ်မှပဲ အမောပြေမယ်လို့ သွယ် အောက်မေ့တယ်မောင်။ သွယ် ပြန်လာဖို့ကိစ္စကို မောင် တစ်ခွန်းမှ ပြန်မပြောသေးဘူးနော်။ မလာစေချင်တော့လို့ သွယ် တွေးမိတယ်။ မောင့်ဆီက လာတဲ့စာတိုင်းကို မေမေတို့ ဖတ်ကြတယ်။ သွယ့်ကို ပြန်လာပါ၊ ပြန်မလာပါနဲ့တော့လို့ မောင် မရေးတာလည်း မေမေတို့က ရိပ်မိကြတယ်။ ညည်းယောကျ်ားက ညည်းကို အပြောရခက်နေတာနဲ့တူပါတယ်။ ညည်းကို နာနေမှာပါ။ နာလည်း နာစရာဖြစ်တာကိုးတဲ့၊ ဖေဖေက ပြောတယ်။ မေမေက ဘာပြောတယ် မှတ်လဲ။ သမီး မောင်စောလွင်ကို နားလည်သင့်ပြီတဲ့။ လာလည်း

mgyoe.com

mgyoe.com


လာစေချင်လိမ့်မယ်၊ မလာလည်း မလာစေချင်တော့တာ ဖြစ်လိမ့်မယ် တဲ့။ ခုတစ်ခါ သူ့ဆီပြန်သွား၊ နောက်တစ်ခါ သူ့ဆီက တစ်ခါထွက် လာတာမျိုးများ ဖြစ်ဦးမလားလို့ တွေးပြီး ကြောက်ရင်လည်း ကြောက် လိမ့်မှာပေါ့တဲ့။ မေမေ့ကို သွယ် မေးလိုက်တယ်။ သွယ်က ကြောက် စရာကောင်းတာ အမှန်ပဲလားလို့။ မောင်စောလွင်ဘက်က ကြည့်ရင် သိပ်ကြောက်စရာကောင်းတာပေါ့တဲ့။ သမီး ဒီကိုထွက်လာတဲ့ကိစ္စမှာ သဘောတူကြောင်း လက်မှတ်ထိုးပေးရတုန်းက ဖောင်တိန်ကိုင်ထား တဲ့လက်တုန်နေတာ မေမေ့မျက်စိထဲက ခုထိမထွက်သေးဘူးတဲ့။ နောက်ပြီးတော့ ပြောသေးတယ်။ လေဆိပ်ကို လိုက်မပို့နဲ့၊ မွေးက ငိုဟယ်ရယ်ဟယ်ဖြစ်နေမယ်ဆိုပြီး မောင်စောလွင်ကို တားမြစ်ခဲ့တာ လည်း အတော်လွန်တာပဲတဲ့။ အစကတည်းက သမီး မလိုက်ပါနဲ့၊ နောက်ကျမှ သမီးတို့မိသားစု အလည်အပတ်လာတဲ့အခါလာပါလို့ မေမေတို့ပြောသားပဲ။ သမီး နားမထောင်ခဲ့တာပဲတဲ့။ အဲဒီအချိန်အခါ တွေက မောင်စောလွင်အပေါ် သမီးဆက်ဆံ သဘောထားတာတွေ ဟာ သိပ်ရက်စက်ပြတ်တောက်ခဲ့တာပဲတဲ့။ ဟိုတုန်းကလည်း မေမေ တို့ ဝေဖန်တယ်။ ခုလည်း ဒီလိုပဲ ပြန်ပြောရမှာပဲတဲ့။

ဟုတ်ပါတယ် မောင်ရယ်။ မောင့်နေရာကနေ ပြန်စဉ်းစား ကြည့်တော့ သွယ့်ကို နာကြည်းစရာလို့ မြင်မှာပါပဲ။

ခွင့်လွှတ်ပါလို့ မပြောချင်တော့ပေမဲ့ သွယ် တောင်းပန်ပါ တယ် မောင်ရယ်။ ပြီးတော့ အလေးအနက်ပြောချင်ပါတယ်။ မောင့်ဆီ ကို သွယ် ပြန်လာချင်တယ်။ ပြန်လာပါရစေမောင်။ မောင် ခေါ်မယ် မဟုတ်လား၊ လက်ခံမယ် မဟုတ်လား၊ မေမေက ပြောတယ်၊ ဒီနှစ်နှစ် သုံးနှစ်အတွင်းမှာ မောင်စောလွင်ဘက်က အပြောင်းအလဲရှိရင် ရှိနေမှာပေါ့တဲ့၊ အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိချင်လည်း ရှိနေလိမ့်မယ် တဲ့၊ သူ့ကို သမီးပစ်ထားခဲ့ပြီးတဲ့နောက် ခုတစ်ခါ သူ့ဆီပြန်သွားဖို့ ရေးတဲ့စာတွေဟာ သူ့အဖို့ စိတ်အနှောင့်အယှက် ဖြစ်ကောင်း ဖြစ်နိုင် လိမ့်မယ်တဲ့။ သူ့ဘဝသူ တစ်ကြိမ်ထူထောင်ဖို့ စိတ်ကူးပြီးသား ရှိချင် လည်း ရှိနေလောက်ရောပေါ့တဲ့။ သွယ် နားမထောင်ရဲဘူး ဖြစ်လာ

mgyoe.com

mgyoe.com


တယ်ကွယ်။ နားထောင်ရင်း မျက်ရည်ကျလာရတယ်။

ခါတိုင်း စိတ်ငယ်စရာတွေ အဲသလို တွေးမိရင် မွေးကို ဖက်ထားပြီး စိတ်ပြေလက်ပျောက် နေပစ်လို့ရတယ်၊ ခုတော့ သမီးက သွယ့်ကို စွန့်သွားခဲ့ ပြီပဲကွယ်၊ မောင်ပြောတာ ဟုတ်ပါတယ်၊ တို့နှစ်ယောက် မကွဲမကွာဘဲ အတူသာနေခဲ့ကြမယ်ဆိုရင် သမီး ဆုံးချင်မှ ဆုံးရမှာ၊ အပျက်ပျက် အစီးစီး ဖြစ်ရတဲ့ အိမ်ထောင်ရေးတစ်ခုသာ အဖတ်တင်ခဲ့ရတာပဲနော်။

မောင့်ဆီကို ပြန်ရောက်မှ ဝန်ခံမယ်လို့ ဆုံးဖြတ်ထားတဲ့ အချက်တစ်ချက်ကို ခုပဲရေးဖို့ ဆုံးဖြတ်လိုက်တယ်၊ အဲဒါက သွယ် ဒီကိုရောက်ပြီး တစ်နှစ်ကျော်ကျော်လောက်မှာပါ၊ သူက ဆွီဒင်အမျိုးသား၊ အတူသွားကြ လျှောက်လည်ကြရင်း တရားမဝင်အိမ်ထောင် ကျခဲ့တယ်၊ သူ့ကို လက်ထပ်ဖို့ပြောတဲ့ အခါကျမှ အဆင်မပြေဖြစ်ပြီး လမ်းခွဲလိုက်ကြတယ်၊ ဒါကို မောင်သိထားမှ ကောင်းမယ်ထင်လို့ ပြောပြလိုက်တာပါ၊ မောင့်ရင်ထဲမှာ ပိုပြီး နာစရာဖြစ်လို့ မခေါ်ချင်လည်း မခေါ်နဲ့တော့ကွယ်၊ သတိချင်မှ သတိမှာပါ၊ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ ငါးလနီးပါး အိပ်စက်ဖူးတဲ့ မိန်းမတစ်ယောက်ကို ကြည်ဖြူပါလို့ မတိုက်တွန်းပါဘူး၊ ခွင့်လွှတ်ပါလို့ မပြောထိုက်ပါဘူး… ကြည်ဖြူနိုင်ဖို့ မလွယ်တဲ့ကိစ္စကို ကြည်ဖြူပါလို့ အတင်းမတိုက်တွန်းချင်ပါဘူး၊ သွယ်ပြန်လာဖို့ကိစ္စကို မောင် စဉ်းစားတဲ့နေရာမှာ ဒီအမည်းကွက်ကို ထည့်ပြီး စဉ်းစားပါမောင်၊ မောင်ရေးလိုက်တဲ့စာထဲမှာ သွယ် လာရမယ် မလာရမယ်ဆိုတာကို တစ်ကြောင်းဖြစ်ဖြစ်တော့ ပြန်ရေးပါ၊ သိပ်စိတ်စောမျှော်လင့်နေလို့ပါ။

**မောင်ရဲ့**
**သွယ်**

အသွားတွေ ဆူးတွေ အချွန်အတက်တွေ အားလုံး ရင်ထဲသို့ ဝင်ခွေ့သွားသကဲ့သို့ ခံစားလိုက်ရသည်။ ထိုနေ့ ထိုတစ်ခါက ကျွန်တော့် ခန္ဓာကိုယ်

mgyoe.com

mgyoe.com


၏ ပေါ့ပါးခြောက်သွေ့သွားပုံကို မည်သည့်အခါမျှ မေ့ပစ်နိုင်လိမ့်မည် မထင်၊ ထိုနေ့က အိမ်အပြန်နောက်ကျသည်။ ညရှစ်နာရီထိုးပြီးမှ အိမ်သို့ရောက်သည်။ ခါတိုင်းနေ့ဆိုလျှင် ရေဒီယိုသံကို ခြံဝမှပင်ကြားနေကျ။ ထို့ပြင် ဗုဒ္ဓဟူးနေ့၊ ဒဂုန်ဆရာတင်၊ ဆရာလင်း စသောကွက်စိပ်ဆရာတစ်ယောက်ယောက်၏ဇာတ်ထုပ်ကို ကြီးကြီးမေ နားထောင်နေကျ၊ စွဲစွဲမြဲမြဲ ဝတ်မပျက်နားထောင်သူ၏အပေါ်တွင် ရေဒီယိုသည် အသံကင်းမဲ့စွာ ငုတ်တုတ်၊ ဘာဖြစ်လို့ ရေဒီယို နားမထောင်တာလဲ ကြီးကြီးဟု မေးမည်ပြင်သေးသည်။ ညစာအတွက် ချက်ချင်းစီစဉ်လိုက်သောကြောင့် မမေးဖြစ်ခဲ့ခြင်းဟု ထင်၏။

ထမင်းစားသောက်ပြီးမှ တစ်ခွန်းစ နှစ်ခွန်းစ ပြောသည်။ ကြီးကြီးမေ၏မျက်နှာထားက တစ်မျိုးဖြစ်နေသည်ဟု တွေးမိသည်။ အရောင်းအဝယ်အတွက် စိတ်စောနေခြင်းဖြစ်မည်ဟုလည်း တွက်သည်။ ခုတစ်လော ယွန်းထည်တွေရော၊ သစ်သားထည်တွေရော ဈေးတက်လာတယ်၊ ဖောက်သည်နှုန်းတောင် အဲသလောက်တက်ရင် ဝယ်တဲ့လူကို ဘယ်ဈေးနဲ့ သွားရောင်းရမှန်း မသိတော့ပါဘူးဟု မနေ့က ညည်းဖူးသည်။ ရောင်းရေး ဝယ်တာကိစ္စမဟုတ်လျှင်လည်း တစ်နေကုန် ဈေးထွက်ရ၍ ညောင်းညာပင်ပန်းနေသောကြောင့် မျက်နှာညှိုးခြင်းဖြစ်ပေလိမ့်မည်။ ဖျားနာမည့်အခြေအနေရှိ၍များလားဟုလည်း တွက်သည်။ ထို့ကြောင့် မေးမည်စိတ်ကူးစဉ်

"မိမိသွယ်ဆီက ဒီနေ့စာလာတယ်"

သူထိုင်နေသော ကုလားထိုင်ဘေးရှိ စားပွဲဝိုင်းပေါ်မှ စာအုပ်ကို လှမ်းယူရင်းပြောသည်။ ကျွန်တော် ကြည့်လိုက်သည်။ မိုးကုတ်ဝိပဿနာ တရားစာအုပ်ကို ဖွင့်လိုက်သည်။ စာအိတ်ရှည်ကို ထုတ်ယူလိုက်သည်။ တရားစာအုပ်ကို စားပွဲပေါ်သို့ ပြန်ပြီးတင်သည်။ စာကို လှမ်းပေးသည်။ လိပ်စာကို ကျွန်တော် လှည့်ကြည့်သည်။ ကြီးကြီးမေ၏အမည်ဖြင့် ဗိုလ်ချုပ်ဈေးရှိ ဆိုင်လိပ်စာတပ်ကာ ထည့်လိုက်ခြင်း ဖြစ်သည်။ ဆွဲထုတ်လိုက်သောအခါ ကြီးကြီးမေအတွက် စာရွက်တစ်ရွက် အလျင်ထွက်လာ၏။ ဖတ်ကြည့်သည်တွင် နေထိုင်ကောင်းကြောင်း၊ သတိရကြောင်းနှင့် ကိုစောလွင်ဆီပေးတဲ့သမီးစာကို ကြီးကြီးမေလည်း ဖတ်ဖြစ်အောင် ဖတ်ပါဟု ရေးထားသည်။ ဆန်းသည်။ ကြီးကြီးမေကို ကျွန်တော်တစ်ချက်ပြုံးကာ ကြည့်လိုက်သည်။

mgyoe.com

mgyoe.com

အိတ်ထဲမှာ စာခေါက်အထူကို ဆွဲထုတ်ပြီး ဖြန့်လိုက်သည်။ ထိုအချိန်တွင် ကြီးကြီးမေက ဘုရားခန်းဘက်သို့ ထသွားသည်။ စာတစ်မျက်နှာကုန်ခါနီး တွင် ဘုရားဝတ်ပြုသံကို ကြားရသည်။

ကျွန်တော် မည်သို့ခံစားရမည်ကို သူ ယခုမှ တွေးမိလေသည်။ သူ ကျွန်တော့်ကို စာနာတတ်လေပြီဟု တွက်၏။ ကျွန်တော့်တွင် တွယ်တာစရာ ရှိကောင်းရှိမည်ဟု သွယ်ဝိုက်မိခင်မှန်းဆပြောလိုက်ခြင်းကို ပြုံးမိ၏။ သူမျက်ရည် ကျသည်ဟူသော နေရာသို့အရောက်တွင် အံ့သြရလေ၏။ သူဆယ့်ခုနစ်နှစ် တွင် ကျွန်တော်နှင့်ချစ်သည်။ တစ်နှစ်ကျော်တွင် လက်ထပ်သည်။ နှစ်ဆယ့် သုံးနှစ်တွင် ကျွန်တော့်အပါးမှ ခွဲခွာသွားသည်။ ခုနစ်နှစ်ကာလအတွင်း မျက်ရည်ဟူသောအရာကို သူ့တွင်ရှိသည့်အရာမဟုတ်ဟုပင် ကျွန်တော် ကိုယ်တွေ့သိခဲ့သည်။ မာကျောသော သတ္တိအလုံးစုံသည် သူ့တွင် ရှိမြဲအစွမ်း ဟု နားလည်ခဲ့သည်။ မျက်ရည်စကားကို သူအရေးတယူလုပ်၍ ပြောလာ၊ ရေးလာပါကလားဟု ထူးထူးခြားခြား ခံစားရသည်။

သူ၏ဆောက်တည်ရာမဲ့စိတ်ကို လှစ်ခနဲမြင်ရသည်။ မွေးမရှိသည့် နောက် သူ့ဘဝ၏ယိမ်းယိုင်မှုကို တစ်စွန်းတစ်စမြင်ရသည်။

အိမ်ထောင်ကျခဲ့တယ်ဟူသော အပိုဒ်ကို ရှေ့ဆက်၍ ဖတ်မရအောင် ဖြစ်သွားသည်။ ငုပ်နေသော အစိုင်အခဲသည် ဤနေရာတွင် ပေါက်ကွဲလွင့် စဉ်သွားလေသည်။ ထိုအပိုဒ်ကို ဖတ်လိုက်သောအချိန်တွင် မျက်လုံးအစုံ သည် ခေတ္တမျှကွာသွားလျှင် ကောင်းချိမ့်မည်။ စာဆုံးအောင် ဖတ်ရသော် လည်း အနက်ကောင်းစွာမထင်၊ လေးငါးခေါက် ပြန်ပြီးဖတ်တော့မှ စာ အဆက်ရလေသည်။ စာတွေကို ပြန်ခေါက်ပြီး အိတ်ထဲသို့ ထည့်လိုက်သည်။

ကြီးကြီးမေ၏အသံကို ဘယ်အချိန်ကစ၍ မကြားမိသည် မမှတ်နိုင်... အံတင်းထား၍ အတော်ကြာမှ ဘုရားဝတ်ပြုသံ၊ အမျှဝေသံကို ကြားသည်။ သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်း ကိုယ်၏ချမ်းသာ ခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ကြီးကြီးမေ၏ မေတ္တာ ပို့သံက တိုးတိုးလွင့်လာ၏။ ပြုခဲ့သမျှ ကုသိုလ်ဖလကို ကြားကြားသမျှ ဝေနေယျအား အမျှပေးဝေကြောင်း၊ သာဓု အနုမောဒနာ ခေါ်ပါရန် အကြောင်းနှင့် ကြေးစည်သံလွင်လွင်။ စိတ်၏ငြိမ်းချမ်းမှုနှင့် ရုတ်ခြည်းကင်း

mgyoe.com

mgyoe.com


ပြတ်သွားသူ ကျွန်တော့်ကို ကြေးစည်သံက လှောင်ပြောင်နေသည်ဟု ထင်ချင်သည်။ ကောင်းလှတည်း ကောင်းလှပေသတည်းဟု သာဓုခေါ်ရန်စိတ်ပင် မကူးဝံ့အောင် ခံစားမိလေသည်။

ကမ္ဘာချဉ်းမည့်အနာတရမျိုးတည့်။

တစ်ပါးသူနှင့် ယဉ်ပါးခဲ့သည့်အကြောင်းကို အဘယ့်ကြောင့် ထုတ်ဖော်ဝန်ခံရချေသနည်း။ သူပြောသောနှစ် အပိုင်းအခြားကို ပြန်လည်တွေးကြည့်သည်။ သူ့ထံမှလည်းကောင်း၊ သူ့မိဘထံမှလည်းကောင်း စာအလာပြတ်သွားချိန်ပင် ဖြစ်မည်။ ဟုတ်မဟုတ်ကို သေချာစွာ စဉ်းစားလျှင် သိနိုင်လိမ့်မည်။ သို့သော် စိတ်မရှိတော့။ သိ၍ စိတ်ညစ်ကျုစရာမှတစ်ပါး အကြောင်းထူးမည် မဟုတ်။

သူဖွင့်ဟမဆိုလျှင် ကျွန်တော် မသိနိုင်။

ဝန်ခံစိတ်ကို ချီးကျူးလိုသည်။ ဝန်ခံသော့အကြောင်းအရာကို မသက်သာစွာ သိခွင့်ရခဲ့သည်။ နတ်ပယ်ခြင်းကင်းသော ဆူး၏စူးဝင်ခြင်းကဲ့သို့ ခံစားရသည်။ နတ်ပယ်သည့်တိုင် ဆူးဖျားကျိုး၍ ကျန်သဖြင့် အခံရခက်သကဲ့သို့ နာကျင်လေသည်။

"သား… ဖတ်ပြီးပြီလား"

ပြန်လည်ဖြေရမည်ကို ဝန်လေးလျက်ရှိသည်။ ကြီးကြီးမေနှင့် မျက်နှာချင်းဆိုင်ရမည်မှာ အရေးအခင်းတစ်ခု ဖြစ်လာချေသည်။ ပူလောင်သောစိတ်နှင့် ရှက်ရွံ့သောစိတ်တို့သည် တစ်ပြန်တစ်လှည့်စီ ရှိလေသည်။ တစ်ဦးတစ်ယောက်နှင့် ဖြစ်ပျက်ခဲ့သောအချက်သည် ဦးနှောက်ထဲတွင် လေပွေမွှေနေ၏။ ကြီးကြီးမေသည် ထိုအချက်ကို မည်သို့သဘောထားလိမ့်မည်နည်း။ ရိုးရာယဉ်ကျေးမှုကိုဖယ်၍ စဉ်းစားလိမ့်မည်မဟုတ်ဟု ဇောက်သိသည်။ အကျင့်သိက္ခာကို မထိပါးဖွယ်မမြင်။ ကြားအပ်စရာမရှိ၊ သိအပ်ဖွယ်မဟုတ်သော သတင်းငှက်ဆိုးသည် နားထဲတွင် အဆက်မပြတ် ထိုးနေသည်။ ကြီးကြီးမေ၏ နားနှစ်ဖက်နှင့် ကျွန်တော့်နားနှစ်ဖက်ထဲမှ ထိုအသံဆိုးသည် ထွက်တော့မည်မထင်။

"မဖတ်မိရင် အကောင်းသားကြီးကြီးမေ၊ ကြီးကြီးမေသာ ဒီစာထဲက အကြောင်းကို ကြိုပြောခဲ့ရင် ကျွန်တော် ဖတ်မိမှာ မဟုတ်ပါဘူး"

mgyoe.com

mgyoe.com


မသိမသာ ပင့်တက်လေသည့် မျက်ခုံးကို ကျွန်တော်မြင်လိုက်၏။ ခြေရင်းပြတင်းအနီးရှိ ပက်လက်ကုလားထိုင်တွင် ကျွန်တော်ထိုင်နေသော ကြောင့် ကြီးကြီးမေနှင့် အတန်မျှ အလှမ်းဝေးနေသည်။ စာရေးစားပွဲအနီးတွင် ကြီးကြီးမေရပ်လျက် ကျွန်တော့်ထံသို့တစ်လှည့်၊ စားပွဲပေါ်ရှိ သွယ့်စာကို တစ်လှည့် ခဏကြည့်နေသည်။ ထိုခဏအတွင်း ပင့်သက်ဖော့ကာ အသက် ရှူမိသည်။ ကြီးကြီးမေ ကြားမည်ကို ကျွန်တော် ရှက်လေသလား၊ စိတ်ဆွံ့ ပါးလှချေ၏။

"သား ဘယ်လောက်စိတ်သောကရောက်နေမယ်ဆိုတာ ကြီးကြီးမေ စာနာနိုင်ပါတယ်ကွယ်၊ တစ်ခုရှိတာပေါ့ သားရယ်၊ လူ့ဘဝကြီးဟာ အကောင်းဘက်က ကြည့်ရင်အကောင်းချည်းပေါ့၊ အဆိုးဘက်က ကြည့် တော့လည်း အဆိုးတွေချည်းပေါ့ကွယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း နားလည် အောင် ကြိုးစားသား၊ သူများကိုလည်း နားအလည်ဆုံးဖြစ်အောင် ကြိုးစား ပါ၊ အတတ်နိုင်ဆုံးခွင့်လွှတ်ပါ၊ ခွင့်မလွှတ်နိုင်တာထက် မနိုင်ရင်ကာ ကြိုးစား ရင်တော့ စိတ်ဆင်းရဲရတတ်တယ်၊ သားမှာ ပညာရှိပါတယ်၊ ချိန်ချိန်ဆဆ ပေါ့၊ မဟုတ်ဘူးလား၊ ဒေါသသိပ်ထွက်နေတဲ့အချိန်တွေ သောကသိပ်ဖိစီးနေ တဲ့ အချိန်တွေမှာ ဘာမှ မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ဘူး၊ သား စဉ်းစား ပါလေ၊ အေးအေးဆေးဆေး စဉ်းစားပါ၊ သားသဘောတစ်ခုတည်းကိုပဲ မူတည်စဉ်းစားစေချင်တယ်"

လျှာထိုးကြမ်းပြင်ကို အကြောင်းမဲ့ ငေးစိုက်ကြည့်နေမိ၏။ စားပွဲ ကုလားထိုင်တွေအောက်တွင် အရိပ်တွေကျနေ၏။ ထိုအရိပ်တွေရှိရာသို့ မျက်လုံးရောက်နေ၏။ ပြန်ပြောရမည့်စကားတွေကို ကြမ်းပေါ်မှ ကောက်ရ မည်ဟု ထိုအချိန်က ကျွန်တော် အထင်ရှိခဲ့သလား မပြောတတ်။ ကြမ်းပေါ် တွင် စကားလုံးတွေ မရှိချေ။ စကားလုံးတွေရှိသော ရင်သည်းပွတ်သည် ကြမ်းပြင်ကဲ့သို့ ဖြစ်နေလျှင် ကောင်းပေစွ။

❑

mgyoe.com

mgyoe.com


## [၄]

ဌာနမှူးက ခွင့်စာကိုင်ထားရင်း ပြုံးသည်။ "ခင်ဗျားခွင့်စာကို နှစ်နှစ်သုံးနှစ်အတွင်း တစ်ခါမှမရဖူးတော့ အထူးအဆန်းကြီးဖြစ်နေတယ်ဗျ၊ ရပါတယ်ဗျာ" ဟု ပြောသည်။ လုပ်ဖော်ကိုင်ဖက်လက်ထောက်ကထိက ဆရာမတစ်ယောက်က "အမယ်... ခွင့်တွေ ဘာတွေယူလို့ပါလားရှင့်၊ လွမ်းဖျားလွမ်းနာဆိုရင် တက္ကသိုလ်ဆေးရုံက ကုမပေးဘူးနော်" ဟု နောက်သည်။ "ကုမ ပေးနိုင်တဲ့ဆေးရုံများ ကမ္ဘာပေါ်မှာ ရှိတယ်လို့ သတင်းကြားရင် ကျွန်တော့်ကို အကြောင်းကြားပါ ဆရာမ" ဟု ရယ်ရွှန်းစကားပြောလိုက်သည်။ ဌာနမှူးအခန်းထဲက ထွက်ထွက်ချင်း စာကြည့်တိုက်တံခါးဝတွင် ရပ်လိုက်သည်။ လွယ်အိတ်ထဲမှ စာအုပ်နှစ်အုပ်ကိုထုတ်၍ တာဝန်ကျဆရာမရှိရာသို့ လျှောက်သွားသည်။ စာအုပ်အပ်ပြီး အပြင်သို့ ထွက်မည်အပြုတွင် "ဟေး... ကိုစောလွင်" ခေါ်သံကြားရ၏။ လှည့်ကြည့်သောအခါ စာအုပ်ဗီရိုတွေကြားမှ ထွက်လာသူ ကိုထွန်းမြင့်ကို တွေ့ရ၏။

"နေပါဦးဗျ... ခွင့်တင်ပြီးတာနဲ့ တစ်ခါတည်း ပြန်တော့မလို့လား၊ အခန်းခဏလိုက်ခဲ့စမ်းပါဦး၊ ကြခင်းကအပြန် ယောက္ခမတွေ ပေးလိုက်တဲ့

mgyoe.com

mgyoe.com


အမဲခြောက်ပါလာတယ်၊ ရေနွေးကြမ်းနဲ့ မြည်းစမ်းပါဦး၊ ခဏလေးဗျာ၊ စာအုပ်ငှားစားရင်း သွင်းလိုက်ဦးမယ်"

ညိုပုပုခန္ဓာကိုယ်နှင့်မလိုက်အောင် စကားပြောမြန်လှသည်။ စာအုပ်နောက်ကျောဖုံးထဲရှိ အငှားကတ်ပြားကိုထုတ်ပြီး လက်မှတ်ထိုးသည်။ အလှည့်ကျ စာကြည့်တိုက်မှူးရှေ့တွင် ကတ်ပြားကို ချသည်။ သွားလာလှုပ်ရှားပုံမှာ ခပ်ပျာပျာ ဖြစ်လေသည်။ မီးသေလျက်ရှိသော ရွှေဘဲဆေးပေါ့လိပ်တိုကို နှုတ်ခမ်းတွင် မထိတထိခဲထား၏။ သူ့ကိစ္စပြီး၍ အခန်းအပြင်သို့ ကျွန်တော် လှမ်းလိုက်၏။ သူက ခပ်သုတ်သုတ် လျှောက်လာ၏။

"ဘယ်သွားစရာရှိလို့လဲ"

ကျွန်တော့်ပခုံးကိုဖက်ရင်း မေးသည်။

"ဘာဖြစ်လို့လဲ"

နှုတ်ခမ်းရှိ ဆေးပေါ့လိပ်ကို လက်ကြားညှပ်၍ ယူပြီး...

"ခွင့်ယူပြီး ဘယ်သွားမလို့လဲလို့ မေးတာ"

"အလုပ်လုပ်ရမှာ စိတ်မပါလို့ ခွင့်ယူတာ"

အခန်းထောင့်ချိုးကို အကွေ့တွင်...

"မနေ့ကပြောတဲ့ ကိစ္စနဲ့ပတ်သက်လို့လား"

စိတ်မပါ့တပါ ဖြေမိလေသည်။

"ဆိုပါတော့လေ"

"သူပြန်လာတော့မှာပဲ၊ မောင်ရင် စိတ်ချမ်းသာရောပဲဟာ"

"ဒါပေမဲ့..."

သုံးလေးခန်းကို လွန်လာသည်။ စကားစကပြတ်သွားသည်။ ဘာပြောချင်မှန်း မစဉ်းစားတတ်။ အလယ်လှေကားအနီးသို့ရောက်လာသည်။

"ဆိုပါဦး... ဒါပေမဲ့ ဘာဖြစ်လဲ"

ဖြေရမည့်စကားသည် လည်ဝတွင် တစ်နေ၏။ အနီးစပ်ဆုံး ဖြေလိုက်သည်။

"ဒီနေ့ သိပ်စိတ်လှုပ်ရှားနေသလား မပြောတတ်ဘူး... တစ်မျိုးပဲဗျာ"

ကျောက်စာကူးအခန်းကို လွန်လာပြီ။ မျက်လုံးကို ရှေ့တည့်တည့်သို့ အကြောင်းမဲ့ လွှတ်လိုက်သည်။ အရှေ့ဘက် ဝရန်တာကို ကျော်၍ ရောက်

mgyoe.com

သည်။ မိုးပိတောက်စိမ်းတွေ အမြင်တစ်ခုလုံးတွင် လွှမ်းနေ၏။

"ပျော်လို့ဖြစ်ပါလိမ့်မယ်"

ညာဘက်သို့ ချိုးလိုက်သည်။ သူ့ထင်မြင်ချက်ကို...

"ဟုတ်ချင်လည်း ဟုတ်မှာပေါ့လေ၊ ဒီတိုက်ပုံအင်္ကျီအိတ်ထဲမှာ သူ့ဆီ ပို့မယ်စာ ပါလာတယ်၊ တော်တော်ကြာ စာတိုက်ဖွင့်ရင်သွားပြီး မှတ်ပုံတင် ရမယ်။ ခင်ဗျား မနေ့က ပြောသလိုပေါ့ မဟုတ်ဘူးလား၊ ဘဝဆိုတာ စာအုပ်၊ အချစ်ဆိုတာက စာအုပ်တွေကို စားတဲ့ အမြီးနှစ်ခွနဲ့ ငွေပိုးကောင်... ဟုတ်လား၊ သိပ်နုတဲ့ အဲဒီပိုးကောင်လေးတွေစားလို့ စာအုပ်တွေ အပျက်ပျက် အစီးစီးဖြစ် ရတယ်၊ အင်းလေ... မဆိုးပါဘူး"

ကျွန်တော့်အသံမှာ စည်းစည်းရုံးရုံးမရှိဟု သတိပြုမိလေသည်။ သူက တစ်ချက်ပြုံးသည်။ ကျွန်တော့်ပခုံးပေါ်မှ လက်ကိုရုပ်သည်။ အိတ်ထဲမှ အခန်းသော့ကို နှိုက်ပြီးယူလိုက်၏။ ဆရာမများ အခန်းရှေ့သို့အရောက်တွင်...

"ဟေး... အစ်ကို"

နည်းပြဆရာမတစ်ဦး၏စားပွဲရှေ့တွင်ရပ်နေရာမှ ကျွန်တော့်ကို လှမ်း ခေါ်သော သန်းသန်း၏ ရယ်ကျဲကျဲမျက်နှာ၊ ဝိုင်းသောမျက်လုံးနှင့်ပြုံး၍ ကြည့်နေ၏။ တစ်စုံတစ်ရာပြောမည့်သူ့အကြည့်ကြောင့် ခြေလှမ်းရပ်လိုက် ၏။ ကိုထွန်းမြိုင်က ဝရန်တာဘက်သို့လှည့်ကာ တံတွေးထွေး၏။

"ဘယ်တုံး"

"ကိုထွန်းမြိုင့်အခန်း သွားမလို့"

သန်းသန်းက အခန်းဝသို့ ခြေတစ်လှမ်းတိုးလာကာ...

"ဆီထမင်းထိုးလာတယ်၊ အခန်းကို ဝင်ဦးမယ်မဟုတ်လား"

"အင်း... ဝင်လာမယ်လေ"

ကိုထွန်းမြိုင်က ကျွန်တော့်ဘေးတွင် ယှဉ်ရပ်ပြီး သန်းသန်းကို မေး သည်။

"တို့ကိုကော မကျွေးတော့ဘူးလား"

"မကျွေးပါဘူး၊ ဆရာ အမေရိကန်က ပြန်လာတုန်းက ကျွန်မတို့ကို ဘာမှမမကျွေးတာ၊ ဟုတ်တယ် မဟုတ်လား"

ကိုထွန်းမြိုင်က သူ့အလေ့အတိုင်း ဟက်ဟက်ပက်ပက် ရယ်ချလိုက်

mgyoe.com

ပြီးမှ...

"အဲဒီတုန်းက ခေါ်သားပဲ၊ ဟိုက်ဖွမ်မှာ စားကြသောက်ကြတုန်းက ဘာလို့မလိုက်လာသလဲ၊ ခုမှ သုံးနှစ်လောက်က နေ့ပြန်တိုးကို အော်ကြီးဟစ်ကြီး လိုက်တောင်းနေပြန်ပြီ၊ မစားပါဘူး၊ နင့်ဆီထမင်းကို၊ ဆီတစ်စက်အုန်းသီးတစ်ဖတ်ကြက်သွန်တစ်တက်နဲ့ ပုစွန်ခြောက်တစ်ကောင်တောင် မနည်းရှာရမယ်၊ ဒီဝီဇံတပ် အကူအညီနဲ့ ပုစွန်ခြောက်ကို ရှာရလိမ့်မယ်"

ဖြူဝင်းသော သန်းသန်း၏မျက်နှာတွင် နီရောင်သန်းသွား၏။ တစ်ခုခုကို အချေအတင် ပြောတော့မည်ပြင်လျှင် သူ့မျက်နှာနီနေကျ၊ စိတ်မဆိုးတတ်၍ ကိုထွန်းမြိုင်က စလေ့ရှိသည်။ ပုအိုင့်အိုင့်ခန္ဓာကိုယ်ကို တံခါးပေါင်တွင် မှီထားပြီး...

"သြော်... ဒါထက်၊ ဆရာအောင်မင်းတို့ ဆရာကိုဇော်တင့်တို့က ဆရာ့ကို အခုတစ်လော ခေါ်ခေါ်နေပါတယ် ဆရာ့ကို ချက်ကြီးတဲ့၊ ဆရာ့မိန်းမကို မိညက်တဲ့၊ အဲဒါ ဘာဖြစ်လို့ခေါ်တာလဲ ဆရာ"

ထိုထွန်းမြိုင်က ပါးစပ်အဟောင်းသားနှင့်။ မျက်လုံးပြူးသွားသည်။ တစ်ယောက်နှင့်တစ်ယောက် အပြောင်အပြက် အမည်တွေ ပေးထားကြသည်။ ယခု တစ်ပတ်နှစ်ပတ်အတွင်း ကိုထွန်းမြိုင်တွင် အမည်သစ်တစ်ခု ရလာသည်။ သူ့ဇနီးမှာ သေးသေးညက်ညက်ကလေးဖြစ်၍ မိညက်ဟုခေါ်ကြသည်။ သူ့မှာ ညနေတိုင်း ဈေးဝယ်၊ ထမင်းဟင်းချက်ရသော ဝတ္တရားရှိသည်။ ချက်ရပြုတ်ရသူဖြစ်၍ ချက်ကြီးဟု ခေါ်ကြခြင်းပင်။

"ကိုစောလွင်... လာဗျာ... မဖြစ်ဘူး၊ ကျွန်တော်ရဲ့ထိပ်တန်းလျှို့ဝှက်နာမည်ကိုတောင် သိနေပြီဗျ၊ ဒီနားမှာ ကြာကြာဆက်နေမိရင် တက္ကသိုလ်ငှက်ကြီးဆိုတဲ့ ခင်ဗျားနာမည်ဝှက်ကိုပါ သိသွားမှာ စိုးရတယ်"

စကားအဆုံးတွင် ကျွန်တော့်လက်မောင်းကို ဆွဲ၍ခေါ်သည်။ လွန်ခဲ့သည့် သုံးလေးလခန့်က ကျွန်တော့်ကို တက္ကသိုလ်ငှက်ကြီးဟု ပြောင်လှောင်ပြီး ခေါ်သည်။ ငေးငေးငူငူ၊ ငူတူတူ၊ ငိုင်တိုင်တိုင် ဖြစ်နေသောကြောင့် ထိုအမည်ပေးရသည်ဟု ကိုထွန်းမြိုင်က ပြောသည်။ အပေါင်းအသင်း လေးငါးဦးသာ သိသော ထိုအမည်ကို သန်းသန်းသိအောင် ဖွင့်ပြောပြီး ပြက်လုံးထုတ်သည်။ အခန်းတံခါးဝဘက်ရှိ ဆရာမသုံးလေးဦးနှင့် ကြားရသူအားလုံးက

mgyoe.com

mgyoe.com

ရယ်လိုက်ကြသည်။ ရယ်သံမစဲမီပင် သူ့အခန်းရှေ့သို့ရောက်လာသည်။ သူ့အခန်းသည် ဘာသာနှင့် စာပေသိပ္ပံမဟာဌာနတွင် အထူးခြားဆုံးဖြစ်လေသည်။ အခန်းတံခါးမှန်များ၊ ပြတင်းပေါက်မှန်များကို သဘော်ဆေး အနီရဲရဲ သုတ်ထား၏။

ကျွန်တော့်လက်ကို လွှတ်ကာ အခန်းတံခါးသော့ကို ဖွင့်၏။ တံခါးရွက်နှစ်ဖက်ကို ချိတ်ချိတ်၏။ ပြတင်းပေါက်နှစ်ဖက်ကို ဖွင့်ပြီးနောက် အရှေ့ဘက်တံခါးနှင့် ပြတင်းနှစ်ဖက်ကို သွားဖွင့်သည်။ သူ့ထမင်းစားပွဲပေါ်တွင် လေးဆင့်ချိုင့်တင်ထားသည်။ ချိုင့်ရှိရာသို့ပြန်လာစဉ် စာရေးစားပွဲအနီးမှ ကုလားထိုင်တစ်လုံးကို ယူလာ၏။ တောင်ဘက်ပြတင်းအနီးရှိ စင်ပေါ်မှ ရေနွေးကြမ်းအိုးကို ကျွန်တော် သွားယူလိုက်၏။ ကုလားထိုင်တွင် ကျွန်တော် ထိုင်ပြီးသည်အထိ သူမထိုင်နိုင်သေး။ ဓာတ်ဘူးကိုယူပြီး ရေနွေးကြမ်းအိုးထဲသို့ ထည့်သည်။ လက်ဖက်ခြောက်ခတ်သည်။ ဓာတ်ဘူးကို စာရေးစားပွဲပေါ်သို့ သွားတင်ပြီး အံဆွဲဖွင့်သည်။ ရွှေဘဲဆေးပေါ့လိပ် သုံးလေးလိပ်ယူလာသည်။ ထိုင်မည်ပြင်ပြီးမှ စာအုပ်ဗီရိုပေါ်ရှိ ပြာခံခွက်ကို ထယူသည်။ ထို့နောက် စားပွဲအေးတွင်ရပ်ကာ ရေနွေးကြမ်းကို မတ်ခွက်ထဲသို့ ပြည့်လုပြည့် ခင်ငှဲ့သည်။ မတ်ခွက်ထဲမှ လက်ဖက်ရည်ကြမ်းကို ကရားထဲသို့ ပြန်ပြီး ထည့်သည်။ မြန်မြန်ကျအောင် ပြုလုပ်နေခြင်းဖြစ်သည်။ ထို့နောက် သူ့ဖန်ခွက်နှင့် ကျွန်တော့်ဖန်ခွက်ထဲသို့ လက်ဖက်ရည်ကြမ်းငှဲ့သည်။ ထိုင်ခါနီးတွင် လေးဆင့်ချိုင့်ကို ဖွင့်၏။ အပေါ်ဆုံးအဆင့်ကို ကျွန်တော့်ဘက်သို့ တိုးပေး၏။ "လတ်တယ်၊ ချိုလည်း ချိုတယ်" ဟုပြောကာ ကြိမ်ကုလားထိုင်ပေါ်တွင် ထင်ပျဉ်ခွေထိုင်လေ၏။

ဆီနှစ်လျက် အမျှင်မျှင်ဖွာနေသော အမဲခြောက်တစ်ဖတ်ကို ကောက်ယူပြီး ဝါးလိုက်၏။ သူပြောသည့်အတိုင်းပင်။ သူက အမဲခြောက်တစ်မြွှာင်းကို အားပါးတရဝါးရင်း...

"ဒီနေ့ ဘယ်လျှောက်လည်မလို့လဲ"

ကျွန်တော် ခေါင်းခါလိုက်သည်။ ဝါးလက်စကို မျိုချလိုက်ပြီးမှ...

"အဟုတ်ပြောတာဗျ၊ ဘယ်မှ လျှောက်မလည်ချင်ဘူး၊ စာထည့်ပြီးရင် ကြီးကြီးမေဆီကိုသွားမယ်၊ ဆိုင်မှာ သွားထိုင်မယ်ဗျာ၊ စာအုပ်ဆိုင်လေး

ဘာလေးလျှောက်၊ စာအုပ်အသစ်ရောက်တာရှိလည်း ဝယ်၊ ပြီးပြန်၊ ဒါပါပဲ"
"ရုပ်ရှင်ကြည့်ပေါ့"
"ငြိးစိစိ နောက်ကျိကျိဖြစ်နေတော့ ကြည့်ရမှာ စိတ်မပါဘူး"
ရေနွေးကြမ်းဖန်ခွက်ကို လှမ်းကိုင်ပြီး...
"ဒါဖြင့် ညနေ မြို့ထဲက တစ်နေရာရာကနေ ခင်ဗျားစောင့်မလား၊ အရက်သောက်ရအောင်"
"စိတ်ကြည်လင်နေတုန်း သောက်ရတာက အရသာရှိပါတယ်ဗျာ၊ မဟုတ်ဘူးလား"
"သဘောပါပဲဗျာ"
"အဟုတ်ပြောတာ ကိုထွန်းမြင့်၊ ကျွန်တော့်ခေါင်းထဲမှာ ရှိနေတာကို ပြောရရင် ခင်ဗျား စိတ်ညစ်ချင်ညစ်သွားမှာ"
ညာဘက်ပါးစုန့်တစ်ဖက် တွန့်တက်အောင် တစ်ချက်ပြုံးသည်။ ရေနွေးကြမ်းဖန်ခွက်ရှိရာသို့ လက်လှမ်းရင်း အခန်းအပြင်သို့ ကျွန်တော့် မျက်လုံးတစ်ချက်ဖွေသွား၏။ အုန်းလက်တွေ လေတွင် ယိမ်းနေ၏။ ဖန်ခွက်နှင့် ထိလိုက်သော လက်ချောင်းတွေကို အပူကူးသွားချေ၏။
"ပြောပါ ကိုစောလွင်၊ ကျွန်တော့်သဘောကို ခင်ဗျားသိသားပဲ၊ စိတ်ညစ်စရာဆိုတာကို စိတ်ညစ်စရာလို့ ကျွန်တော်က ထင်မှမထင်တတ်တာ၊ ကသိကအောက်ဖြစ်စရာတွေ စိတ်ညစ်စရာတွေကို ခေါင်းထဲမှာ ဘယ်လောက်ကြာကြာ ထားတတ်တယ်ဆိုတာ ခင်ဗျားသိပါတယ်၊ လေထဲမှာ ဆေးလိပ်မီးခိုးကြာသလောက်ပဲ၊ ပြောပါ၊ ကိစ္စမရှိပါဘူး"
ပြုံးရယ်ကာ ပြောလေသည်။ ပြောတော့မည့်စကားက ကြီးကျယ်နေမည်စိုး၏။ ပြောနေကျစကားလုံးတွေထက် မပိုအောင် အတတ်နိုင်ဆုံး စဉ်းစားသည်။ အလွယ်ဆုံးဖြစ်စေရန် စိတ်ကူးပြီး ပြောလိုက်သည်။
"ဆိုပါတော့ဗျာ၊ လူတစ်ယောက်က ပိုက်ဆံပျောက်တယ်၊ ဒီတော့ သူရှာတယ်၊ မတွေ့တွေ့အောင်ရှာတယ်၊ တွေ့ချင်လည်း တွေ့မယ်၊ မတွေ့ချင်လည်း မတွေ့ဘူး၊ ထားတော့၊ သူရှာတာ ပိုက်ဆံ၊ တွေ့လိုတွေ့ငြား ရှာတာ၊ ခု... ကျွန်တော့်မှာက ကျွန်တော်ရှာတာကို ကျွန်တော် သိတယ်၊ ဘာပျောက်သွားတယ်ဆိုတာကိုတော့ ကိုယ်ဟာကိုယ် ကောင်းကောင်းမသိဘူး၊
mgyoe.com

mgyoe.com


မတွေ့တွေ့အောင်လည်း အပင်ပန်းခံပြီး ရှာနေမှန်းပဲ သိတယ်၊ တွေ့မှပဲ ဩော်... ငါပျောက်တာ ဒါပါလားလို့သိမယ့်ပုံပဲ၊ အဲ... ရှာရင်း ရှာရင်း ပင်ပန်းဖိစီးတဲ့ ဒဏ်ကို မနည်းတောင့်ခံနေရတယ်၊ ဒါအနီးစပ်ဆုံးပါပဲ ကိုထွန်းမြိုင်"

ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေသည်။ ကျွန်တော့်စကား တစ်ဝက်လောက်တွင် သူ့မျက်ခုံးထူနှစ်ဖက်သည် ဆက်လုဆက်ခင် တွန့်ကပ်သွားလေ၏။ ဘဝအရိပ်ကွယ်နေသောကြောင့် သဲကွဲစွာ မသိနိုင်အောင် စကားတွေ ထွေးလုံးနေပြီလားဟု သံသယဝင်သည်။ သူ့တွင်လည်း ထိုသံသယမျိုးဖြင့် နားထောင်ရသကဲ့သို့ ရှိကောင်းရှိမည်။ အကွေ့တစ်ထောင် အကောက်တစ်ထောင် ကြားခံရှိသော ပစ်ကွင်းသို့ မြားမရောက်နိုင်ခြင်းမျိုး ဖြစ်လေမည်လား။ ကျွန်တော့် နှုတ်ခမ်းစေ့လိုက်ပြီး အတန်ကြာသည့်တိုင်၊ သူ ကိုယ်တစ်ချက်မလှုပ်။ မျက်နှာနဂိုနေမရောက်။ အခန်းနံရံဆီသို့ ငေးစိုက်ကြည့်ရင်း လက်ဖက်ရည်ကြမ်းတစ်ငုံ ငုံ၏။ ရေပင် အဝင်ထစ်နေပြီလား မဆိုနိုင်။ မျိုချသံကို ကြားရ၏။

"ကျွန်တော့်အမြင်ကိုပြောမယ်၊ နောက်ခြောက်လ ခုနစ်လ၊ အလွန်ဆုံး တစ်နှစ်အတွင်း ခင်ဗျား အမျိုးသမီး ပြန်လာမယ်၊ ဒီဘဝမှာတော့ ဆုံစရာလမ်း မရှိဘူးဆိုတဲ့ ဘဝက သာသာယာယာ အိမ်ထောင်ရေးကို ပြန်ပြီးရေးမယ်၊ တစ်ခုတော့ရှိတာပေါ့လေ၊ ကလေးဆုံးသွားတဲ့အတွက် စိတ်ထိခိုက်ရတာက၊ အင်း... ဒါပေမဲ့ ခင်ဗျားခုနက ပြောတဲ့ ပျောက်တယ်ဆိုတာ အိမ်ထောင်ရေးတော့ ဖြစ်မယ်မထင်ဘူး"

သူ့စကားဖြင့် သူ့အထင်ကို ငြင်းသော်လည်း ကျွန်တော့်အဖြေကို သိလိုသေးဟန်ရှိ၏။ ထို့ကြောင့်...

"သူပြန်လာမှာ ကျွန်တော် သိနေပြီပဲ၊ ခုအချိန်ဟာ ခင်ဗျားပြောသလို စိတ်ချမ်းသာစရာ အကောင်းဆုံးအချိန် ဖြစ်ရမယ်လေ၊ စိတ်မချမ်းသာလို့လား ဆိုတော့လည်း မဟုတ်ပါဘူး ကိုထွန်းမြိုင်၊ ခြောက်သယောင်းသွားတဲ့ သစ်ပင်လေးမှာ အရွက်တွေ အပွင့်တွေနဲ့ ဝေဝေဆာဆာပြန်ပြီး ရှင်လာရတယ်လို့ပဲ ဆိုပါတော့၊ သမီးအတွက်ကြောင့်က သောကဖြစ်တာဖြစ်တာ တခြားပဲ၊ ခုလို ဘာဖြစ်လို့ဖြစ်မှန်းမသိတဲ့ စိတ်မဖြစ်ခဲ့တာ အမှန်ပဲဗျ"

mgyoe.com

mgyoe.com


အတွေးရ ကျပ်နေဟန်နှင့် သူတွေနေ၏။ လက်ဖက်ရည်ကြမ်း တစ်ဖန်ခွက်ကုန်အောင် တဖူးဖူးမှုတ်သောက်သည်။ အခန်းထဲတွင် တိတ်ဆိတ်နေ၏။ ဆရာမများ အခန်းဆီမှ စကားပြောသံ ရယ်သံတွေ ခပ်တိုးတိုးကြားရ၏။

"အချင်းချင်းပေမဲ့ လျှို့ထားတာရှိချင်ရှိမှာမို့ မေးရဦးမယ်၊ ခင်ဗျား မှာ သံယောဇဉ်တွယ်စရာ ရှိများရှိနေလို့လား"

ကျွန်တော် ပြုံးမိလေသည်။ ခေါင်းခါပြရင်း...

"ရှိမှတော့ ဖွင့်ပြောပြမှာပေါ့ ကိုထွန်းမြိုင်ရယ်၊ ဒီအတွက်ဆိုလည်း အဖြေက ရှင်းပြီးသားပါ၊ ခင်ဗျား သိပါတယ်၊ အလုပ်ထဲမှာ နှစ်ထည့်ထား လိုက်တာကို၊ နှစ်နှစ် သုံးနှစ်ရှိပြီ ခွင့်တစ်ရက်မှ မယူခဲ့တာကြည့်ပါလား၊ အလုပ် သိပ်ကြိုးစားတာထက် စိတ်မောစရာတွေကို မမေ့မေ့အောင် ဖုံးအုပ် ပစ်တာပါ၊ သက်သာရာရှာနည်း တစ်မျိုးပေါ့ဗျာ၊ အမှန်အတိုင်းပြောရရင် အိမ်ထောင်ရေးကို လန့်သွားတယ်ဗျ"

မပွင့်တပွင့် ရယ်သံထွက်လာသည်။

"ခင်ဗျားအနေအထားက လန့်လည်း လန့်လောက်ပါတယ်"

"နှစ်ယောက်အတူ ရိုးမြေကျနေသွားဖို့ဆိုတာက နှစ်ယောက်စလုံးနဲ့ ဆိုင်တဲ့ကိစ္စဗျ၊ တစ်ယောက်က ဘယ်လောက်နေချင်နေချင်၊ တစ်ယောက်က ခွဲပြီဆိုတဲ့အခါ ဘာတတ်နိုင်တော့မလဲ၊ ခေါင်းတစ်ချက် ခါလိုက်ပြီဆိုတာနဲ့ ဇာတ်သိမ်းပြီပဲ၊ မငဲ့ညှာတော့ဘူးဆိုရင် တစ်ချက်လှည့်ကြည့်ဖော်တောင် ရတာမဟုတ်ဘူးလေ၊ ကိုယ်တွေ့ကြုံလိုက်ရတော့ ဒိုင်းဝန်ကိုလည်း ကြောက် ပါတယ်၊ မောင်ပုလဲကိုလည်း ကြောက်ပါတယ်ပေါ့ဗျာ"

"ဒီလိုဆိုရင်တော့ ခင်ဗျားဦးနှောက်ထဲက ခုနကိစ္စကို အဖြေရှာရ မလွယ်ဘူး"

စိတ်အလုပ်ရှုပ်သွားဟန်တူ၏။ ထို့ကြောင့် စကားလမ်းကြောင်းကို ကျွန်တော်ဖယ်လိုက်သည်။

"ကဲပါလေ၊ ဒါတွေထားလိုက်ပါ၊ တခြားအကြောင်း ပြောကြတာပေါ့"

လက်ဖက်ရည်ကြမ်း ထပ်ငှဲ့ရင်း "ပြောလည်း ပြော၊ အမဲခြောက်လည်း စားစမ်းပါဦး၊ အများကြီးပါ၊ ထမင်းစားချင်လည်း စား၊ ဟင်းကော ထမင်း

mgyoe.com

mgyoe.com


ရော ပိုထည့်လာတယ်" ဟု ပြောသည်။ "နေပါစေ၊ ကျွန်တော် စားလာပြီး သား" ဟု ဖြေသည်။ နွေးနေပြီဖြစ်သော လက်ဖက်ရည်ကြမ်းကို ကျွန်တော် သောက်သည်။ ကျွန်တော့်ဖန်ခွက်ထဲသို့ ထပ်ပြီးငှဲ့သည်။ "ဒါထက်... ခင်ဗျား ချင်းတောင်သွားဖို့ကော" ဟု ကျွန်တော် မေးသည်။ "လဆန်း ငါးရက်နေ့ သွားမယ်၊ လမ်းပန်းအသွားအလာ အဆင်ပြေပါစေ ဆုတောင်းရတာပဲ" ဟု ဖြေသည်။ ထို့နောက် "ဟိုသတင်းကကော ဘာမှဆက်မကြားတော့ဘူး လား" ဟု ကျွန်တော့်ကို မေး၏။ ကြားသမျှ ပြန်ပြောလိုက်သည်။ သတင်း စာပါ သတင်းများမှစကာ ရောက်တတ်ရာရာ ပြောလိုက်၊ ရေနွေးကြမ်း သောက်လိုက်၊ အမြည်းမြဲ့လိုက်နှင့် အတော်ကြာသွားသည်။ စပ်မိစပ်ရာ ပြော၍ကောင်းဆဲ သန်းသန်းရောက်လာ၏။ ဆီထမင်းစားရန် လာခေါ်ခြင်း ဖြစ်သည်။ ကိုထွန်းမြိုင်က မနက်စာ မစားနိုင်မည်စိုး၍ မလိုက်တော့ဟု ပြောကာ နေရစ်ခဲ့သည်။

ဝရန်တာတစ်လျှောက် လျှောက်လာရင်း စကားမဟမိကြ။ သန်းသန်း ခြေရှုပ်တိုက်သံ တဖျပ်ဖျပ်ကိုသာ ကြားရသည်။ အလယ်လှေကားရှိရာသို့ ရောက်လာတော့မှ...

"အစ်ကို့အမျိုးသမီး ဘယ်တော့ပြန်လာမလဲ"

သူ့ကို ပြောမပြခဲ့သော်လည်း ကိုထွန်းမြိုင်တို့ပြောပြ၍ ကြားပြီးဟန် တူလေ၏။

"ကြာဦးမှာပါ"

"သနားပါတယ်"

ခပ်တည်တည်နှင့် နောက်ရန် စိတ်ကူးရသည်။

"အိုး... ဘာလို့သနားရမှာလဲ၊ သူ့ဟာသူ အတတ်ဆန်းပြီး သွားနေတာ ကို"

သူ့ထုံးစံအတိုင်း မျက်လုံးဝိုင်းဖြင့် မော့ကြည့်လေ၏။

"ဘယ်ဟုတ်ဦးမလဲ အစ်ကိုရာ၊ လူဆိုတာ အမှားမကင်းပါဘူး၊ ကိုယ့် အမှား ကိုယ်သိလာလို့ ပြင်လာရင် တော်တယ်လို့ပြောရမှာပေါ့၊ အာဃာတ မထားပါနဲ့လေ"

ကျွန်တော် ခေါင်းခါပြလိုက်သည်။

mgyoe.com

mgyoe.com

"မမှားရဘူးလို့ ဘယ်သူကပြောလို့လဲ၊ မှားနိုင်ပါတယ်၊ မှားတဲ့အမှားအတွက် ဘယ်သူကတာဝန်ယူရမှာလဲ၊ ကိုယ့်အမှားကိုယ်ပဲ တာဝန်ယူပေါ့ဗျ"

သူ့အခန်းထဲသို့ ဝင်ခါနီးတွင်...

"ဒီလိုလည်း မရက်စက်ကောင်းပါဘူး အစ်ကိုရာ၊ တကယ်ပြောတာပါ၊ မနေ့ညကတောင် အိမ်မှာ အစ်ကိုတို့အကြောင်း ပြောမိသေးတယ်၊ ကျွန်မ ယောက္ခမနဲ့ယောက်မက အင်း ဒီလိုဖြစ်လာတော့လည်း ဝမ်းသာစရာပဲတဲ့၊ အစ်ကိုတို့ နှစ်ယောက်ကို သိပ်သနားကြတာ၊ သား အကြီးကောင်က ဘာပြောတယ်မှတ်လဲ၊ သနားစရာကောင်းတဲ့ ပုံပြင်စာအုပ်ထဲကထက်တောင် သနားတယ်တဲ့တော့၊ သိလား"

မဟုတ်စကားကို တမင်တကာ ပြောမည် ပြင်ထားသော ကျွန်တော့်နှုတ်သည် ငြိမ်ကျသွားလေ၏။ ကျွန်တော်နှင့်သွယ်တို့၏ဘဝ အတ္ထုပ္ပတ္တိသည် ကြားရသူတို့အဖို့ ကရုဏာသက်ရာသက်ကြောင်း ဖြစ်နေပြီလားဟု အတွေးရ၏။ ထိုအတွေးကြောင့်၊ ကုလားထိုင်တွင် ထိုင်မိချိန်အထိ နှုတ်ပိတ်နေမိလေသည်။

"ဆီထမင်းစားရင်း ငြင်းကြတာပေါ့"

ပြုံးပြရင်း အတွေးဖြတ်ပစ်ရသည်။

"ဟာ... ဟုတ်တာပေါ့"

ကြွေရည်သုတ် သံပန်းကန်ပြားထဲတွင် စားချင့်စဖွယ် ဆီထမင်း၊ ကြက်သွန်ကြော်၊ ပုစွန်ခြောက်ထောင်းကြော်နှင့် အုန်းသီးဖတ်တွေကို ဖြူးထား၏။

"အမျိုးသမီး ပြန်လာရင်တော့ ခုန အစ်ကိုပြောတာတွေ အားလုံးကို လေဆိပ်မှာတင် တစ်ခါတည်းတိုင်ပြောပစ်ရမယ်၊ ဟင်း... ဟင်း"

"အဲသလိုဆိုရင်..."

သူ့ကို လှမ်းကြည့်ရင်းနှင့် မျက်လုံးက နံရံသို့ရောက်သွားသည်။ မြင်နေကျ ပစ္စည်းတစ်ခုမဟုတ်မှန်း ချက်ချင်းသိသည်။ အနီရောင် ကောင်းကင်နောက်ခံနှင့် ဖူဂျီယာမမီးတောင်ရောင်စုံ ပြက္ခဒိန်ကားချပ် မဟုတ်တော့။ ကျွန်တော် ဘာကိုကြည့်မှန်း သူသိဟန်တူ၏။ နံရံသို့ သမင်လည်ပြန်လှည့်ကြည့်ကာ "ကျွန်မဆီမှာ မြန်မာစာ လာသင်နေတဲ့ ဆွီဒင်ကျောင်းသူက

mgyoe.com

mgyoe.com

လက်ဆောင်ပေးတာလေ" ဟု ပြော၏။ အလျားအနံနှစ်ပေခွဲတစ်ပေကျော်ရှိမည့် ပုဂံဓာတ်ပုံ၊ အာနန္ဒာဘုရား။

"ဖူဂျီမီးတောင် ပြက္ခဒိန်ပုံကြီးက လှတော့လှပါရဲ့၊ မြင်ရတာ ပူတယ်၊ ဒီဓာတ်ပုံက ရောင်စုံမဟုတ်ပေမဲ့ မြင်ရတာ အေးချမ်းတယ်"

သွယ်နှင့်လက်ထပ်ပြီးခါစက ပုဂံသို့ရောက်ခဲ့သည်။ အာနန္ဒာဘုရားဘေးတွင် ဆီထမင်းအတူစားခဲ့ပုံကို ကျွန်တော် သတိရသည်။ ဆွိဒင်ကျောင်းသူ၊ ကျောင်းသူ၊ ဆွိဒင်၊ ဆွိဒင် အမျိုးသား၊ တရားမဝင် အိမ်ထောင်ကျ၊ ငါးလနီးပါးအိပ်စက်..."

အတိတ်ဟူသောအရာ၏ ပဲ့တင်ဂယက်တွေကို ခုတ်ထစ်ပစ်ချင်သည်။

* * *

စနေနေ့လိုပင် လူစည်ကားလှသည်။

တစ်ယောက်နှင့်တစ်ယောက် မထိအောင် မနည်းရှောင်ရသည်။ အသွေးအရောင် အမျိုးမျိုးရှိသော၊ သဏ္ဍာန်ကွဲပြားသော အရွယ်ခြားနားသော သက်ရှိတွေ၊ ကျောင်းသူကျောင်းသားတွေ၊ အလှအပ ရောင်းသူဝယ်သူတွေ၊ စီးပွားရေး အကြံအဖန်သမားတွေ၊ ဆေးလိပ်ရောင်းသူတွေ၊ မျက်လုံးအလိုသို့ လိုက်သူတွေ၊ အလှပြသူတွေ၊ ဈေးဝယ်သူတွေ ခြေရာချင်း ထပ်နေလောက်ပေပြီ။ ရနံ့တွေက တစ်ဦးကိုတစ်ဦး ဖြတ်သန်းသွားသည်။ အဆင့်ဆင့်သော အနီရောင်များ၊ ပန်းနုရောင်များ၊ ငွေပြာရောင်များ၊ အပြာရောင်များ၊ အစိမ်းရောင်များက နှုတ်ခမ်းတွေပါးတွေ မျက်ခွံတွေ လက်သည်းချွန်တွေပေါ်တွင်၊ စကားလုံးမကွဲသော အသံများ၊ ညမွှေးရယ်မောသံများ၊ ပြောင်စပ်စပ် မျက်နှာများ၊ ညှို့မျက်နှာ၊ မာနမျက်နှာများကို ကျော်လွန်လာရ၏။

ဆိုင်ရှေ့သို့ရောက်သောအခါ ဆိုင်တွင် လူကျလျက်ရှိလေသည်။ ကြီးကြီးမေသည် ယွန်းထည်သုံးလေးခုကို စက္ကူအိတ်ထဲသို့ ထည့်နေသည်။ လူငှားမောင်နှမနှစ်ယောက်စလုံးမှာ လက်မလည်။ ဝယ်သူကို ပစ္စည်းအကြောင်း ပြောနေသူကောင်မလေးက ကောင်လေးကို လှည့်ပြီးပြောသည်။ ဗီရိုထဲရှိ ရွှေပိန်းချစီးကရက်ဘူးကို ကောင်လေးက ခုံဆင့်ပြီးတက်ယူသည်။

mgyoe.com

mgyoe.com


ကောင်မလေးက လှမ်းယူပြီး ဝယ်သူထံကမ်းသည်။ ဆိုင်ရှေ့သို့ကပ်လာပြီး ဗီရိုသို့မော့ကြည့်နေသူ အဘိုးကြီးနှင့် အဘွားကြီးကို "ဘာများ အလိုရှိပါ သလဲရှင်၊ ပစ္စည်းမှန်ပါတယ်၊ မောင်လေးရေ၊ ဟောဒီ ကြီးကြီးတို့ကို လိုချင် တဲ့ ပစ္စည်းယူပြလိုက်ပါကွယ်" ဟု ပြောသည်။ ထို့နောက် ကြီးကြီးမေကို "ကျပ်တန် ခြောက်ရွက်လောက်ရှိလား ကြီးကြီးမေ" ဟု လှမ်းပြောသည်။ ကြီးကြီးမေက ယွန်းသေတ္တာကို ဖွင့်ပြီး ကျပ်တန်တွေကို ကမန်းကတန်းရွေး ကာပေး၏။ ဆိုင်ပေါ်သို့ ကျွန်တော်တက်ခါနီးတွင် ကြီးကြီးမေ မြင်၏။ တစ်ချက်ပြုံးပြပြီး ဝယ်သူဘက်သို့လှည့်ကာ ပိုက်ဆံအမ်း၏။ ဖိနပ်ချွတ်ယူပြီး ဆိုင်ပေါ်တင်လိုက်၏။ ဆိုင်ပေါ်သို့ရောက်သောအခါ "ကိုတွတ်၊ ငါလည်း ကူရောင်းပေးမယ်ကွာ။ နေ့တွက်ပေးမလား" ဟု ကောင်လေးကို ပြောလိုက် သည်။ "ဟာ ပေးမှာပေါ့" ဟု ပြုံးရယ်ကာ ဖြေသည်။ "ဩော်... အစ်ကို လေး" ဟု လှည့်၍ နှုတ်ဆက်သော ကောင်မလေး၏အသံက တစ်ဝက် တစ်ပျက်၊ ဝယ်သူက ဈေးဆစ်၍ "မရပါဘူးရှင်၊ ရွှေက ရွှေအစစ်ပါ၊ ရွှေမင် မဟုတ်ပါဘူး၊ ရွှေဈေးအရမ်းတက်လာတာလည်း ကြီးကြီးတို့အသိပါပဲ၊ စိစ္စေးကလည်း သိပ်ဈေးတက်လာတော့ အဲသလောက်ရောင်းရင် မကျန် ပါဘူး၊ အခု ဆယ့်ခြောက်ကျပ်ဆိုတာ ငါးမူးပဲ ကျန်ပါတယ်" ဟု လှမ်းပြော သည်။ ဝယ်သူတစ်ယောက်က ကျွန်တော့်ကို "အဲဟိုဇန်းရယ် တို့ဖတ်ဘူးရယ် ပြစမ်းပါ" ဟုမေးရာ ကျွန်တော် မဖြေတတ်၊ ဈေးပြောမှားမည်စိုးသည်။ ကိုတွတ်က ဈေးမေးသံကြား၍ ဝင်ဖြေသည်။ "မနည်းပါလား" ဟု ညည်း ရင်း ပစ္စည်းနှစ်ခုကို ပြန်ပြီးပေးသည်။ "ပြောပါ၊ ပေးချင်တဲ့ဈေးကိုပြောပါ" ဟု ကိုတွတ်က ပြောသော်လည်း ဝယ်မည့်သူက လှည့်ထွက်သွားသည်။

ခဏအကြာတွင် လူပါးသွား၏။ တစ်ယောက်စ နှစ်ယောက်စသာ။

ကိုတွတ်တို့ မောင်နှမနှစ်ယောက်က မနက်စာစားကြသည်။ ကြီးကြီးမေ က ကျွန်တော့်ကို မေးသည်။

"စာထည့်ခဲ့ပြီးပြီလား"

"ဒီမလာခင် တက္ကသိုလ်စာတိုက်ကနေ မှတ်ပုံတင်ပြီး ထည့်လိုက်ပါ တယ်"

ခေါင်းညိတ်သည်။

mgyoe.com

mgyoe.com


"ကောင်မလေး တော်တော့်ကို ပျော်သွားမှာပဲကွယ်"

"အေးလေ... ပြန်လာရတော့မယ်ဆိုတော့ သိပ်ဝမ်းသာသွားမှာပါ"

ကိုတွတ်က ထမင်းစားနေရာမှ လှမ်းမေးသည်။

"အစ်ကိုလေး... မမမီ ပြန်လာတော့မယ်လား"

ကျွန်တော် ခေါင်းညိတ်အဖြေပေးလိုက်၏။ စိတ်ဝင်စားစွာဖြင့် နားစွင့်ကာ ကြည့်နေသော အစ်မဖြစ်သူကို ကိုတွတ်က ဝမ်းသာအားရ ပြောလေသည်။

"မမနီ... မမမီပြန်လာတော့မယ်တဲ့"

ကျွန်တော့်ကို မေးသည်။

"ဟုတ်လား အစ်ကိုလေး၊ ဘယ်တော့လောက်ပြန်ရောက်မလဲဟင်"

"ဟုတ်တယ် နီနီ၊ တစ်နှစ်လောက်နေရင် ပြန်ရောက်မှာပေါ့"

ထမင်းလုတ်ကို ခံတွင်းထဲသို့ ထည့်မည့်ဆဲဆဲတွင် နီနီ၏လက်က တုံ့သွား၏။

"ဟင်... တစ်နှစ်၊ အကြာကြီးစောင့်ရဦးမှာပါကလား"

"ပြန်လာချင်တဲ့ ဆုံးဖြတ်ချက်ကို ခိုင်မခိုင် တစ်နှစ်လောက်အချိန်ယူစဉ်းစားပါလို့ တို့က စာရေးလိုက်တာကိုး"

"တို့ဆိုတဲ့ စကားထဲမှာ ကြီးကြီးမေ မပါမှာအမှန်ပါ၊ အစ်ကိုလေး တစ်ယောက်တည်းရဲ့သဘောပဲ ဖြစ်ပါလိမ့်မယ်"

ကျွန်တော်က ပြန်မဖြေ၊ ရယ်၍နေလိုက်သည်။ ထိုကလေးမလေးတို့မောင်နှမနှစ်ယောက်နှင့် ကျွန်တော်တို့မှာ ဆွေမျိုးသားချင်းတွေလို ခင်မင်ရင်းနှီးလျက်ရှိ၏။ လခစားအလုပ်သမား၊ အလုပ်ရှင်သဘော မရှိကြ။ အကြောင်းမသိသူတွေအဖို့ဆိုလျှင် ကြီးကြီးမေ၏သားသမီးဟု ထင်ကြသည်။ နီနီက နှစ်ဆယ့်နှစ်နှစ်သာသာ။ ကိုတွတ်က တစ်နှစ်ကျော်ငယ်၏။ ဆယ်တန်းကို နှစ်ကြိမ်စီ သုံးကြိမ်စီကျပြီး၍ ကျောင်းဆက်မတက်ကြတော့။ ကြီးကြီးမေ၏ဆိုင်တွင် အလုပ်ဝင်လုပ်ကြသည်မှာ လေးငါးနှစ်ကျော်ပေပြီ။ သူတို့နှစ်ယောက်စလုံးနှင့် သွယ်နှင့် ရင်းနှီးကျွမ်းဝင်ကြသည်။

"ကျွန်တော်သာဆို အစ်ကိုလေးရဲ့စာကို စောင့်မနေတော့ဘူး၊ တစ်ခါတည်း ထပြန်မှာပဲ"

mgyoe.com

mgyoe.com

နီနီက ထမင်းငုံ့စားနေခိုက် ကိုတွတ်က ထမင်းဝါးသံနှင့် ပြောသည်။ သူ့စကားနှင့် ပြောပုံပြောလက်ကြောင့် ကြီးကြီးမေက ပြုံး၏။

"တားတဲ့လူက အတန်တန်တားတဲ့ကြားက အိမ်ပေါ်က ဖွတ်ဆင်းသွားပြီးရင်တောင် ပြန်တက်ဖို့ကျတော့ ခက်တက်တက် ဖြစ်ရသေးတာပဲ ကိုတွတ်ရာ၊ ခုဟာက တခြားနိုင်ငံကွ"

လွှတ်ခနဲ ပြောပြီးမှ ရပ်လိုက်သည်။ ထိုစဉ် "သား လက်သုပ်စုံစား မလား" ဟု ကြီးကြီးမေက လှမ်းမေးသည်။

မျက်နှာအရိပ်အကဲကို ကျွန်တော် သိသည်။ ဆက်၍မပြောစေချင်သော မျက်နှာထား။ မဆာကြောင်း၊ မစားလိုကြောင်း ပြန်ဖြေလိုက်သည်။

ရင်ပြည့်လျက် ရှိလေသည်။

* * *

အလျှော့ပေးပါပြီဟုဆိုခါမှ တင်းပစ်ခြင်းမျိုး၊ အရှုံးပေးပါပြီဆိုခါမှ အနိုင်ယူလိုက်ခြင်းမျိုး မဖြစ်အောင် သတိကြီးစွာထား၍ စာရေးခဲ့သည်။ ကျွန်တော့်သဘောထားကို ဖြောင့်မတ်စွာ နားလည်အောင် ရေးရသည်။ ထိုအခါ စကားအသုံးအနှုန်းမကြမ်းအောင် ရွေးချယ်ရသည့်အလုပ်တစ်ခု ပိုလာသည်။ ထို့ပြင် တမင်အရွဲ့တိုက်ပြီး ရေးလိုက်သည်ဟု မထင်စေရန် အကျိုးသင့် အကြောင်းသင့် ဆက်စပ်ပြရသည်။

ပထမစာကိုရကတည်းက ကိုယ် အဲဒီကိစ္စကို ရေးချင်ပါတယ် သွယ်၊ ဒါပေမဲ့… မရေးဘဲ နေခဲ့တယ်၊ ပြန်လာပါ… ပြန်မလာပါနဲ့ ဆိုတဲ့ ကိုယ့်စကားကို မျှော်လင့်နေတဲ့သူအတွက် ကိုယ့်ဆီက အဖြေဟာ သိပ်အရေးကြီးမယ်လို့ သိပါတယ်။ တစ်ခုတွေးမိတာရှိတယ်။ ကိုယ့်ဆီကို ပြန်လာချင်တယ်ဆိုတဲ့ သွယ့်စကားဟာ အမှတ်တမဲ့ ပြောလိုက်တဲ့ စကားလားလို့ ကိုယ်တွေးမိတယ်၊ ဒါအမှန်ပါ။ ရိုးရိုးသားသားတွေးမိတဲ့ အတွေးတစ်ခုပါ သွယ်။ ဘာဖြစ်လို့ဆိုတော့ တစ်ခါတလေမှာ လွှတ်ခနဲ အမှတ်မထင်ပြောတတ်တဲ့ အလေ့ရှိတယ် မဟုတ်လား။ စိတ်ထဲမှာရှိတဲ့အတိုင်း လေးလေးနက်နက် စဉ်းစားပြီးမှ တစ်ခွန်းဆိုဆိုသလောက် ပြောတတ်သူလည်း ရှိတာပေါ့။ သွယ့်

mgyoe.com

mgyoe.com


ကို အမှတ်မထင် ပေါ့ပေါ့ဆဆ ပြောတတ်တဲ့သူလို့ စွပ်စွဲလိုက်တာ မဟုတ်ဘူး။ ရှိတတ်တဲ့သဘာဝကို ပြောတာလို့ နားလည်ပါ။ ခုအချိန်မှာ သွယ် ဘယ်လိုရှိမယ်ဆိုတာကို ကိုယ်သဘောပေါက်အောင် ကြိုးစားပါတယ်။ သမီးကြောင့် ခံစားရတဲ့အချက်ကို ကိုယ် အဓိကထားပြီး စဉ်းစားပါတယ်။

ပူဆွေးသောကတွေဖြစ်နေတဲ့အချိန်မှာ ရေးလိုက်တဲ့ စာမို့လို့ တစ်မျိုးတွေးမိတယ်လေ။ အဲဒီဝေဒနာတွေ သက်သာလို သက်သာငြား စိတ်ကူးမိတာလည်း ဖြစ်ချင်ဖြစ်နိုင်တယ် ကိုယ့်ဆီကို ပြန်လာပြီဆိုရင် ကိုယ့်ရဲ့နှစ်သိမ့်စကားတွေ ကြားရမယ်၊ ပူပန်သောကဖြစ်သမျှကို ကိုယ့်စကားတွေက ကုစားပေးနိုင်လိမ့်မယ်လို့ သွယ် ယူဆမိတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ သွယ့် ရင်ထဲမှာ ခံစားနေရတာတွေကို အားပါးတရ ဖွင့်ပြောချင်စိတ်ကြောင့်လည်း ပြောမိပြောရာ ပြောလိုက်တာမျိုးလည်း ရှိကြတာကိုး။

သွယ့်ရင်ထဲမှာ ကိုယ့်ဆီကို ပြန်လာချင်တဲ့ စိတ်ကြောင့်ပဲ ပြန်လာချင်တယ်လို့ ရေးတာ ဟုတ်မှ ဟုတ်ပါ့မလားလို့ အောက်မေ့တယ်။ ကိုယ် မညာဘူး။ သွယ် စိတ်ကောင်းအောင် လိမ်ပြီးတော့လည်း မပြောချင်ဘူး လေ။ သံသယဖြစ်မိတာ အမှန်ပါပဲ သွယ်။ သွယ့်အဲဒီစာကိုဖတ်ရတာ သွယ် ရေးတဲ့စာမှ ဟုတ်ပါလေစလို့ ကိုယ်တွေးမိတယ်။ မယုံနိုင်အောင် အံ့အားသင့်ရတယ်။ တစ်ယောက်ယောက်က သွယ်လက်ရေးအတုနဲ့ သွယ့်ကိုယ်စားများ နောက်ပြောင်ပြီး ရေးလိုက်တာလားလို့တောင် ဖြစ်ရတယ်။ ဒါ ကိုယ် တစ်ယောက်တည်း မဟုတ်ဘူး၊ ကြီးကြီးမေက သွယ့်စာကို အခေါက်ခေါက်အခါခါဖတ်တယ်၊ ပြီးတော့ သွယ်ရေးတာ အစစ်လို့သိကြတာ တခြားပါ၊ မယုံကြည်နိုင်လောက်အောင် အံ့သြကြရတယ်ဆိုတာက တသီးတခြားပါ၊ ဒီကမ္ဘာ ဒီအသက်မှာ ဘယ်တော့မှ ပြန်မလာဘူးလို့ ယတိပြတ်သိနေတဲ့ အသိကို ဘယ်လိုလုပ်ပြီး ဖယ်ပစ်နိုင်ပါ့မလဲ သွယ်၊ သွယ်မှတ်မိမှာပေါ့၊ အလုံးစုံမှတ်မိနေဦးမှာပါ၊ ပြန်စဉ်းစားကြည့်ပေါ့လေ၊ ပြန်လာလိမ့်မယ်လို့ တစ်ကွက်တလေ တွေးမိနိုင်

mgyoe.com


တဲ့အနေအထားတွေ ရှိခဲ့ရဲ့လားသွယ်...

သူ့စကားတွေ၊ အပြုအမူတွေကို ပြန်လည်ရေးပြလိုက်ချင်သည်။ ထိုရာဇဝင်စလျှင် သူနှင့် ကျွန်တော် ချစ်သူဘဝမှ စရပေလိမ့်မည်။ ဩစတြေးလျ၊ အနောက်ဂျာမနီနှင့် အမေရိကန်ဟူသော အမည်တွေကို မကြာခဏ ကြားရသည်။ ထိုနိုင်ငံများရှိ ဆွေမျိုးသားချင်းများအကြောင်းကို နားရည်ဝလာသည်။ လက်ဆောင်ပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ ဓာတ်ပုံတွေ၊ ရောင်စုံ ပို့စကတ်တွေကို မြင်တွေ့ခဲ့ရသည်။ သူ့ဖခင်၏ညီအရင်း မိသားစု၊ သူ့မိခင်၏အစ်မမိသားစုနှင့် တစ်ဝမ်းကွဲ မောင်နှမများနေထိုင်ရာ ဩစတြေးလျနိုင်ငံ အကြောင်းကို သူ့တို့အိမ်တွင် နားယဉ်လာသည်။ လက်ထပ်ပြီးနောက်တွင် ပို၍ကြားရဖန်များလာ၏။ ဆစ်ဒနီမြို့ရှိ သူ့အဒေါ် မိသားစု၊ မဲလ်ဘုန်းရှိ သူ့ဦးလေးမိသားစု၊ ကင်ဘာရာရှိ သူ့အဒေါ်မိသားစုများ၊ သူ့ဝမ်းကွဲညီအစ်မ မောင်နှမများ၊ အမည်နာမဓာတ်ပုံနှင့်တကွ မြင်တွေ့သိရှိလာရသည်။ ပေးပို့သော ပစ္စည်းပစ္စယတို့တွင် ကျွန်တော့်အတွက်ပါ ရည်စူးပါလာသည်။ ကျွန်တော်ထံ သီးခြားစာရေးသူတွေ ရှိလာသည်။ သူတို့၏စီးပွားရေးလုပ်ငန်းများ အကြောင်းမှအစ သာကြောင်း မာကြောင်း ဖျားနာကြောင်းတွေ ကျွန်တော် သိရသည်။ ထို့ပြင် အခြားတစ်ခုကိုပါ ကျွန်တော် သိလာရလေ၏။ သူ့ ထိုဆွေမျိုးတွေကို သူ သိပ်အားကိုးလွန်းသည့်၊ အထင်ကြီးလွန်းသည့်အချက် တစ်ချက်။

အထင်ရှားဆုံးမှာ ဆစ်ဒနီရှိ သူ့အဒေါ်က သူ့ဖခင်ထံသို့ ရေးလိုက်သောစာကိုရသည့်နေ့။ ထိုစာကို သူ့ဖခင်ကထုတ်ပြ၍ သူနှင့်အတူ ဖတ်ရ၏။ ဩစတြေးလျသို့ ပြောင်းရွှေ့လာစေလိုကြောင်း၊ နေရေးထိုင်ရေးမှအစ အဘက်ဘက်ကိစ္စအဝဝကို သူတို့တာဝန်ယူကြောင်း၊ လာရောက်နေထိုင်မည် ဆိုက အစီအစဉ်များ ပြုလုပ်ထားမည်ဖြစ်ကြောင်း ရေးသားထား၏။ စာဖတ်၍ ပြီးပြီးချင်း "လာနေမယ်လို့ မေမေတို့ စာရေးလိုက်လေ၊ သမီးတို့အားလုံး အဲဒီမှာ သွားနေကြရအောင်" ဟု သူပြောလေသည်။ "ဘယ့်နှယ်လဲ၊ ရှင်လည်း သဘောတူတယ် မဟုတ်လား၊ ဟိုမှာ တက္ကသိုလ်တွေအများကြီးပါ၊ ရှင့်အတွက် အလုပ်ရမှာပေါ့" ဟု ကျွန်တော့်ကို ပြောသည်။ ပြုံးပြလိုက်သည်။ စကားပမာသက်သက်ဟု ကျွန်တော် ထင်သည်။

mgyoe.com

mgyoe.com


ထိုနေ့မှ အစပြုကာ၊ နေ့စဉ်ရက်ဆက်ဆိုသလို ထိုအကြောင်း ထိုသတင်းများကို ကျွန်တော် ကြားရသည်။ ဤတွင် ကျွန်တော် စိုးရိမ်လာရသည်။ အခြေအနေတို့သည် တစ်နေ့ထက်တစ်နေ့ လေးနက်လာသည်။ သူ့ဖခင်နှင့်မိခင်က သူတို့ဆုံးဖြတ်လိုက်ကြောင်း ပြောပြသည်။ မည်သို့ပြန်လည်ပြောရမည်ကို စကားရှာမရ။ ထို့ပြင် သွယ့်သဘောထားကို ထုတ်ဖော်ပြောပြလေသည်။ သွယ်သည် မိဘနှစ်ပါးရှိရာသို့ လိုက်ပါနေထိုင်သည်ဟု သိရသည်။ ကျွန်တော့်ကို အဘယ်ကြောင့် မဖွင့်ဟခဲ့လေသနည်း။ တိုင်ပင်သမှုမပြုခဲ့ခြင်းအတွက် အခံရခက်ခဲ့သည်။ သူ့ဖခင် မိခင်တို့၏သဘောထားကို ကျွန်တော် သိရပြန်သည်။ သွယ့်ကို ခေါ်မသွားချင်။ သည်မှာပင် နေစေချင်သည်။ ကျွန်တော့်စိတ်ဆန္ဒကို တင်ကြိုသိသည်။ ကျွန်တော်သည် ကျွန်တော့်ဘဝကို သည်မြေကြီးပေါ်တွင်သာ တည်ဆောက်ထားသည်ဟု။ ကျွန်တော့်ကိုခေါ်၍ မရနိုင်ကြောင်း သိလည်း သိသည်။ ခေါ်လည်း မခေါ်လိုပါဟု ပြောကြသည်။ ပြဿနာမှာ သွယ်။ မိဘနှစ်ပါးနှင့်အတူ လိုက်နေမည်ဟု ပြောကြောင်း၊ သူ့ကိုခေါ်မသွား၍ မလိုက်ရပါက သူ့ကိုယ်သူ တစ်ခုခုပြုလုပ်ပစ်မည်ဖြစ်ကြောင်း ကြားရသည်။ သွယ်သည် ခေါင်းမာစွာ ပြုလုပ်လေ့ရှိသူဖြစ်၍ စိုးရိမ်ကြောင်း၊ ချော့မော့တားဆီးသော်လည်း မရကြောင်း၊ ကျွန်တော် မည်သို့ဖြစ်စေလိုသည်ကို သူတို့သိလိုကြောင်းပြောပြသည်။ ချက်ချင်း ပြန်လည်မဖြေနိုင်အောင် စိတ်အကျပ်အတည်း တွေ့ရလေ၏။ အိမ်သို့ပြန်ရောက်သောအခါ သွယ်နှင့် ဆွေးနွေးပြီး အကြောင်းပြန်ပါမည်ဟု ဖြေခဲ့ရသည်။ ပြောသာပြောခဲ့ရသည်၊ ဆွေးနွေးခြင်းထက် စကားများ ရခြင်းအဆင့်တွင် ရှိခဲ့ရလေသည်။ အေးစက်မာကျောလှစွာသောအဖြေနှင့် ဦးစွာရင်ဆိုင်ရချေ၏။

"ဘယ်လိုမှ ကျွန်မ မပြင်နိုင်ဘူး၊ ကျွန်မ လိုက်သွားမယ်"

"အို... ပြောတာက လွယ်လိုက်တာ၊ သားတွေ သမီးတွေရယ် လင်သားရယ်ဖြစ်နေတဲ့ဘဝမှာ ကိုယ်တစ်ယောက်တည်း ထင်ရာလုပ်ချင်တိုင်း ဘယ်ရမလဲ သွယ်"

"ဘာလို့မရရမှာလဲ၊ သမီးကိုခေါ်သွားမယ်၊ ရှင်လည်း လိုက်ခဲ့ရမယ်"

"မလိုက်လည်း မလိုက်နိုင်ဘူး၊ မင်းလည်း လိုက်မသွားရဘူး၊

mgyoe.com

mgyoe.com

အလကားအဓိပ္ပာယ်မရှိ၊ နိုင်ငံခြားမှာ သွားနေချင်တဲ့ရောဂါကို အကောင်းမှတ်နေတယ်”

“ဘာအဓိပ္ပာယ်မရှိရမှာလဲ၊ အဓိပ္ပာယ်မရှိတာက ရှင်၊ ရှင့်ကိုယ်ရှင် သိရဲ့လား၊ ဒုက္ခတွေကြားထဲမှာ ရှင်တစ်ယောက်တည်းနေခဲ့ချင်နေခဲ့ပါ၊ ကျွန်မကို ဆွဲနှစ်ထားဖို့ ရှင်မကြိုးစားပါနဲ့”

သို့သော် ကြိုးစားပြီး ပြောမိသေးသည်။

“ဒုက္ခမဟုတ်ဘူး သွယ်၊ တစ်ယောက်ချင်းရော၊ တစ်တိုင်းတစ်ပြည်လုံးရော လုပ်ရမှာတွေ ပြောမကုန်အောင် ကျန်သေးတယ်။ စိုက်သလို ပျိုးသလိုလုပ်ကြရမှာပါ။ မြေမာရင်မြေဖွရမယ်။ ရေမရရင် ရေရအောင်လုပ်ရမယ်၊ ပိုးကျရင် ပိုးမကျအောင်လုပ်ရမယ်၊ မြေဩဇာခန်းနေရင် မြေဩဇာထည့်ပေးရမယ်။ ပေါင်းပင်များရင် ပေါင်းတွေနုတ်ပစ်ရမယ်၊ ဝိုင်းလုပ်ရမယ်၊ စိတ်ပျက်စရာမရှိတဲ့...”

“အဲဒီတရားတွေ ကျွန်မကို ဟောနေမယ့်အစား ဟောဟိုကက်ဆက်ထဲကို အသံသွင်းပြီး ရှင့်ဘာသာရှင် မကြာခဏပြန်ပြီး နားထောင်ဖို့ ကောင်းတယ်”

“မဟုတ်ဘူး သွယ်၊ ကိုယ်ပြောမယ်၊ ဒီဘက်ခေတ်မှာက နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးကိစ္စတွေ ဘာတွေဆိုတာ တခြားနိုင်ငံရဲ့ အဲဒါတွေ အုပ်စုနိုင်ငံရဲ့ အဲဒါတွေနဲ့ ပတ်သက်နေတာ၊ ညစ်ပတ်တာတွေ ချောက်တွန်းတာတွေ အကျပ်ကိုင်တာတွေနဲ့ မဟုတ်လား၊ သူ့ဘက်အုပ်စု ကိုယ့်ဘက်အုပ်စုတွေနဲ့ လူတန်းစားတိုက်ပွဲ...”

“ဒါတွေ ကျွန်မ နားလည်း မလည်ဘူး၊ စိတ်လည်း မဝင်စားဘူး ကိုစောလွင်၊ ကျွန်မတို့မျိုးက နိုင်ငံရေးလုပ်တဲ့မျိုးမဟုတ်ဘူး၊ စီးပွားရေးသမားတွေလို့ ရှင်အပြစ်ပြောချင်လည်း ပြောပေါ့၊ လူ့ဘဝမှာ ပိုက်ဆံမရှိရင် လူဖြစ်ရကျိုး မနပ်ဆုံးပဲ၊ ဒီတော့ ရှင်ဆက်ပြောရင် အာညောင်းရုံပဲ ဖြစ်လိမ့်မယ်”

“ဘဝဆိုတာ ရေကြည်ရာမြက်နုရာ ရွှေ့တာမှ မဟုတ်တာ၊ အတောမသတ်အောင် ရွှေ့မဆုံးဖြစ်နေမှာပဲ။ ရေကြည်ပြန်ထွက်အောင် မြက်နုပြန်ပေါက်အောင် ပြန်လည်ဖန်တီးကြရမယ်၊ ဒါကို ဝိုင်းပြီး အစွမ်းကုန်...”
mgyoe.com

mgyoe.com

"ဗဟုသုတအဖြစ် ကြားဖူးရတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်၊ ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ပြင်လာလိမ့်မယ်လို့ မျှော်လင့်ပြီး ပြောတာဆိုရင်တော့ အပိုပဲဖြစ်မှာပဲ"

ကျောက်တုံးကို ဆီကြိတ်သကဲ့သို့ ရှိချေပြီ။ နာယူလက်ခံလိုခြင်းမရှိသူကို မည်သည့်စကား မည်သို့အပြောကမျှ နားဝင်ချိုစေနိုင်စွမ်းမရှိဟု သိရလေပြီ။ သူကောင်းဖြစ်လို၍ တစ်ရွာသို့ ပြောင်းလိုသော သွယ်ကို တစ်တောပြောင်းမိ၍ သေရရှာသော ကျားအကြောင်း ပြောပြလျှင်လည်း ထူးတော့မည် မထင်၊ ထို့ကြောင့် အခွင့်အလမ်းကုန် အသုံးပြုကာ ပိတ်ပင်စကား ကျွန်တော် ပြောရလေသည်။

"ကိုယ်နည်းနည်းမှ သဘောမတူဘူး၊ ခွင့်မပြုနိုင်ဘူး၊ မင်းမလိုက်ရဘူး၊ ကိုယ့်ခွင့်ပြုချက်မရရင် မင်းဘာမှမလုပ်ရဘူး၊ ဒါပဲ"

လှောင်ရယ် ရယ်သံက နားတွင် ယခုတိုင် စွဲနေသေး၏။

"လင်သားတစ်ဦးကို ကျွန်မက မလေးမစားလုပ်တာလည်း မဟုတ်ဘူး၊ မပြောမဆို ထင်ရာထလုပ်တာလည်း မဟုတ်ဘူး၊ အကျိုးအကြောင်း ပြောပြတယ်၊ တိုင်ပင်တယ်၊ ကျွန်မက သွားချင်တယ်၊ ရှင့်ဆန္ဒက မသွားစေချင်ဘူး၊ ရှင်လိုက်ခဲ့ဖို့ကို စိတ်မကူးဘူး၊ ဒီတော့ ကျွန်မဘက်ကိုလည်း ကြည့်ဦးလေ၊ ဒီမှာ နေခဲ့ဖို့ ဘယ်လိုစိတ်ကူးလို့ရနိုင်ပါ့မလဲ၊ အဖြေက ရှင်းပါတယ် ကိုစောလွင်၊ လမ်းခွဲလိုက်ရင် ပြီးတာပါပဲ"

မပြောသင့် မပြောထိုက်သော စကားကို အဆုံးစွန်ဆုံးဆိုချေပြီ။ တုန်လှုပ်သွားမှန်းသိလျှင် ပြောအားပို၍ ကောင်းမည်၊ သို့ဖြစ်၍ အတည်ငြိမ်ဆုံးဣန္ဒြေဖြင့် ကျွန်တော် နေခဲ့ရသည်။ အပြေပြစ်ဆုံးစကားဖြင့် ပြန်ပြောရသည်။

"သမီးကို မိတကွဲဖတကွဲဘဝနဲ့ မကြီးပြင်းစေချင်ဘူး သွယ်၊ သွယ် ဒါကို လေးလေးနက်နက် စဉ်းစားသင့်တယ်"

"လင်နဲ့မယား သဘောချင်း မတိုက်ဆိုင်လာတဲ့အခါမှာ ဒါတွေက ပေါ်ပေါက်တတ်တာ ဓမ္မတာပါပဲ ကိုစောလွင်၊ သမီးဟာ မိတကွဲဘဝနဲ့တော့ ဘယ်လိုမှ ကျွန်မအဖြစ်မခံနိုင်ဘူး"

ကြေကွဲဖွယ်ရာ ပြင်းပြင်းထန်ထန်စကားတွေကို ဆက်တိုက်ကြားရပြန်သည်။ ဝိညာဉ်မဲ့စွာ နားထောင်နေချင်သော စိတ်ဓာတ်တွေပင် ဖြစ်ပေါ်

mgyoe.com

ခဲ့ရသည်။ အာစက် လျှာစက်တွေ ကုန်ခန်းချေပြီလားဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိသည်။ မည်သူ့ကို ရည်စူးမှန်း မကွဲပြားနိုင်သော ဒေါသတွေက အစိုင်ဖွဲ့လာလေ၏။ ပေါက်အောင် ဖောက်မထုတ်နိုင်သော ဒေါသတွေက အတွင်း၌ လှိုက်၍စားလာ၏။ တည်ဆောက်ခဲ့သည့် အိမ်ထောင်ရေးတစ်ခု ကို မျက်စိရှေ့မှောက်တွင် အပျက်အစီးခံရတော့မှာလားဟု ပူပန်လာ၏။ တုပ်နှောင်ဟန့်တား၍ မရနိုင်သည်ကို သိရချေ၏။ တွယ်တာမှု အနှောင်အဖွဲ့ ကိုပင် ပမာဏမပြုနိုင်သူအဖို့ မည်သည့်လှောင်ချိုင့်တွင်းမှမဆို ရုန်းဖျက် ထွက်သွားနိုင်စွမ်းရှိပြီး ဖြစ်လိမ့်မည်ဟု ယုံရချေသည်။

တကယ်လို့ တစ်ယောက်နဲ့တစ်ယောက် ရေခြားမြေခြားဖြစ် နေရတယ်ထား။ သွယ့်ဆီက အကြင်နာဖက်တဲ့စာတွေ ဖတ်ရသေး တယ်ဆိုရင် ကိုယ့်အဖို့ ဖြေသာသေးတယ်ပေါ့။ သွယ်ရေးတဲ့စာက တကယ့်ဝတ်ကျေတန်းကျေ။ ကြီးကြီးမေဆီကို ရေးတဲ့စာကမှ သမီး နေကောင်းတယ်၊ ပျော်တယ်၊ အစား အသောက်တွေ ဘယ်လိုစား တယ်၊ ဘယ်တွေလျှောက်လည်တယ်၊ ဘယ်ဆွေမျိုးက ဘယ်လိုစီစဉ် ပေးတယ် စတဲ့ဟာတွေနဲ့ တော်တော်ရှည်သေးတယ်။ သွယ့်စာထက် ဦးလေးတို့ အဒေါ်တို့ရေးလိုက်တဲ့စာကမှ စိကာပတ်ကုံးနိုင်သေး တယ်။ သွယ့်စာတွေက သူစိမ်းတစ်ရံဆံဆီ တိုတိုတောင်းတောင်း ရေးခဲ့တာမျိုးလို့ ခံစားရတယ်။ အမှန်က သွားဖို့ အစီအစဉ်တွေ လုပ်နေကတည်းက အဲဒီဝေဒနာမျိုး ခံစားခဲ့ရတာပါ။ ဒါပေမဲ့... ရှုပ်ထွေး ညစ်ညူးနေတဲ့စိတ်ကြောင့် ဘာရယ်အမည်တပ်မရခဲ့တာ ဖြစ်ပါလိမ့်မယ်၊ ဦးလေးနဲ့ အဒေါ်ရဲ့ကိစ္စတွေကို ကိုယ်လိုက်ပြီး ဆောင် ရွက်ပေးရတာနဲ့ သွယ့်အတွက် ဆောင်ရွက်ပေးရတာတွေက လုပ်ငန်း အရလည်း မတူဘူး၊ သဘာဝအရလည်း မတူဘူး၊ ပတ်ဝန်းကျင်ရဲ့ နားလည်မှုကလည်း မတူဘူး။ ဒါပေမဲ့လည်း ကိုယ်နားလည်တာက အတူတူပဲ။ မင်းကို ကိုယ်တောင်းပန်ခဲ့တာတွေ မနည်းပါဘူး သွယ်။ မင်းမေ့မှာ မဟုတ်သေးပါဘူး...။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသို့ လျှောက်လွှာတွေ သွား တင်ခါနီးတွင် ကျွန်တော် တောင်းပန်သည်။ တရားဝင်အမြင်တွင် သူ့မိခင်

mgyoe.com

mgyoe.com

ဖခင်တို့နှစ်ယောက်က အပြီးတိုင် ရွှေ့ပြောင်းသွားသူများ။ သူက ဆစ်ဒနီရှိ စက်မှုလုပ်ငန်းကုမ္ပဏီတွင် အလုပ်လုပ်ရန်သွားမည့် ပြည်ပအမှုထမ်းအမျိုးအစား၊ ကုမ္ပဏီ၏အလုပ်ခန့်စာနှင့်တကွ၊ အမှုထမ်းအမျိုးအစား၊ အပတ်စဉ်ဝင်ငွေစာရင်း အတိအကျ၊ ထိုကုမ္ပဏီသည် သူ့ဖခင်ဘက်မှ အဒေါ်ဝမ်းကွဲများပိုင်ဟု သိရသည်။ မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် သူသွားမည်။ ထိုလက်မှတ်သက်တမ်းမကုန်မီပြန်လာ၍ရသည်။ ဆက်လက်နေထိုင်လိုလျှင် လက်မှတ်သက်တမ်းတိုးပေးရန် လျှောက်ထားပြီး ခွင့်ပြုချက်ရပါက ဆက်၍နေနိုင်သည်။ လုပ်ထုံးလုပ်နည်းနှင့် လက်မှတ်အရသော် ပြည်ပသို့ နှစ်အတန်ကြာ အလုပ်လုပ်ရန် ထွက်ခွာသွားသူ၊ ပြန်လာမည့်သူ။ သူ့စိတ်ဆန္ဒအရသော် ပြည်ပသို့ အပြီးတိုင် ထွက်ခွာသွားသူ၊ ပြန်လာမည်မဟုတ်တော့သောသူ။ ထိုအစီအစဉ်ကို သူ့ဖခင်က သူနှင့် ကျွန်တော့်ရှေ့တွင် ရှင်းပြသည်။

"ဦးလေးနဲ့ မင်းအဒေါ်ကတော့ စီအော့ဖ်အိုင်နဲ့ပဲ သွားမှာပါပဲ၊ ဦးလေးတို့အတွက်ကတော့ ထွက်ကတည်းက ပြန်လာလို့ မရမှန်းသိပါတယ်၊ ကိစ္စမရှိပါဘူး၊ မိမိသွယ်ကိုတော့ ပတ်စပို့နဲ့ပဲ လိုက်စေချင်တယ်၊ ပြန်မလာချင်သေးရင် ပတ်စပို့ကို သက်တမ်းတိုးလျှောက်၊ ဒါက ဘာခက်တဲ့ဟာမှတ်လို့လဲ၊ ကင်ဘာရာက မြန်မာသံရုံး သွားလျှောက်၊ အဲဒီက လုပ်ပေးတဲ့ဥစ္စာ၊ ဒီကို ပြန်လာချင်လည်း ပြန်လာပေါ့၊ ဒီသဘောနဲ့ စီစဉ်တာပဲ"

ဝင်းဝါပြည့်ဖြိုးသော မျက်နှာပေါ်က အပြုံးကို ယခုထိ ကျွန်တော်မှတ်မိနေသေးသည်။ ထောင်ထောင်မောင်းမောင်း ခန္ဓာကိုယ်နှင့် စကားပြောပုံလေယူလေသိမ်းတို့မှာ ဆန့်ကျင်လှသည်။ လေသံနူးညံ့၍ မျက်နှာခပ်ပြုံးပြုံးထားပြီး ပြောလေ့ရှိသည်။ အဒေါ်ထက်ပင် အပြောအဆို ပျော့ပျောင်းလေသည်။ ထိုပျော့ပျောင်းမှုနှင့် လိုက်ဖက်ခြင်းမရှိသော အသံကို သွယ့်ထံမှကြားဖြတ်ကြားရသည်။

"သမီးသဘောကတော့ စီအော့ဖ်အိုင်နဲ့ပဲ သွားချင်တယ်၊ ပြန်လာမှာမှ မဟုတ်တာ"

သူ့ဖခင်က ခေါင်းခါသည်။ သူ့အစီအစဉ်အတိုင်း မလိုက်နာလျှင် ခေါ်သွားမည်မဟုတ်ကြောင်း ယတိပြတ် ပြောလေသည်။ ထို့ပြင် ကျွန်တော့်အတွက် နားဝင်ခါးသောစကားကို ဦးလေးထံမှ ကြားလိုက်ရချေ၏။

mgyoe.com

"ပြီးတော့... မောင်စောလွင် ရှေ့မှာပဲ မပြောမဖြစ်လို့ ပြောရဦးမယ်၊ အဲဒီပတ်စပို့ကို ဘယ်အချိန်ကျမှ ပြန်အပ်ရမလဲဆိုတာ တစ်ခါတည်းပြော ထားမယ်၊ သမီးလည်း အိမ်ထောင်ပြုချင်ပြုမယ်၊ မောင်စောလွင်လည်း အိမ်ထောင်ပြုချင်ပြုမယ်၊ မောင်စောလွင် အိမ်ထောင်ပြုရင်လည်း ဦးလေးတို့ အကြောင်းကြား၊ အဲဒီအကြောင်းစာရတဲ့နေ့မှာ သမီးက သမီးပတ်စပို့ကို ကင်ဘာရာမြန်မာသံရုံးမှာ သွားအပ်၊ သမီးက အိမ်ထောင်ပြုတာစောရင် သမီး ဒီနေ့ လက်ထပ်ပြီးတာနဲ့ နောက်နေ့မှာ ပတ်စပို့ပြန်အပ်၊ ကျန်တဲ့ကိစ္စ တွေအားလုံး ဖေဖေတာဝန်ကြည့်ယူမယ်၊ သမီး ဒါကို လက်ခံနိုင်မှလိုက်"

သူ့စကားလုံးတွေကြားတွင် ဆင့်ကဲနာကျင်စေသောအကြောင်းတွေ ကို မလွဲမရှောင်သာ မြင်ရ၏။ ကွေကွင်းခြင်း၏ မီးတောက်မီးစွယ်တို့သည် တစ်စတစ်စ နီးကပ်လာလေ၏။ နှစ်ဦးသား၏ရေစက်သည် ထိုမီးတောက် မီးစွယ်အပေါ်တွင် ခန်းကုန်လေပြီထင်၏။ ထိုအချိန်တွင် သတိသည် ကျွန် တော့်ကိုယ်နှင့် ပူးတုံခွာတုံ၊ ကြာတော့ အသက်ရှိသော အဖြစ်ကို မေ့ထား လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် ယန္တရားဖြင့် ပြီးသော သတ္တဝါအရုပ်တစ်ရုပ် ကဲ့သို့ သဘောထားလိုက်သည်။ သူတို့သားအမိ သားအဖလေးဦး ကိစ္စ အတွက် ဘေးလူတစ်ယောက်က လုပ်ကိုင်ဆောင်ရွက်ပေးနေသည်နှင့် တူလာ သည်။ လျှပ်စစ်ဌာန၏ကင်းရှင်းကြောင်းထောက်ခံစာ၊ အမြတ်တော်ကြေး ပေးသွင်းပြီး ကင်းရှင်းကြောင်းထောက်ခံစာ၊ လေယာဉ်လက်မှတ်ကိစ္စ၊ ငွေကြေး လဲလှယ်ရေးကိစ္စ၊ လူဝင်မှုကြီးကြပ်ရေးဌာနကိစ္စတွေကို ခွင့်ယူပြီး လိုက်လံ ဆောင်ရွက်ရသည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရှိ နိုင်ငံကူး လက်မှတ်စိစစ်ရေးဌာနစိတ်၊ ဩစတြေးလျသံရုံး၊ ဆေးရုံ၊ လျှပ်စစ်ရုံးချုပ်၊ အမြတ်တော်ကြေးဌာန၊ ဘဏ်၊ လေယာဉ်ရုံးများ၊ နိုင်ငံခြားရေးရုံး ဆက်သွယ် ရေးဌာနစိတ်၊ ကောင်စစ်ဌာနနှင့် နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ဌာနစိတ်၊ ခြောက်ထပ်ရုံးရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ ရုံးတကာစုံပေတော့သည်။ အာမခံ ကိစ္စမှအစ ကိစ္စပေါင်းများစွာအတွက် မိတ်ဆွေသင်္ဂဟတွေကို အကူအညီ တောင်း၊ တစ်ဆင့်ခံ အကူအညီတောင်း။ မျက်နှာပေါင်းများစွာကို တွေ့ကြုံ ဆက်ဆံရသည်။ မျက်လုံးအမျိုးမျိုးကို ရင်ဆိုင်ရသည်။ ပြဿနာပေါင်းများ စွာကို ရှင်းရသည်။ ထိုရက်များကို ရုတ်ခြည်းကုန်ဆုံးသွားစေချင်သည်။

mgyoe.com

mgyoe.com


မင်းနဲ့ခွဲရတဲ့နေ့ကျရင် ဘယ်လောက်များ အခံရဆိုးလိုက်မလဲ ဆိုတာကို ဦးလေးနဲ့ အဒေါ်တို့ကို လေဆိပ်လိုက်အပို့မှာ တွေးမိတယ်၊ ဝရန်တာအပေါ်နဲ့ အောက်လှမ်းပြီး နှုတ်ဆက်တဲ့အချိန်မှာ တော်တော် တုန်လှုပ် သွားတယ်။ သမီး ဘိုးအေနဲ့ ဘွားအေကို လက်ပြနှုတ်ဆက် တဲ့အချိန်မှာ မင်းမျက်နှာပျက်သွားတာ ကိုယ်တွေ့လိုက်တယ်၊ အဲဒီ အချိန်မှာ ကိုယ့်အတွေးတွေ အများကြီးပေါ်ပေါက်လာတယ်၊ သိပ် မကြာခင်ကာလမှာ မင်းတို့သားအမိနှစ်ယောက်ကို ကိုယ်ဒီနေရာက နေပြီး နှုတ်ဆက်ရဦးမှာပါလားဆိုတဲ့ အသိပဲကွယ်၊ မကြာခင်အချိန်မှာ ပြန်လည်တွေ့ရမယ့် မင်းမိဘတွေ ခဏခွဲရတဲ့အချိန်မှာ မင်း ဘာကို တွေးပြီး မျက်နှာပျက်ခဲ့တာလဲ သွယ်၊ ကိုယ့်ကို ထားပြီး မင်းအဲသလို ထွက်သွားတဲ့အခါ၊ မင်းခံစားရတာမျိုးထက် အဆပေါင်းများစွာ ပြင်းထန်လိမ့်မယ်လို့ ကိုယ့်ဘက်ကို တွေးစေချင်ခဲ့တယ်၊ တွေးမိလိမ့် မယ်လို့ မျှော်လင့်ခဲ့တယ်၊ လေဆိပ်က ကားငှားပြီး အိမ်ပြန်လာတဲ့ လမ်းတစ်လျှောက်မှာ ကိုယ်စကားတစ်ခွန်းမှ မပြောမိခဲ့ဘူး၊ ရင်ထဲမှာ ပြည့်သိပ်နေတယ်၊ မင်းအတွက် မင်းတို့အဒေါ်ကုမ္ပဏီက လေယာဉ် လက်မှတ် ပို့ပေးလိုက်တဲ့နေ့မှာ ကိုယ်ရင်ကွဲမတတ်ခံစားရတယ်၊ မင်း ဒီအိမ်က ထွက်သွားမယ့်ရက် နီးလာလေလေ ရင်နာလာလေလေပဲ၊ မင်းကိုလည်း မကြည့်ရဲဘူး၊ သမီးကိုလည်း မကြည့်ရဲဘူး၊ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်းဟာ ဆင်းရဲခြင်းဆိုတဲ့အဓိပ္ပာယ်ကို တစ်လုံးမကျန် ကိုယ်တွေ့သိရတယ်လေ၊ ကြီးကြီးမေကတော့ ဘုရားခန်းထဲမှာ ပုတီးနဲ့ စိတ်ကိုထိန်းလို့ ရကောင်းရမယ်၊ ကိုယ့်အဖို့ကတော့ အံကြိတ် ထားရလွန်းလို့ သွားတွေပဲ့ကြွေသွားမယ် ထင်ရတယ်၊ မင်းကို စကား မပြောတာက ပြောချင်စိတ်မရှိလို့ မကျေနပ်လို့ မပြောတာ မဟုတ်ဘူး သွယ်၊ လည်ဝမှာ ဆို့တစ်လည်းနေတယ်၊ မတော်တဆ ငိုသံတွေ ပါသွားမှာလည်း စိုးတယ်၊ ဒီတော့ စကားမပြောဘဲ နေနိုင်အောင် နေရတာပဲ၊ မင်းမကြားလို့ပါ၊ စက္ကန့်နဲ့အမျှ မင်းကိုပြောတဲ့စကားတွေ က အများကြီးပါ ကျိတ်ပြီးပြောနေတာ အမြဲတမ်းပဲ သွယ်၊ မသွားခင် နှစ်ရက်အလိုမှာ အခံစားရဆုံးပဲ၊ အဲဒီနေ့က မင်းဝတ်စားထားလိုက်

mgyoe.com

mgyoe.com


တာ အလှဆုံးပါပဲ၊ ချစ်သူဘဝတုန်းက အလှတွေကို ကိုယ်ပြန်ပြီးမြင်မိတယ်၊ အခုလည်း သွားပြီး တွေးမိတယ်၊ မင်းသာ တစ်ချိန်မှာ အခုလို စွန့်ပစ်သွားမယ့်ချစ်သူလို့သာ ကြိုတင်သိရရင်ပေါ့၊ မင်းကို ချစ်တယ် ဆိုတဲ့စကား မပြောမိအောင် ကြိုးစားပြီး နေမိခဲ့မှာပဲဆိုတာကို၊ အဲဒီ နေ့တွေမှာ မသွားပါနဲ့ သွယ်ရယ်ဆိုတဲ့ စကားကို တစ်ခါတလေ တစ်ယောက်တည်း တိုးတိုးပြောမိပါရဲ့၊ မခွဲပါနဲ့သွယ်ရယ် ဆိုတာ ကော်ပီစာအုပ်ထဲမှာ ထပ်တလဲလဲရေးနေမိတယ်။

အဲဒီနေ့က "ကျွန်မတို့သားအမိကို လိုက်မပို့ပါနဲ့" လို့ မင်းပြောတယ်၊ ကိုယ်က "ဘာဖြစ်လို့လဲ" ဆိုတော့ "သမီးစိတ်မကောင်းဖြစ်မယ်" တဲ့။ ကိုယ် ခေါင်းညိတ်ခဲ့တာပါပဲ၊ မီးဟပ်ရာကို ဆီပူတစ်စက် လာစဉ်တာလောက်တော့ ခံနိုင်ရည်ရှိရမှာပေါ့၊ မင်းတို့သွားမယ့်ညမှာ နောက်ဆုံး ညစာစားပွဲတစ်ခု ခပ်ကျဉ်းကျဉ်းလုပ်မယ် စိတ်ကူးမိတယ်၊ မင်းကို လေဆိပ်လိုက်ပို့မယ့် ဆွေမျိုးတွေ အပေါင်းအသင်းတွေကို ဖိတ်မလို့ပဲ၊ နောက်တော့ ကိုယ်ဘယ်လောက် ဣန္ဒြေဆောင်နိုင်မယ်ဆို တာ အသေအချာမသိလို့ မလုပ်ဖြစ်တာပါပဲ၊ ဒါပေမယ်လို့ မင်းရယ်၊ သမီးရယ်၊ ကြီးကြီးမေရယ်၊ ကိုတွတ်ရယ်၊ နီနီရယ်၊ ကိုယ်ရယ်ပါဝင် တဲ့ ညစာဝိုင်းဟာ မင်းနဲ့ကိုယ်ရဲ့နောက်ဆုံး ထမင်းလက်ဆုံပါပဲ၊ မင်းတို့အားလုံး အိမ်က ထွက်ခါနီးတော့ စိတ်သက်သာသလိုလို ဘာလိုလိုနဲ့ပဲ မင်းရဲ့ပတ်စပို့အနီကလေးကို လှမ်းလည်းမြင်ရရော ပြုလဲသွားမတတ် ခံစားလိုက်ရတယ်၊ တစ်သက်နဲ့တစ်ကိုယ် အဲဒီ လောက် စိတ်လှုပ်ရှားမှုကို မခံစားဖူးဘူး၊ စိတ်ကို ဘယ်နေရာမှာမှ အတည်တကျ ထားလို့မရဘူး၊ ကိုတွတ်ကို "သွားအိပ်တော့" လို့ပြော တယ်၊ "တော်တော်ကြာ ကြီးကြီးမေတို့ပြန်လာမှာပဲ၊ မအိပ်ချင်သေး ပါဘူး" လို့ ကိုတွတ်က ပြန်ဖြေတယ်၊ အိမ်ခန်းထဲကို ပြန်မဝင်ဘဲ ဧည့်ခန်းထဲမှာပဲ ထိုင်နေရတယ်၊ အနားမှာ လူတစ်ယောက်မှ မရှိစေ ချင်ဘူး၊ စာရေးစားပွဲမှာ သွားထိုင်ပြီး စာအုပ်တွေဆွဲဖတ်၊ ဟိုနားထ ဒီနားသွားနဲ့ ခက်ခက်ခဲခဲ နေနေရတယ်။

မနိုင်းကောင်း နှိုင်းကောင်း နှိုင်းရရင် အဲဒီဆောက်တည်ရာမရ

mgyoe.com

တဲ့ ဝေဒနာမျိုးကို ကိုယ့်ဆယ့်ခြောက်နှစ်အရွယ်မှာ အမေဆုံးတုန်းက ခံစားရဖူးတယ်။ မေ့မရဘူး။ တူလည်း တူလှတယ်။ အမေ့ကို သင်္ဂြိုဟ်တဲ့နေ့က အမေ့သေတ္တာကို အိမ်ပေါ်ကနေ ကားပေါ်ကို ထမ်းတင်တဲ့ အခါတုန်းက။ အမေအသက်မရှိတော့တာ ရုပ်ကလာပ်ပဲ ရှိတော့တာ သိနေပေမဲ့ အိမ်ပေါ်မှာ ရှိနေသေးတယ်၊ သေတ္တာထဲမှာ ရှိနေတယ်လို့ မှန်းဆမြင်နိုင်သေးရဲ့။ သင်္ဂြိုဟ်ဖို့ယူတဲ့ နေ့ကျတော့ အမေအိမ်ပေါ်က ဆင်းရပြီလေ။ အသည်းတွေ နှလုံးသည်းပွတ်တွေကို ထုတ်ယူသွားသလို ခံစားရတယ်၊ တလှပ်လှပ်နဲ့ ပူပြင်းလိုက်တဲ့ ဝေဒနာပါပဲ။ အဲဒီဝေဒနာမျိုးကို မင်းတို့သားအမိအိမ်ပေါ်က ထွက်ခွာသွားချိန်မှာ ခံစားရတယ်။ ဒီအခါ အားတင်းထားရရုံကလွဲလို့...

မေ့မေ့ပျောက်ပျောက်နေခဲ့ပုံတွေ ကျွန်တော် ရေးခဲ့သည်။ ပြေပျောက်နိုးနိုးနှင့် အရက်သောက်မိပုံ၊ အမူးတခြား အလွမ်းတနာဖြစ်ခဲ့ပုံ၊ အလုပ်တွေထဲတွင် ရှိနေသမျှအချိန်ကို နှစ်မြှုပ်ခဲ့ပုံတွေ၊ သက်သောင့်သက်သာ ဖြစ်နေချိန်တွင် သမီးကွယ်လွန်သော သတင်းက အနက်ဆုံးသို့ရောက်အောင် ဆွဲနှစ်လိုက်ပုံ၊ သူပြန်လာကောင်း ပြန်လာမည်ဆိုသော စိတ်ကူးအိပ်မက်တွေပင်ပျက်စီးသွားရပုံတွေ ကျွန်တော် ရေးသည်။ သူ သွားပြီးနောက် နိုင်ငံခြားရေးရုံးရှိ မိတ်ဆွေတစ်ယောက်ထံ မကြာခဏဆိုသလို လူကိုယ်တိုင်သွားနိုင်ကသွားသည်။ မသွားနိုင်လျှင် ဖုန်းဆက်သည်။ သွယ့် နိုင်ငံကူးလက်မှတ်များပြန်ရောက်နေပြီလားဟူသော ပူပန်စိတ်ဖြင့် သတင်းစုံစမ်းရသည်။ ဩစတြေးလျနိုင်ငံသားအဖြစ် ခံယူလိုက်ပြီလား၊ နိုင်ငံကူးလက်မှတ်ကို ပြန်များအပ်ပြီးလားဟု တွေးမိတိုင်း စိုးရိမ်သည်။ သူအိမ်ထောင်မပြုသေးဟု ဦးလေး၊ အဒေါ်နှင့် သူ့ထံမှစာတွေအရ သိနေသည်။ သို့သော် ပြောင်းလဲတတ်သော လူ့စိတ်ကို မယုံမရဲဖြစ်နေ၏။ အခြေအနေကို ပုံသေကားကျယုံကြည်၍ မဖြစ်။ ပြန်မလာတော့ဟု ပြောခဲ့သူ၏အပြန်လမ်းကို နိုင်ငံကူးလက်မှတ်အနီကလေး၌ တည်ရှိသည့်အခွင့်အလမ်းမှတစ်ဆင့် ကျွန်တော် မျှော်မိခဲ့ချေ၏။ ထိုအချက်ကို ကျွန်တော်ရေးရန် လိပ်ပြာမသန့်။ ရေးရန် ရှက်ယောင်ယောင် ရှိခဲ့သည်။

.... ကိုယ့်ကိုစွန့်ပစ်သွားရက်တဲ့ အင်အားသတ္တိတွေ မင်းမှာရှိ

mgyoe.com

mgyoe.com

နေတယ်လို့ ကိုယ်နားလည်လာတယ်။ ပြန်လာချင်လို့ မင်းရေးတဲ့ ပထမစာနဲ့ ဒုတိယစာကို အကြောင်းမပြန်ခဲ့တာက အဲသလိုနားလည်လို့ မဟုတ်ပါဘူး။ သမီး မရှိတော့တဲ့နောက် သောကဗျာပါဒတွေက မင်းကို အမြင့်မားဆုံး စိတ်လှုပ်ရှားစေတယ်လို့ ကိုယ် သဘောပေါက်တယ်။ ပွက်ပွက်ဆူအောင် အပူလောင်တဲ့အခါ လူတွေဟာ ပြောမိပြောရာ ပြောတတ်တာ သဘာဝတစ်ခုပါ၊ ချစ်ခင်မြတ်နိုးရတဲ့ လူတစ်ယောက် ဘဝတစ်ပါးပြောင်းတဲ့အခိုက်မှာ ရွှေကလပ်ပေါ်မှာ ထားမယ်၊ ရတနာကိုးပါးစီတဲ့ ဗိမာန်ကြီးမှာ ထားမယ်ဘာမယ်လို့ စိတ်လှုပ်ရှားလွန်းစွာနဲ့ ပြောတာပဲ၊ သွေးအေးသွားတဲ့အခါကျတော့ မြက်ဖုတ်ဖျိုက် တောမှာ သွားထားမိတာပဲ မဟုတ်လား၊ ဒီသဘောပါပဲ၊ မင်းကိုယ့်ဆီကို ပြန်လာချင်တယ်ဆိုတာ ပြောမိပြောရာ မွှန်ထွန်ပြီး ပြောတာလို့ ထင်ခဲ့တယ်။

တတိယစာကြောင့် အခု ဒီစာကို ကိုယ်ရေးဖြစ်တာပဲ သွယ်၊ စိတ်မကောင်းမဖြစ်နဲ့၊ ပွင့်လင်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ရုတ်တရက်မှာတော့ အမှန်းခံလိုက်ရသလိုပါပဲ၊ လူသဘာဝတစ်ခုကို နားလည်အောင် ကြိုးစားရပါတယ်။ မကြည်ဖြူဘူး ကြည်ဖြူတယ်ဆိုတဲ့ အပိုင်းထက် နားလည်မှုရှိလိုက်ပါတယ်ဆိုတဲ့ စကားကိုပဲ ပြန်ပြောချင်ပါတယ်။ သွယ် ပြန်လာရေးကိစ္စကို ဖယ်ထားလိုက်ပါ။ ကိုယ့်သဘောကတော့ ပြန်လာချင်တယ် မလာချင်တော့ဘူးဆိုတဲ့ သွယ့် ဆုံးဖြတ်ချက်ကို တစ်နှစ်လောက် ပြန်ပြီးစဉ်းစားစေချင်တယ်၊ ရာသက်ပန် ပြန်လည်ပြီး အတူနေဖို့ တကယ်ပဲ ဆုံးဖြတ်ပြီဆိုတဲ့အခါကျမှ ပြန်လာစေချင်တယ်။ စဉ်းစားပါဦး သွယ်၊ ဘဝမှာ ခဏခဏ ဘွာခတ်ရတာဟာ ရင်နာစရာတွေ တိုးသထက် တိုးအောင် ပြုလုပ်တာနဲ့ အတူတူပဲမို့ စဉ်းစားစေချင်တာပါ၊ သွယ် စဉ်းစားလေ၊ တစ်နှစ်လုံး ကိုယ့်ကိုယ်ကိုယ် သေသေချာချာပြန်ပြီး စဉ်းစား၊ အထပ်ထပ် စဉ်းစား၊ ဒီစကားကိုလည်း သွယ် သဘောပေါက်စေချင်တယ်။

❏

mgyoe.com

mgyoe.com

[၅]

သရက်ပင်တွင်ကပ်ထားသော လက်တံရှည်ပင်တွေ အရွက်ချလေပြီ။ ရက်များမကြာမီတွင် အဖူးတွေ ထွက်လာတော့မည်။ အဖြူတွင် စိမ်းဝါ ဖျော့ဖျော့ရောသော အသွေးဖြင့် ဖယောင်းအသွင်ပွင့်တော့မည်။ သင်းပျံ့သော ရနံ့ကို သဲ့သဲ့မျှရတော့မည်။ မက်မောမြတ်နိုးစွာဖြင့် ပန်ဆင်ခဲ့သူကို သတိရ လေသည်။ အိမ်သို့ ယူဆောင်လာကာ သရက်ပင်တွင်ကပ်၍ ပျိုးခဲ့သူကို ကျွန်တော် အမှတ်ရလေသည်။ သွယ်ရှိစဉ်က ခဲရာခက်ဆစ်ရေလောင်းခဲ့ပုံ တွေကို မြင်ယောင်သည်။ မိုးကုန်သည်နှင့် နေ့စဉ်ရေမပြတ်လောင်းသည်။ အခြားအိမ်မှာရှိသည့် လက်တံရှည်တွေထက် အပွင့်စောနေကျ ယခုသော် လေးနွေတိုင်အောင် ရေငတ်ခဲ့ပေသည်။ နှစ်သက်မြတ်နိုးသော ထိုအပင် ထိုအပွင့်တွေနှင့် စပ်လျဉ်း၍ သွယ့်အာရုံတွင် ရှိပင်ရှိတော့မည်မထင်၊ ရှေး အခါကမူ သူစွဲလမ်းလွန်းလှသည်။

"လက်ထပ်ပွဲကို ရက်ရွှေ့ရရင် မကောင်းဘူးလား ဟင်"

"ဘာဖြစ်လို့လဲ သွယ်"

"လက်တံရှည်တွေ ပွင့်တဲ့ရက်ကို စောင့်မလား အောက်မေ့လို့"

mgyoe.com

mgyoe.com


"ဒီလိုဆို သုံးလေးလကြီး မောင်တို့ ခြားနေရဦးမယ်ပေါ့"

"ဟင် မောင်တဲ့၊ တောစော် ဒိုက်စော် နံလိုက်တာ လက်ထပ်ရက်ကို မရွှေ့နဲ့ဆိုလည်း မရွှေ့ပါဘူး၊ အဲလိုတော့ ခေါ်ချင်ပါဘူး"

"မခေါ်ချင်လည်း မခေါ်ခိုင်းပါဘူး၊ ရက်ရွှေ့ချင်လည်း ရွှေ့ပါ၊ လက်တံရှည်ပွင့်တွေ ပန်ရမယ့်နေ့အထိပေါ့"

မင်္ဂလာဦးကို ကြိုသောရယ်သံသည် ယခုအခါ မှုန်ပျပျသာ ကျန်တော့သည်။ လက်ထပ်သောနေ့မှ ချမ်းမြေ့ဖွယ်အလုံးစုံတို့သည် ကျွန်တော့်ရင်ထဲတွင် ဘုရားတည်ထားသကဲ့သို့ မပျက်ပြယ်နိုင်တော့၊ စကားအနုစိတ်၊ အမူအရာအနုစိတ် ပြန်လည်မမှတ်မိတော့သော်လည်း ပျော်ရွှင်ဖွယ်အတိတ်တစ်ခုအဖြစ်ဖြင့် အစဉ်ရှိနေပေလိမ့်မည်။

"ပျော်တယ် မဟုတ်လား ဒါလင်"

မင်္ဂလာအခမ်းအနားလာ ဧည့်ပရိသတ်တွေစဲသွားချိန်တွင် ကျွန်တော့်လက်မောင်းကို တစ်ချက်ဖျစ်ကာ မေးသည်။ အဖြူထည်ဝတ်စုံထက်ဖြူသော စိန်လည်တုံ စိန်နားကပ်တွေထက် ဖြူသော အပြုံးကို အေးမြစွာ တွေ့လေသည်။

"သွယ်ကော ပျော်တယ်လား၊ ကျေနပ်ပါတယ်နော်"

ဆေးမခြယ်၊ ပင်ကိုသေးသွယ်သော မျက်ခုံးနှစ်ဖက်က တွန့်တက်သွား၏။

"ကျေနပ်ပါတယ်နော်ဆိုတဲ့ အမေးကို သွယ်က မေးရမှာပါ"

နံ့သာရနံ့သည် သူ့ကိုယ်တွင် ပျံ့လွင့်လျက်ရှိသည်။ ပြုံး၍ မေးလိုက်သည်။

"ဘာဖြစ်လို့"

"သွယ့်ကို မတော်တဆ ဆုံးရှုံးရမှာစိုးတယ်ဆို၊ သူများ နောက်ပါသွားမှာ စိုးရိမ်တယ်လို့ ဘယ်သူက ပြောခဲ့တာပါလိမ့်ရှင်"

ကျွန်တော် ရယ်မိလေ၏။ သူ့ပခုံးကို ဖွဖွဖက်လိုက်ပြီး

"ကိုယ်ပြောခဲ့တာလို့ ထင်တာပဲ"

ဖြူဖွေးသော သွားကလေးတွေပေါ်အောင် သူ ရယ်သည်။ ရယ်သံနှင့်

အတူ

mgyoe.com

mgyoe.com


"ထင်တာပဲ ဟုတ်လား၊ ကျောင်းပြီးအောင် တက်ပါရစေဦး။ ဒီဂရီရပြီးမှ လက်ထပ်ပါရစေဆိုတာကို မစောင့်နိုင်တာကကော ဘယ်သူလဲ... ဟင်"

"လက်ထပ်ပြီးလည်း ကျောင်းဆက်တက်ရင် ရတာပဲဟာ။ ကျောင်းဆက်မတက်ရဘူးလို့ ကိုယ်က ပြောခဲ့လို့လား သွယ်ရဲ့"

ဘယ်အခါတွင်ပင်ကြည့်ကြည့် လှသည်ဟု ထင်ခဲ့သည်။ မဲ့ပြုံး ပြုံးသောအခါ ပို၍လှသည်ဟု ထိုနေ့ကျမှသာ သိခဲ့ရလေသည်။ သူသည် သည်နှစ်မှ တက္ကသိုလ်သို့ ရောက်လာ၍ တက္ကသိုလ်ကျောင်းသူဘဝကို သစ်လွင်စွာ စွဲလမ်းနေပုံရသည်။ သူ့ထက် နှစ်နှစ်စောသော ကျွန်တော့်အမြင်နှင့်မူ ကွာခြားနေသည်။ သို့သော် ပြောမနေတော့။

"ဒါတော့ ဒါပေါ့။ ဒါပေမဲ့ ဒါလင် စဉ်းစားကြည့်လေ"

"ဘာကိုလဲသွယ်"

"အိမ်ထောင်သည်ဖြစ်လာရင် မိန်းကလေးနဲ့ ယောကျ်ားလေးက မတူဘူး။ ယောကျ်ားလေးက ကျောင်းဆက်တက်လို့ သိပ်ပြဿနာမရှိဘူးလေ။ မိန်းကလေးကျတော့ အိမ်ထောင့်တာဝန်တွေ ပိုလာတယ်။ ဒီကြားထဲမှာ သားတွေ၊ သမီးတွေနဲ့ဆိုရင် ပိုလို့မလွယ်သေး။ ပြီးတော့ ကျောင်းသူနဲ့ ကိုယ်ဝန်ဆောင်အင်္ကျီနဲ့က ဘယ်လိုမှ ကြည့်ကောင်းတာမဟုတ်ဘူး"

ကျွန်တော် အားပါးတရ ရယ်ပစ်လိုက်၏။ ပြုံးရယ်သံဖြင့် သူ့စကားကို သူ ဆက်၏။

"မရယ်နဲ့... အဟုတ်ပြောတာ၊ ကြည့်ကြည့်ပါလား"

"ဟုတ်ပါတယ်၊ တခြားသူတွေဆိုရင်တော့ ဟုတ်မှာပါ။ သွယ့်ကိုတော့ အဲသလိုမမြင်ဘူး။ ပိုပြီးလှတယ်လို့ပဲ ထင်တယ်"

မေတ္တာဖြင့်ယှဉ်သော မျက်စောင်းက ကျွန်တော့်ထံသို့ ရောက်လာ၏။

"ဟင်... အပြောကဖြင့် သူ့တစ်ကိုယ်လုံး ဉာဏ်ချည်းပဲ။ ကြီးကြီးမေကို လွှတ်ပြီး လူကြီးချင်း စကားပြောခိုင်း၊ ချက်ချင်းနားဖောက်ခိုင်း၊ သွယ့်ကို တစ်ဖက်လှည့်ကာ နားပူ၊ လက်ထပ်ဖို့ပဲ အတင်းကာရော စီစဉ်ခိုင်းပြောခိုင်းနဲ့ မုန်းဖို့ကောင်းတယ်"

"ကိုယ်တစ်ယောက်တည်း ကျောင်းတက်ရတာ ပျင်းလို့ပါ။ ကိုယ့်

mgyoe.com

mgyoe.com



မိန်းမနဲ့ ကိုယ်နဲ့ဆိုတော့ ကျောင်းသွားဖော်ရတာပေ့ါ။ ကျောင်းလည်း မပြေး ရတော့ဘူး။ အင်းလျားကန်စောင်းတို့၊ ကံ့ကော်တောထဲက ခုံတန်းလျားတို့၊ ယုဒသန်မျှော်စင်အောက်က လှေကားထစ်တို့ ဘာတို့မှာ ထိုင်စရာလည်း မလိုတော့ဘူးလေ။ ဟုတ်တယ် မဟုတ်လား။ ရှေ့နှစ်ခါလောက်ဆို သားတွေ၊ သမီးတွေနဲ့ မိသားစုအလိုက် တပျော်တပါးကြီး ကျောင်းတက်ရမယ်။ ပျော် စရာကြီး"

အတူတကွ ကျောင်းသွားခဲ့သည်တို့ကို ယခုပင်မြင်သည်။ နှင်းမှုန် တွေကိုကြည့်ရင်း ပျော်ရွှင်ခဲ့ကြသည်။ နွေနေခြည်သည် ကျွန်တော်တို့နှစ်ဦး ကို မပူစေနိုင်ခဲ့။ မိုးဖွဲတွေကြားတွင် ထီးအတူဆောင်းရင်း ကြည်နူးခဲ့ရသည်။ ကျောင်းသွား၊ ကျောင်းဆင်းလျှင် ဗိုလ်ချုပ်ဈေးရှိ ကြီးကြီးမေဆိုင်သို့သွား။ စားကြသောက်ကြ။ တစ်ခါတစ်ရံ ရုပ်ရှင်ကြည့်။ ကျောင်းပိတ်ရက်များတွင် အပေါင်းအသင်း မိတ်ဆွေအိမ်တွေ လျှောက်လည်။ တနင်္ဂနွေပိတ်ရက်များ တွင် သူ့မိဘအိမ်သို့သွားကာ တစ်နေကုန်နေသည်။ ချက်ပြုတ်စားသောက် ကြ၊ စကားစမြည်ပြောကြ၊ သီချင်းနားထောင်ကြနှင့် အချိန်ကုန်သည်။ တစ်ခါတလေ သူ့မိဘအိမ်တွင် ညအိပ်သည်။ မအိပ်ဖြစ်လျှင် ညကိုးနာရီ၊ ဆယ်နာရီအထိနေ၏။ အပြန်တွင် သူ့ဖခင်က ကားမောင်းပြီး လိုက်ပို့ပေး သည်။ အပူပင်ကင်းသော၊ သာယာသော ထိုဘဝကို ယခုမှ ပြန်ကြည့်သည် တွင် တမ်းတဖွယ်ပေတည့်။

လက်ထပ်ပြီး ခြောက်လအကြာတွင် သူ ပြောသည်။

"သွယ်တော့ ကျောင်းသူနဲ့မလိုက်ဖက်တဲ့ အင်္ကျီကို ဝတ်ရတော့မယ် ထင်တယ် ဒါလင်ရေ့"

အံ့အားသင့်ရသည်နှင့်အမျှ ရင်ခုန်လေ၏။ ကြည်နူးဖွယ်သတင်း စကားကို အကြားရချိန်ဖြစ်စွာ ကြားလေ၏။

"ဝမ်းသာလိုက်တာ၊ ပုခက်လွှဲရင်း စာဖတ်မယ်။ နို့ဘူးဖျော်ရင်း စာကျက်မယ်။ အနှီးလျှော်ရင်း သီချင်းဆိုမယ်။ လျှောက်ပြောမယ့်သာ ပြော ရတာ။ သေချာလို့လား သွယ်ရာ။ ဟုတ်မှလည်း ပြောပါ"

နှုတ်ခမ်းစေ့ထားပြီး သူ ပြုံးသည်။ မေးရိုးပေါ်ရှိ အကြောစိမ်းလေး တွေကို ပီပီမြင်ရ၏။ ခေါင်းညိတ်ပြီး ပြောသည်။

mgyoe.com

mgyoe.com

"ဟုတ်မယ်ထင်တာပဲ။ တစ်လကျော်လာပြီပဲ။ ဒီနေ့ဆို နှစ်လလို့ ပြောရင်တောင် ရပြီ"

"ဟင်... မင့်ဉစ္စာကလည်း 'ထင်တာပဲ' ချည်း။ လက်ဖက်တွေစား ဘာတွေစားနဲ့ တော်ကြာ ငုပ်ကောင်ဖြစ်နေမှဖြင့် သေချာအောင် နက်ဖြန်ကျ ရင် ဆေးတိုက်မှာ သွားစမ်းကွာ၊ ဟုတ်လား"

"သေချာပါတယ်ကွာ၊ မသေချာရင်လည်း အလျော်ပြန်ပေးပါ့မယ်"

ရွှတ်နောက်နောက်စကားကြောင့် ကျွန်တော် ပြုံးသည်။

"ကိုယ်က ခုတောင် ဆေးတိုက်ကို ထသွားချင်တာ။ ညဉ့်နက်သန်း ခေါင်ကြီးမို့လို့ ခုချက်ချင်းကို သေသေချာချာသိလိုက်ချင်တာ"

"ဒါဆို မေမေတို့ ပြောဖူးတယ်။ ဗိုက်နားကပ်ပြီး နားထောင်ကြည့် ရင်တဲ့ အသက်ရှုသံ ကြားရတယ်တဲ့။ နားထောင်ကြည့်ပါလား"

ကြားဖူးနားဝနှင့် လက်လှမ်းမီသမျှ ဖတ်ပြုထားဖူးသော်လည်း သူ ပြောသကဲ့သို့ မတွေ့မိခဲ့။ ထို့ကြောင့်...

"ဟုတ်မယ်မထင်ပါဘူး။ ဒါက လအတော်ရင့်လာမှပါ"

"ဘာကိုပြောတာလဲ"

"မင်း ခုနပြောတဲ့ ကလေးအသက်ရှုသံ ကြားနိုင်တယ်ဆိုတာလေ"

"အို... ကလေး အသက်ရှုသံလို့ ဘယ်သူက ပြောလို့လဲ။ ဘယ်သူ့ ဗိုက်ဖြစ်ဖြစ် ကပ်ပြီးနားထောင်ရင်း အသက်ရှုသံတော့ ကြားရတာပေါ့။ သွယ့်အသက်ရှုသံကို ပြောတဲ့စကားကို ဒါလင် ဘာတွေလျှောက်ပြောနေ တာလဲ"

နှစ်ယောက်စလုံး တစ်ယောက်ပခုံးကို တစ်ယောက်ဖက်၍ ရယ်ကြ သည်။ "အိမ့်ဆည်းလည်းကလေး ခေါ်ပေးလို့ ကျေးဇူးတင်ပါတယ်" ဟု သူ့ကိုပြောကာ နဖူးကို ကျွန်တော် မွှေးလိုက်၏။ ရင်သွေးကို တွေးမျှော်၍ စိတ်ကူးတွေ ကျယ်ဝန်းခဲ့သည်။ ကျောင်းပြန်ဖွင့်ချိန်တွင် နှစ်ယောက်စလုံး ကျောင်းတက်သည်။ ထိုအချိန်တွင် ပညာရေးကိစ္စ၊ အလုပ်အကိုင်ကိစ္စ၊ စီး ပွားရေးကိစ္စတွေကို ကျွန်တော် စဉ်းစားရလေသည်။ သည်နှစ်စာမေးပွဲပြီး လျှင် အလုပ်ဝင်ရေးကိစ္စက အရေးတကြီးဖြစ်တော့မည်။ အမှတ်ကောင်း ကောင်းရအောင် ကြိုးစားရမည်။ မဟာဝိဇ္ဇာတန်း တစ်တန်းတန်းတက်ရ

mgyoe.com

mgyoe.com


လျှင်လည်း ကောင်းမည်ဟု တွေးသည်။ နှစ်ဝက်စာမေးပွဲအပြီးတွင် သွယ်မီးဖွားသည်။ မွေးသည် အားလုံး၏ရင်၌ အမှန်ပင်မွေး၍ နေခဲ့လေသည်။

"ဒါလင်နော် ကလေးအဖေဖြစ်နေပြီ။ သိပ်အလုပ်ပြင်မနေနဲ့။ ခေါင်းဖြီးတာ မှန်ရှေ့မှာ ဒီလောက်ကြာရသလား" ကျောင်းသွားခါနီးတွင် နောက်တတ် ပြောင်တတ်၏။

"သွယ် ကျောင်းထွက်လိုက်ရတာ သဘောကျနေတယ်ပေါ့လေ၊ ဟုတ်လား။ သမီး လတော်တော်ရမှ ကျောင်းလိုက်လာဦးမယ်။ ဟို ရန်ကင်းက ကောင်မလေးကော ဒါလင့်ကို ရှာမီးသကြားလုံးတွေ လာကျွေးသေးတယ် မဟုတ်လား"

ခင်မင်ရင်းနှီးသော ကျောင်းသူတချို့နှင့် ပတ်သက်၍ ကျီစယ်တတ်သည်။

"စိတ်ပညာမှာ နှစ်နှစ်လောက်ပဲသင်ရတော့ ဘာမှမသိခဲ့ဘူး။ တစ်နေ့ကြုံမှ ဆရာဒေါက်တာကျော်စိန်တို့ဆီ သွားမေးရဦးမယ်။ လူပျိုမှာရှိတဲ့ စိတ်သဘာဝနဲ့ လူပျိုယောင်ဆောင်ထားတဲ့ သားသည်ဖအေ စိတ်သဘာဝချင်း ဘာများကွာခြားသလဲဆိုတာ"

ရယ်မောစရာ အရွှန်းတွေ ပြောတတ်သည်။ နာပျော်ဖွယ်အသံတို့သည် ရွက်ကြွေသံတွေကြားမှ တစ်ဖန်ရှင်ပြန် ထမြောက်လာချေပြီတကား။

* * *

စကားလုံးတစ်လုံးချင်းမှအစ စေ့စပ်စွာ ဖတ်ရသည်။ စာအရေးအသားတွင် သွယ်သည် စနစ်ကျလွန်းသူ မဟုတ်စေကာမူ သူ့စိတ်ထဲတွင် ရှိသည်တို့ကို ပေါ်လွင်အောင် ရေးတတ်ကြောင်း သိသည်။ ရ၊ မိ၊ လိုက် စသော ကြိယာထောက်တွေကို ကောင်းစွာ အသုံးပြုတတ်မှန်း ကျွန်တော် သိသည်။ စိတ်နေစိတ်ထားနှင့် အခြေအနေတွေကို သူ့စာတွင် ရှာ၍တွေ့မည်ဟု ကျွန်တော် တွက်သည်။

မောင့်စာကိုဖတ်ရတော့ ပျော်လိုက်တာကွယ်။ ရေးမပြတတ်အောင် ပျော်ရတယ်။ မောင် ဘယ်လိုခံစားရတယ်ဆိုတာ သိရတော့ စိတ်ထိခိုက်တာ တအားပဲ။ ဟုတ်ပါတယ်။ ပြန်တွေးကြည့်တော့

mgyoe.com

mgyoe.com


သွယ် တော့်တော့်ကို မကောင်းခဲ့တာပဲ။ ဘယ်လိုမှ ခွင့်မလွှတ်ထိုက်တဲ့ မိန်းမတစ်ယောက်ပါ။ ဘာဖြစ်လို့ အဲသလောက် စိမ်းကားမိသလဲဆိုတာ ပြန်တွေးတော့လည်း အဖြေမပေါ်ခဲ့ဘူး။ မောင့်ကို သက်သက်မဲ့ စိတ်ဆင်းရဲစရာတွေ ဖန်တီးပေးခဲ့တဲ့ အဓိပ္ပာယ်ပဲရှိတယ်။ မောင့်ကို မချစ်လို့လည်း မဟုတ်ပါဘူး။ ချစ်တာကို သွယ့်ကိုယ်သွယ် သိပါတယ်။ မောင်က ရယ်ချင်ရယ်မှာပါပဲ။ ပြောတာရယ်၊ ရင်ထဲရှိတာရယ်၊ လက်တွေ့လုပ်ရပ်ရယ်က တခြားစီဖြစ်နေတာကိုး။ ဒီအတွက် အနူးအညွတ် တောင်းပန်လိုက်ပါတယ်မောင်ရယ်။

သွယ့်ကို မောင် ဘယ်လောက် ချစ်ခင်တွယ်တာတယ်ဆိုတာ မောင့်စာကို ဖတ်ရမှ ပိုလို့သိတယ်။ အစက မသိခဲ့ဘူးလို့ အဓိပ္ပာယ် မကောက်စေချင်ဘူး မောင်။ သိလျက်နဲ့ ဘာဖြစ်လို့ ပစ်ခွာခဲ့တယ်ဆိုတာကိုလည်း သွယ်မဖြေတတ်ဘူး။ မဖြေတတ်သေးတဲ့အဖြေကို ဖြေရမယ့်အစား မောင့်ကို တောင်းပန်ဝန်ချတာက ပိုလို့ကောင်းမယ်ထင်ပါတယ်နော်။

မောင့်ဆီကို ရာသက်ပန်ရိုးမြေကျ အတူနေဖို့ သွယ်ပြန်လာမှာပါ။ ဘယ်တော့မှလည်း မခွဲဘူး။ သွယ် သေမှ မောင့်ကိုခွဲမယ်။ ယုံပါ မောင်ရယ်။ ပူပန်သောကတွေကြားက သက်သာလိုသက်သာငြား အော်ဟစ်လိုက်တဲ့အသံ မဟုတ်ပါဘူး။ တစ်ဘဝလုံးအတွက် ဦးနှောက်အေးအေးထားပြီး စဉ်းစားဆုံးဖြတ်ခဲ့တာပါ။ ဘယ်တော့မှလည်း ပြောင်းလဲသွားနိုင်တဲ့ ဆုံးဖြတ်ချက် မဟုတ်ပါဘူး။

တစ်နှစ်ပတ်လုံး အချိန်ယူပြီး ဘယ်လောက်ပဲ ပြန်ပြီးစဉ်းစား၊ စဉ်းစား ဒီအတိုင်းပါပဲ။ နှစ်တစ်ရာ စဉ်းစားရင်လည်း ဒီအတိုင်းပါပဲ။ အမှန်တော့ အဲသလောက်ကြီး ဒီမှာနေရမှာကို မလိုချင်တော့ဘူး။ သွယ် နောင်တရတယ်။ စိတ်ပင်ပန်းဆင်းရဲမှုကို မခံနိုင်တော့ဘူး။ သွယ် ခေါင်းမာခဲ့တာတွေအတွက် ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် ဒေါသဖြစ်ရတယ်။ ရင်မောရတာ အလွန်ပါပဲမောင်ရယ်။ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ မောင့်ကို တောင်းပန်စကား ပြောရုံက လွဲလို့ ချက်ချင်းထပြီး ပြန်မလာရဲဘူး။

mgyoe.com

ဒါထက် ပြောရဦးမယ်။

ဖေဖေက ပြောတယ်။ ဖေဖေ့ကို သမီး ကျေးဇူးမတင်ဘူးလားတဲ့။ အဲဒီတော့မှ သတိရတယ်။ သတိရရချင်း ဖေဖေ့ကို ကန်တော့လိုက်တယ်။ ကန်တော့ရင်း သွယ် ငိုမိတယ်။ ဖေဖေ့စကားကိုသာ သွယ်နားမထောင်ခဲ့ရင် ဖေဖေသာ အမြော်အမြင်မကြီးခဲ့ရင် မောင့်ဆီကို သွယ် ဘယ်လိုပြန်လာနိုင်ပါ့တော့မလဲကွယ်။ လက်မတင်ကလေးပါလား မောင်ရယ်။ ပြန်တွေးကြည့်တော့ ခေါင်းနားပန်းကြီးလာရတယ်။ ခုလို မောင့်ဆီကို ပြန်လာချင်တဲ့အခါမျိုးမှာ အပြီးအပိုင်သာ ထွက်လာမိရင် အခက်ကြီး ခက်ရချည့်ရဲ့နော်။ စိတ်ကူးနဲ့တွေးပြီး မောရတယ်။ တစ်လကိုးသီတင်း အလွမ်းပြေ လာတွေ့ဖို့တောင် လွယ်မယ်မထင်ဘူး။ မင်္ဂလာဒုံ လေယာဉ်ကွင်းမှာ ခရီးတစ်ထောက်နားရင်း နာရီပိုင်းလောက် မောင်နဲ့တွေ့ဖို့တောင် ခက်ခဲလိုက်မယ့်ဖြစ်ခြင်းကွယ်။ တွေးကြည့်စမ်းမောင်။ ရှုးသွားမှာ အမှန်ပဲ။ ခု ပြန်လာခွင့်ရှိတဲ့ လူတစ်ယောက်အနေနဲ့ ဘယ်လို စိတ်ချမ်းသာတယ်ဆိုတာ ရေးမပြတတ်အောင်ပါပဲ။

ဒါပေမဲ့ တရားဥပဒေက တရားဥပဒေပဲ။ အိမ်ထောင်ရေးဥပဒေကို ချိုးဖောက်မိခဲ့တဲ့ သွယ့်အဖို့ရာ မောင် စီရင်မယ့်ဥပဒေကိုလည်း နာခံရမှာပါ။ မောင်က ပြန်မလာနဲ့ဆိုရင် သွယ် ဖွတ်ပြန်မလာဝံ့ပါဘူး။ အသွားမှာ မောင် တားတဲ့ကြားက ဖွတ်ထွက်သွားတဲ့အထိ ဆန့်ကျင်မိခဲ့ပေမဲ့ အပြန်ကိုတော့ မောင့်အလိုအတိုင်းသာ နာခံရမယ်မဟုတ်လား။

ဒီအချိန်မှာ တောင်စဉ်ရေမရ အတွေးတွေကိုလည်း တွေးမိတယ်။ သွယ်မလာချင်အောင် မလာဖြစ်အောင် နှစ်နဲ့ချီပြီး စဉ်းစားခိုင်းနေတာလားလို့။ မောင့်မှာ သွယ့်ကို ပြန်ပြီး လက်ခံရမှာ အခက်အခဲများဖြစ်နေသလားလို့ တွေးပူနေမိတယ်။ တွယ်တာစရာတွေရှိနေလို့ အခက်ကြုံရသလားလို့ ထင်မိတယ်။ ရှိရင်လည်း မောင့်ကို သွယ် ဘာပြောခွင့်ရှိတာ မှတ်လို့။ တစ်ယောက်နဲ့တစ်ယောက် ရေစက်ကုန်သလို ဖြစ်ခဲ့ရတာကိုး။ အများမသိတဲ့ ကွာရှင်းပြတ်စဲခြင်းတစ်မျိုးနဲ့

mgyoe.com

ဘဝချင်းခြားခဲ့ရတာပဲလေ။ ကွဲကွာနေတဲ့အတွင်းမှာ မောင့်ဘဝ ဘယ်လိုပြောင်းလဲခဲ့မယ် မတွေးတတ်ဘူးလေ။ မောင့်ရဲ့ ချစ်သူအဖြစ် သွယ့်မှာ ရပ်တည်မှ ရပ်တည်နိုင်ပါတော့မလား စိုးရိမ်မိတယ်။

ပြောစေချင်တယ် မောင်ရယ်။

သွယ့်အတွက် တစ်ချိန်တစ်ခါက မောင့်မှာ စိတ်အကျပ်အတည်း တွေ့ခဲ့ဖူးပြီ။ ခုတစ်ခါမှာတော့ မောင် စိတ်ချမ်းသာစေချင်တယ်။ စိတ်ပျက်အောင် ပြောစရာတော့ မလိုပါဘူး။ ဖြစ်နေ ရှိနေတဲ့အခြေ အနေမှန်ကိုတော့ သွယ် သိချင်ပါတယ်။ မောင်ရယ်… သွယ့်ကို အလျင်ကလိုပဲ ချစ်နိုင်သေးရဲ့လား။ အမည်းကွက် စွန်းခဲ့တာကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ဖျောက်ပြီး ကြည့်ခဲ့တာလားကွယ်။ တကယ်တော့ ကြည်ဖြူပါရဲ့လားဟင်။ အခု မိသွယ် သိပ်စာနာတတ် ပြီ။ နေရာချင်းလဲလို့ တွေးလည်း တွေးတတ်ပြီ။

ဘာအကြောင်းနဲ့မျှား သွယ်ကို ချက်ချင်းပြန်မလာခိုင်းတာပါလဲ။ အမှန်အတိုင်း သိချင်လှတယ်။ မောင် ဖြေပါနော်။ မလာနဲ့တော့… ငါ့မှာ သံယောဇဉ်ရှိနေပြီ ဆိုရင်လည်း သွယ် မလာတော့ပါဘူး။ စခဲ့တဲ့သူဟာ သွယ်ပါ… သွယ်ပဲ အဆုံးသတ်ပေးပါ့မယ်။

* * *

သမီးကို ခွင့်လွှတ်ပါ ကြီးကြီးမေ။ မိုက်မှားမိသမျှအတွက် သမီး တောင်းပန်လိုက်ပါတယ်။ ကိုစောလွင်နဲ့အတူ ကြီးကြီးမေရဲ့စာကို သမီး ဖတ်ရတော့ ဝမ်းနည်းကြေကွဲရပါတယ်။ ခွင့်လွှတ်သူတွေက ခွင့်လွှတ်ပေမဲ့ အပြစ်ကျူးလွန်ခဲ့သူအဖို့ကတော့ မဝံ့မရဲပါပဲ။ သမီး ပြန်လာမှာကို ကြီးကြီးမေ ဝမ်းသာကြိုဆိုပါတယ်ဆိုတဲ့ စာတစ် ကြောင်းက သမီး အသည်းခိုက်အောင် ခံစားလိုက်ရပါတယ်။ မပြောင်းလဲတဲ့ ဆုံးဖြတ်ချက်ပါပဲ ကြီးကြီးမေ။ သမီး ပြန်လာချင်လှ ပါပြီ။ ကိုစောလွင်က တစ်နှစ်စဉ်းစားခိုင်းပါတယ်။ သမီးအပေါ် အယုံအကြည်မဲ့လို့နဲ့ တူပါတယ်။ သမီး ပြန်လာချင်လှပါပြီ။ သမီးအတွက် ကူပြီး ပြောပေးပါဦး… စိတ်ထဲကတော့ ကြီးကြီးမေ

mgyoe.com

mgyoe.com

ပြောချင် ပြောမိမှာပါ။ ညည်းသွားတဲ့ကိစ္စတုန်းက ငါ့ကိုလည်း ငဲ့ခဲ့တာမှ မဟုတ်ဘဲ။ ပြန်လာဖို့ကျမှ ငါ့ကို အပူကပ်ရသလားလို့။ သမီးဆီကို စာပြန်ရင် တစ်ခုလည်း ထည့်ပြန်ပါ။ သူ့မှာ သံယောဇဉ်တွယ်စရာ ရှိများ ရှိနေပြီလားဟင်။ သမီးကိုလည်း ပြန်လာစေချင်၊ တစ်ဖက်က သံယောဇဉ်အတွက်လည်း နောက်ဆံတင်းပြန်လို့များ ဖြစ်နေသလား။ ဒါကြောင့် ချက်ချင်း ပြန်မလာနဲ့။ တစ်နှစ်စဉ်းစားဦးလို့ ပြောတာများလား ထင်ပါတယ်။ မပြောရက်လို့ စိတ်ပျက်အောင် တမင်လုပ်တာ ဖြစ်ချင်ဖြစ်လိမ့်။ သူ့ကို ရေးတဲ့ စာထဲလည်း အဲသလို မေးမိတယ်။ သူ ဖြေချင်မှဖြေမှာပါ။ ကြီးကြီးမေ ဆက်ဆက်ဖြေပါ။ သမီး...

❑

mgyoe.com

[၆]

"အဲသလိုတော့ မဟုတ်ပါဘူး ကြီးကြီးမေ။ စိုးရိမ်တာက နောက် တစ်ခါ ဟိုမှာပဲ သွားနေမယ်။ မသွားရ မနေနိုင်ဘူး ဖြစ်လာဦးမှာကို ကျွန် တော် စိုးရိမ်တာပါ။ သူ့စိတ်ကို ကျွန်တော် မယုံရဲဘူး။ ရှုးရှုးဒိုင်းဒိုင်းနဲ့ မမြင်ဘူးလား။ သူ့မိဘနဲ့ လိုက်မသွားရရင် သတ်သေမှာပဲ ဘာပဲနဲ့။ ဒီနိုင်ငံ သား ပတ်စ်ပို့နဲ့ လိုက်ရမယ်လို့ သူ့အဖေက စီစဉ်တာကိုတောင် ခေါင်းခါ သေးတယ်။ ခုတော့ တွေ့လား။ ဒီကိုပြန်မလာရမနေနိုင်၊ စိတ်က အဲသလို ဝတ်ချင်တာဝတ်ရမှ၊ စားချင်တာ ချက်ချင်းစားရမှ။ အဲဒီစိတ်ကို ကျွန်တော် ကြောက်တယ်။ ကြီးကြီးမေ မသိသေးတာတွေရှိတယ်။ ကျွန်တော် မဟာ ဝိဇ္ဇာတက်တဲ့ နှစ်နှစ်အတွင်း အလုပ်ကလည်း မရသေး။ ကြီးကြီးမေဆိုင် ကလည်း အရောင်းအဝယ်မကောင်းတော့ ကျပ်တည်းတယ်မဟုတ်လား။ အဘက်ဘက်က မပြေလည်တာတွေ ဖြစ်လာတယ်လေ။ သူ အလုပ်လုပ် ချင်တယ်။ အလုပ်ကလည်းမရ၊ သူ့မိဘစီးပွားရေးကလည်း အဆင်မပြေ။ အဲဒီအခါတုန်းက စကားများရတာ ခဏခဏပဲ။ ဘဝရည်မှန်းချက်က အခြေ အနေနဲ့ မလိုက်အောင် ကြီးမားလွန်းတယ်လို့ ကျွန်တော် ထင်တယ်။ ထားပါ

mgyoe.com

တော့လေ။ သူ စဉ်းစားပါစေ"

ကျွန်တော့်ကို ငေး၍ကြည့်နေသည်။ ကြီးကြီးမေ ခေါင်းတစ်ချက် ညိတ်သည်။ ဆံဖြူတွေ ပိုများလာသည်ဟု ထင်၏။

"ပြန်လာချင်ပါတယ်ဆိုခါမှ မင်းက အကြာကြီး ပြန်စဉ်းစားပါဦး ဆိုတာ သူ တစ်မျိုးထင်နေတယ်"

"သူ ထင်သလို ကျွန်တော့်မှာ ဘာအပြောင်းအလဲမှ မရှိဘူးဆိုတာ ကြီးကြီးမေ အသိပဲလေ"

ဟက်ဟက်ပက်ပက် ရယ်သံနှင့်အတူ ကျွန်တော့်ကို ပြုံး၍ ကြည့်လေသည်။

"သြော်... သားရယ်၊ ကြီးကြီးမေကတော့ သိတာပေါ့။ မသိတာက မင်းမိန်းမ။ ဟိုတွေး ဒီတွေးဖြစ်နေတဲ့ သူက အဝေးက မင်းမိန်းမ။ သူ့အနေနဲ့ တွေးမယ်ဆိုလည်း တွေးစရာကိုး"

မင်းမိန်းမဟူသောအသံက နားထဲသို့ ကန့်လန့်ပြုပြီး ဝင်သွားသည်။ မည်သည့်အခါကမျှ ပြောရန် မရည်ရွယ်သော စကားတစ်ခွန်း ထွက်သွားသည်။

"သူ့ကိုယ်နဲ့ နှိုင်းတယ်နဲ့ တူပါရဲ့"

ကြီးကြီးမေ၏မျက်နှာသည် အတန်ငယ်တည်သွား၏။ တစ်ခုခုအတွက် စိတ်ထင့်သွားဟန်ရှိ၏။ ပြောပြီးတော့မှ ကိုယ့်စကားနှင့်ကိုယ် အနှောင့်အယှက်ဖြစ်ရသည်။ လေးလံသော အတွေးတစ်ခုကို ကြီးကြီးမေ ဖမ်းယူမိလိုက်သည်ဟု အောက်မေ့၏။ အမှတ်မဲ့ပြောမိသော ထိုစကားသည် ကျွန်တော့်ကိုလည်းကောင်း၊ ကြီးကြီးမေကိုလည်းကောင်း ခေတ္တမျှ နှုတ်ဆိတ်သွားစေခဲ့သည်။

ပင့်သက်တစ်ချက် မှုတ်ထုတ်သံနှင့် ကြီးကြီးမေ မေး၏။

"ဆွီဒင်အမျိုးသားတစ်ယောက်နဲ့ ဖြစ်တဲ့ကိစ္စကို သား ခွင့်မလွှတ်နိုင်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ ကြီးကြီးမေ"

"အဲဒီကိစ္စဟာ သူပြန်လာပြီး သားတို့တည်ဆောက်ကြမယ့် အိမ်ထောင်ရေးမှာ အထစ်အငေါ့တွေများ ဖြစ်လာမလားလို့ ကြီးကြီးမေ စိုးတယ်ကွဲ့"

mgyoe.com

ထိုစကားသည် ကျွန်တော့်ရင်ထဲသို့ စူးနစ်ပြီး ဝင်လာ၏။ ပြင်းထန်သော အရှိန်တစ်ခုက ရှေ့မှ ပိတ်ပင်လိုက်သကဲ့သို့ အဟုန့်ဖြစ်သွားလေသည်။ ကျွန်တော်လည်း ထိုသို့ စိုးရိမ်နေမိသလား။ မသိမှတ်စွာ ကြောင့်ကြနေမိသလား၊ အခွာရခက်သော ခွင့်လွှတ်စိတ်နှင့် ဝန်တိုစိတ်ကို ယခုမှမြင်လေသည်။

"ခွင့်လွှတ်နိုင်ပါတယ် ကြီးကြီးမေ"

"ဒါကို သံသယမဖြစ်မိပါဘူး။ သားအတွေးထဲကို အဲဒီကိစ္စက မကြာမကြာ ဝင်မလာဖို့ ကြိုးစားပါ။ အတွေးထဲ ဝင်လာရင်လည်း အတွေးထဲမှာ နေပါစေ။ ပါးစပ်ဖျားအထိတော့ ရောက်မလာအောင် သတိထားပေါ့သားရယ်"

ဆိုလိုရင်းကို မြင်အောင် ကြည့်ရသည်။ ပြန်လာပြီးသည့်နောက် ထိုကိစ္စက စကားထဲသို့ မကျေနပ်တိုင်း ရောက်သွားမည်ကို မလိုလားပုံရလေသည်။

"သား တွေးကြည့်လေ၊ ပြန်ပြင်လို့မရနိုင်တဲ့ ဒီအချက်ကို လင်မယားစကားအခန့်မသင့်တဲ့အခါ ပြန်ဖော်မှာ သူလည်း တွေးကြောက်မှာပဲ။ တစ်ခုတော့ သဘောကျတယ်။ ဒီကလေးမလေးက ပွင့်ပွင့်လင်းလင်းပဲ။ သူ မပြောရင် ဘယ်သူသိမလဲ။ သားအပေါ် ရိုးဖြောင့်တယ်လို့ ကြီးကြီးမေ ယူဆတယ်။ သူ့ကို သား နာကြည်းနေတဲ့အထဲ ဒီအချက်သိသွားရင် ဘယ်လိုမှ ခွင့်လွှတ်မယ်မဟုတ်ဘူးလို့ သူ တွေးမိမှာအမှန်ပဲ။ စွန့်ပြီးပြောရတဲ့ သဘောပါပဲ။ သားကို မလိမ်မညာတဲ့အတွက် ချီးကျူးရမယ်"

"ကျွန်တော် သဘောမသေးအောင် သတိထားရမှာ သိပါတယ်"

ခေါင်းညိတ်ပြီး စကားလမ်းလွှဲသည်။

"သား ပြန်လာဖို့ စာရေးတော့မယ် မဟုတ်လား"

ကျွန်တော် မျက်ခုံးတွန့်မိ၏။

"မလာနဲ့လို့ ကျွန်တော် မရေးခဲ့ပါဘူး ကြီးကြီးမေ"

"မဟုတ်ဘူးလေ၊ သားရေးတာက လာတော့လာ၊ ဒါပေမဲ့ လာမယ်ဆိုတဲ့ကိစ္စကို တစ်နှစ်စဉ်းစားပါဦးလို့ ရေးခဲ့တယ်မဟုတ်လား။ အဲသလောက်ကြီးတော့ အချိန်မမျှဉ်းပါနဲ့ သားရယ်"

mgyoe.com

mgyoe.com

"စောင့်ကြည့်ချင်သေးလို့ပါ"

"နောက်လလောက်မှာ ပြန်လာလို့ စာရေးလိုက်ပါ။ သား ရေးလိုက်ပါ"

"ဟင်... ကြီးကြီးမေကလည်း ချွေးမက စာတစ်ကြောင်း နှစ်ကြောင်းနဲ့ ချွဲလိုက်တာလေးနဲ့ပဲ ချွေးမရဲ့ ရှေ့နေဖြစ်သွားပြီ"

နှလုံးကြည်နူးစွာဖြင့် ဟက်ဟက်ပက်ပက်ရယ်လေသည်။

"သနားပါတယ် သားရယ်၊ ဟိုတုန်းက ငယ်လည်း ငယ်သေး၊ ချင့်လည်း မချင့်ချိန်နိုင်သေးဘူး မဟုတ်လား"

"တော်ကြာ... ချွေးမက ကျွန်မ မလာတော့ဘူး။ လာပါရစေလို့ ပြောတာတွေက အလကား ကစားတာပါလို့ စာလာမှ ခွက်ထိုးခွက်လန် ငိုနေရဦးမယ်"

ရယ်လက်စ မဆုံးသေးသော်လည်း ပြန်ပြောလေသည်။

"ကိစ္စမရှိပါဘူး၊ နှစ်ခါယုံမိလည်း ယုံမိသူမှာ အပြစ်မရှိသေးပါဘူး"

ကျွန်တော် ရယ်ရလေသည်။ ရယ်သံစဲတော့မှ ကြီးကြီးမေ မေး၏။

"သူ့ဆီ ဘယ်တော့စာပြန်မလဲ"

"မအားသေးဘူးလေ"

"အမယ်"

"အဟုတ်ပြောတာ၊ လဆန်းလောက်ကျမှ စာရေးလိုက်မယ်"

"စာတစ်စောင်ရေးဖို့ အရက်နှစ်ဆယ်တောင် အချိန်ယူရသလားကွယ်"

"နေပါစေဦး ကြီးကြီးမေရာ၊ သုံးလေးလလောက်တော့ ဟိုမှာနေပါစေ၊ ခုလာဆို ခုထလာမှာ။ ဒီအတွင်း စိတ်ပြောင်းလည်း ပြောင်းပေါ့"

"ကြီးကြီးမေ သူ့ဆီ ဘာရေးရမလဲ"

"ဘယ်နေ့ဘယ်ရက် ပြန်လာဆိုတာကလွဲရင် ကြိုက်တာရေး"

"မင်း အခုပြောတာတွေ ပြန်ရေးပြလိုက်မယ်လေ"

"ဟာ ကြီးကြီးမေကလည်း"

စကားအဆုံးတွင် တစ်ခုခုကို သတိရဟန်နှင့် "ကောက်ညှင်းလည်း တစ်ပြည်နှစ်ပြည်တော့ ဝယ်ထားဦးမှ" ဟု ပြောသည်။

"ဘာလုပ်ဖို့လဲ" ဟု ကျွန်တော် မေးသည်။

mgyoe.com

mgyoe.com


"ကောက်ညှင်းပြန်ပေါင်းလေး ဘာလေး လုပ်စားရကောင်းမလားလို့"
ယခုသော် ရယ်ပွဲဖွဲ့စရာအဖြစ် ပြောလာဆိုလာနိုင်ပေသည်။

* * *

စားပွဲမှထကာ ဝရန်တာတစ်ဖက်သို့ လျှောက်သွားသည်။ ဝရန်တာမှ တောင်ဘက်ကြည့်သည်။ နီကြင်သော ကပ္ပလီ ပိတောက်ပင်ဖျားတွေကို အမရဆောင် ခေါင်မိုးအလွန်တွင် တွေ့ရသည်။ အပြာရောင်ကောင်းကင်တွင် မိုးသားတွေ ရွေ့နေ၏။ တိမ်စိုင်တွေက ကျွန်တော်ရှိရာအရပ်သို့ လာနေကြသည်။ ကြည့်နေဆဲတွင် အရိပ်ကျသွား၏။ သို့သော် နေရောင်ခြည် ပြန်လည်လင်းလိုက်သည်ကို သတိမပြုမိ။

အာရုံသည် သွယ့်ထံသို့ အကြွင်းမဲ့ စုန်ဆင်းခဲ့လေသည်။

ပြန်လာပါ၊ အဆင်ပြေမယ့်ရက်မှာ ပြန်လာပါဟု စာရေးလိုက်သည်။ ဆယ့်လေးရက်အကြာတွင် သူ့ထံမှ ပြန်စာကို ဖတ်ရ၏။ နောက်နှစ်ရက်ကြာသောအခါ ဦးလေးနှင့် အဒေါ်တို့ထံမှ စာတစ်စောင်ရသည်။ သွယ့်စာသည် အေးမြသော လေပြည်တိုက်ခတ်ခြင်းကိုခံရ၍ စိတ်လှုပ်ရှားသကဲ့သို့ ခံစားရစေ၏။

... မောင့်စာကို ရတယ်။ စာကလည်း တိုလိုက်တာ။ ပျော်လည်းပျော်၊ ရင်တွေလည်းခုန်တယ်။ သွယ့်ကို ချစ်တဲ့စကားပြောတဲ့နေ့က ရင်ခုန်တာမျိုးပဲ၊ သိလား။ သွယ်တို့ ပြန်လည်ဆုံတွေ့ကြပြီနော် မောင်။ မောင့်ကို ကျေးဇူးတင်တယ်။ သိပ်အောက်မေ့တယ်။ မောင်ရယ်၊ သမီးရယ်၊ သွယ်ရယ် သုံးယောက် ဓာတ်ပုံရိုက်ထားတဲ့ပုံကို နေ့တိုင်းကြည့်နေမိတယ်။ မောင့်ကို မှန်းလို့ မြင်ယောင်ကြည့်တယ်။ ဝလာသလား ပိန်သွားသလား အသားညိုသွားလားပေါ့ကွယ်။ ပိုတယ်လို့ ဆိုချင်လည်း ဆိုပေါ့ကွယ်။ မောင်ပြောသမျှ ခေါင်းငုံ့ခံမှာပါပဲ။ ခုလေ နေ့တိုင်း မြန်မာ့အသံက သီချင်းတွေကိုဖမ်းပြီး နားထောင်တယ်။ သွယ်နဲ့ မောင်နဲ့ အကြိုက်ချင်းတူတဲ့ သီချင်းတွေကြားရရင် ပိုပြီးအောက်မေ့တယ်။ မှတ်မိတယ် မဟုတ်လား... မောင်။ အခုဒီစာကို ကင်ဘာရာကနေ ရေးလိုက်တာ။ ပြန်ခါနီးဆိုတော့ စိစဥ်

mgyoe.com

mgyee.com


စရာတွေလည်း ရှိတယ်။ ဆွေမျိုးတွေနဲ့ ငွေရေးကြေးရေးကိစ္စ ရှင်းရတယ်။ မောင့်စကားအတိုင်းပါပဲ။ သွယ် ဘာမှဝယ်မလာပါဘူး။ စုထားတဲ့ငွေတွေ ဖေဖေတို့ကို ကန်တော့လိုက်တယ်။ ဆွေမျိုးတွေက ဝမ်းနည်းဝမ်းသာပေါ့ မောင်ရယ်။ မောင့်ဆီက စာရပြီး နောက်နေ့မှာ မြန်မာသံရုံးကို သွားတယ်။ အပြန်ကိစ္စအတွက် မေးမြန်းစုံစမ်းတာ။ သံရုံးဝင်းထဲ ရောက်တယ်ဆိုရင်ပဲ ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရတယ်။ ဆင်ဝင်ဘေးက ပန်းအိုးထဲမှာ ဇီဇဝါပင်တွေကို မြင်ရတယ်။ သစ်ခွပင်တွေကြားထဲမှာ ထင်းခနဲ မြင်လိုက်ရတာက လက်တံရှည်ပင် သုံးလေးပင်ပဲ။ မြန်မာပြည်ကို အောက်မေ့တာရော၊ မောင့်ကို အောက်မေ့တာရော တစ်ပြိုင်နက်တည်းပါပဲ။ ချန်ဆယ်လာနဲ့ တွေ့တယ်။ ဦးကျော်ခင်ဆိုလား၊ ဦးကျော်ခင် ဆိုလားပဲ။ အဆင်ပြေပါတယ်။ သံရုံးက အပြန်ဝင်းတံခါးဝမှာ မြန်မာပြည်က ကျောင်းလာတက်နေတဲ့ ကျောင်းသားတစ်ယောက်ရယ်၊ ဆရာဝန်တစ်ယောက်ရယ် တွေ့ရတယ်။ နှုတ်ဆက်စကားပြောရင်း မေးကြ မြန်းကြတယ်။ တစ်ယောက်က ဒဿနိကဌာနက ကိုမြင့်သန်းတဲ့။ တစ်ယောက်က ဆေးတက္ကသိုလ်တစ်က ရောဂဗေဒပါရဂူ ဒေါက်တာခင်မောင်ဦးတဲ့။ ကိုမြင့်သန်းက မောင်နဲ့ ရင်းနှီးတယ်လို့ ပြောတယ်။ ကိုမြင့်သန်းက လေးငါးရက်နေရင် ပြန်တော့မယ်တဲ့။ မောင့်ဆီကို မှာစရာရှိတာ မှာပါတဲ့။ စာအုပ်စာတမ်းတချို့ရယ်၊ ပစ္စည်းနည်းနည်းရယ်၊ သူနဲ့ မောင့်ဆီ ပို့ပေးမလား စိတ်ကူးတယ်။ ဒေါက်တာခင်မောင်ဦးကတော့ နောက်ငါးလလောက် နေရဦးမယ်ဆိုတော့ ဘာမှမမှာတော့ဘူးလေ။ အဲဒီလောက်ဆို သွယ် မောင့်ဆီ ပြန်ရောက်နေပြီပဲမဟုတ်လား။

သားအမိ သားအဖသုံးယောက် ရိုက်ထားတဲ့ ဓာတ်ပုံကို မင်း အခုမှ ထုတ်ကြည့်တာ ဖြစ်ပါလိမ့်မယ်။ တစ်ခါကြည့်လို့သာ ဆေးသားတစ်ခါ ပါးရမယ်ဆိုရင် ကိုယ့်အိပ်ခန်းထဲက ဓာတ်ပုံဟာ ဘာမှ ထင်တော့မယ် တောင် မဟုတ်ဘူး သွယ်။ အကြိုက်ချင်းတူတဲ့ သီချင်းတွေ ရုပ်ရှင်တွေကို ကြားရ ကြည့်ရတဲ့အခါ မင်းကို လွမ်းတဲ့စိတ်နဲ့ ရင်ထဲ ဆို့ဆို့သွားတယ်။ လက်တံရှည်ပင်တွေမြင်တော့ မင်း သတိရသားပဲ။ မင်း မတွေးမိဘူးလား

mgyee.com

mgyoe.com


သွယ်။ မင်းနဲ့ကိုယ်နဲ့ ဘဝထဲမှာ သုံးလေးနှစ် ငရဲခံရတဲ့ ကာလကို၊ အချိန်တွေကို နှမြောလိုက်ပါရဲ့။ စိတ်ဆင်းရဲလိုက်ပါဘိသနဲ့။ သြော်... အခုတော့လည်း သမီးကလေးမွေးလို့ စတေးလိုက်သလိုပါပဲဟု ကျွန်တော့်စိတ်ထဲက ပြောမိသည်။

ညနေစောင်းရင် စိတ်က မောင့်ဆီကို အရောက်ပြေးပါလေရော။ သွယ်တို့နေတဲ့ နာရာဘန်ဒါကနေ ကြည့်နေရင် ရက်ဒ်ဟီးတောင်တန်းပေါ် နေလုံး မေးတင်တာ အမြဲမြင်ရတယ်။ မောင်နဲ့ ပုဂံသွားတုန်းက မောင် မှတ်မိလား။ တန့်ကြည့်တောင်ကို နေလုံးအဖြတ်မှာ မြင်ရတဲ့မြင်ကွင်းလေ။ မောင်ရယ် ကြည့်ရင်းမောလို့ သက်ပြင်းအခါခါချမိခဲ့တယ်ရှင်။ အမှန်တော့ ခုချက်ချင်းပဲ မောင့်ဆီ ထပြေးလာချင်တယ်ကွယ်။ ဖေဖေ့ကျန်းမာရေးက ခုတော့ သိပ် မစိုးရိမ်ရတော့ဘူး ထင်ပါတယ်။ ဆယ့်တစ်ရက်နေ့ နေ့စွဲနဲ့ ရေးလိုက်တဲ့စာမှာ မောင် ဖတ်ရမှာပါ။ နေ့လား ညလားပဲ။ အသည်းမှာဖြစ်နေတဲ့အနာကို ခွဲစိတ်ကုသလိုက်တော့ သက်သာလာပါတယ်။ နဂိုအတိုင်း နေကောင်းအောင် တစ်လလောက်တော့ပြုစုရမယ်။ မောင့်ဆီမှာ ခွင့်ပန်တယ်နော်။ တစ်လတော့ နေခွင့်ပြုပါလို့...

မင်းတို့ အဲဒီကိုရောက်ပြီး နှစ်နှစ်ကျော်လောက်မှာ မြေနဲ့ အိမ် ဝယ်တယ်လို့ ရေးလိုက်တယ်မဟုတ်လား။ နာရာဘန်ဒါမှာ ဒေါ်လာလေးသောင်းကျော်တန် ဝယ်တယ်တဲ့။ ဆွေမျိုးတွေကလည်း လူချမ်းသာတွေကိုး။ နွေရာသီ အနားယူစခန်းတွေ၊ ပင်လယ်ကမ်းခြေတွေ၊ နောက်ဆုံးပေါ် ကုန်ပစ္စည်းတွေ၊ အော်ပရာဇာတ်တွေ၊ သံစုံတီးဝိုင်းတွေ၊ စက်မှုကိရိယာတွေ၊ လူမှုဆက်ဆံရေးအသစ်တွေ ကြားထဲမှာ မင်း မွေ့လျော်ပျော်ရွှင်ခဲ့တယ်လို့ မှန်းဆမိပါတယ်။ အခုကျတော့လည်း မင်းကိုယ့်ဆီကို ပြေးလို့တောင် လာချင်သတဲ့လားဟု ရင်ထဲမှ မေးမိသည်။

...ဖေဖေ့ကို ပြုစုရလို့နဲ့ တူပါတယ်။ သွယ်လည်း နေလို့ထိုင်လို့ သိပ်မကောင်းချင်ဘူး။ ခု ဒီစာရေးနေရင်း ခေါင်းမူးလာလို့ ခဏနားပြီးမှ ဆက်ရေးနိုင်တယ်။ ကျောထဲက အောင့်သလိုလို နာသလိုလို လည်း ဖြစ်နေတယ်။ မနက်ဖြန်ကျမှ ဆရာဝန်ဆီသွားပြီး ဆေးထိုး

mgyoe.com

mgyoe.com


လိုက်ဦးမယ်။ ပြောရဦးမယ်၊ မောင် စာရှည်ရှည်ရေးပါ။ ဒီစာကို ရရချင်း စာပြန်ရေးပါ။ သိပ်ကြာသွားရင် သွယ် မောင့်ဆီလာပြီးမှ စာက ဖေဖေတို့ဆီ ရောက်နေမယ်။ ဖေဖေ့ကို ပြုစုရတဲ့ရက်တွေမှာ မေမေက ပြောတယ်။ သားသမီးဆိုတာက အတောင်အလက်စုံရင် ပျံတာပဲတဲ့။ ကိစ္စမရှိဘူးတဲ့။ လင်ရယ် မယားရယ်ဆိုတာ နုပျိုစဉ်မှာ ပျော်ရွှင်မှုကို မျှဝေခံစားရမယ်တဲ့။ နာမကျန်း အိုမင်းမစွမ်းတဲ့အခါ ဖေးမယုယရမယ်တဲ့။ သိပ်မှန်တဲ့စကားပဲ။ သွယ် ဒီအတိုင်း လိုက်နာကျင့်သုံးတော့မယ် မောင်ရေ့။ မောင် စိတ်ချမ်းသာရမှာပါ။

မင်း ဒီလိုသိတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ကွာ။ ငွေကို ငွေနဲ့ လျော်လို့ရပါတယ်။ ပစ္စည်းကို ပစ္စည်းနဲ့ လျော်လို့ရပါတယ်။ အချစ်ကို အချစ်နဲ့ လျော်လို့ရပါတယ်။ ဒါပေမဲ့ ပျောက်ပျက်သွားတဲ့အချိန်တွေကို ဘာနဲ့မှ လျော်လို့လည်းမရ၊ အစားထိုးလို့လည်း မရဘူး သွယ်ရေ့။ ဘဝအနေအထားတွေ မပြောင်းခင် အရွယ်တွေမလွန်ခင် ဆုံစည်းခွင့်တွေ မဆုံးရှုံးခင် သိဖော်ရတဲ့အတွက် သက်သာရာရသေးတယ်ဆိုပါတော့ဟု ညည်းမိသည်။

ငါးရက်ခြောက်ရက်အကြာတွင် ဦးလေးနှင့် အဒေါ်တို့ထံမှ စာကို ရသည်။ သူတို့ကျေနပ်ကြောင်း၊ သူတို့မျက်ကွယ်တွင် သွယ့်ကို ကြင်နာဂရုစိုက်စေလိုကြောင်း၊ ပြီးပြီးသားကိစ္စတွေကို မေ့ပစ်ပြီး ဘဝအသစ် စစေလိုကြောင်း၊ အခွင့်သာ အကြောင်းဆိုက်ပါက သူတို့ရှိရာသို့ အလည်အပတ်လာစေချင်ကြောင်း၊ သင့်သင့်မြတ်မြတ် ပျော်ပျော်ရွှင်ရွှင် အိမ်ထောင်ရေးသတင်းကို ကြားသိလိုကြောင်း၊ မျှော်လင့်ယုံကြည်ပြီးသား ဖြစ်ကြောင်း ရေးသားကြသည်။

နေခြည်သည် ပြက်ခနဲ လင်းလာ၏။ ဝရန်တာနှင့် ကပ်ထားသော ကိုယ်ကို ခွာလိုက်၏။

အမြင်တွင် ရှိသမျှ အရာဝတ္ထုတွေအားလုံး လင်းလင်းချင်းချင်း။ ကြည်လင်နေပေသည်။

* * *

mgyoe.com

mgyoe.com


ကြီးကြီးမေသည် ကျွန်တော်ကဲ့သို့ပင် အိပ်၍ရမည်မဟုတ်ဟု ထင်၏။ သန်းခေါင်ကျော်မှ အိပ်ရာဝင်ရန် စကားဖြတ်ကြရသည်။ အိပ်ရာထက်သို့ရောက်၍ မီးပိတ်လိုက်ရသည်။ မျက်စိမှိတ်၍မရ။ ကြီးကြီးမေ၏ အခန်းဆီမှ မီးရောင်ကို လှမ်းပြီး မြင်နေရသည်။

မနက်ဖြန်ကို စောင့်သော၊ ကြိုသောစိတ်သည် မျက်ခွံကို စိုးစဉ်းမျှပင် မလေးစေ။

လေယာဉ်ရုံးသို့သွားကာ မေးမြန်းသည်။ မိုးလေဝသကောင်းလျှင် မနက်ဖြန်ညနေတွင် ဘန်ကောက်မှ လေယာဉ်ထွက်မည်။ ရာသီဥတုအဆင်မပြေက နောက်နေ့မှ။ ထိုနေ့အထိ ကြည်လင်သာယာမှုမရှိလျှင် နောက်တစ်နေ့မှဟု ပြော၏။ သို့သော် အဆင်ပြေနိုင်ကောင်း၏ဟုလည်း အဖြေပေးသည်။ အစစအရာရာ ချောမောပါက ညနေခြောက်နာရီတွင် မင်္ဂလာဒုံကွင်းသို့ လေယာဉ်ဆိုက်မည်ဆို၏။ ယခုအချိန်အထိကား မိုးနိမိတ်ကို အရိပ်အခြည်မျှ မတွေ့ရ။

ကြီးကြီးမေသည် ယခုမှပင် မိုးနှင့်လေကို မိတ်ဖွဲ့ကာ တောင်းပန်ချင်ပုံရသည်။ ရယ်စရာစကား ကျွန်တော် ပြောမိလေသည်။

"မနက်ကျရင် ရှင်ဥပဂုတ် ကိုးထားပါလား ကြီးကြီးမေရဲ့။ ဒါမှမဟုတ်လည်း ခမောက် ပြောင်းပြန်လှန်ပြီး ဖယောင်းတိုင် ထွန်းချင် ထွန်းလေ။ မိုးခေါင်ကျော်စွာကို ကန်တော့ပွဲပေးပြီး မိုးတားရင် ရမယ်ထင်တယ်"

ကျွန်တော့်စကားကို ခေါင်းခါသည်။

"ဟင့်အင်း... မနက်ကျရင် လမ်းထဲကလူတွေကို ဖိတ်ထားတယ်၊ လွှန်ဆွဲဖို့အတွက်"

ပြောမည့်သာပြောသည်။ သူ စီစဉ်ထားသမျှ တစ်ခွန်းပြော နှစ်ခွန်းပြောနှင့် ရှိနေသည်။

"အငှားကားကို လေးနာရီအရောက် မှာထားတယ်"

သွယ့်သဏ္ဍာန်ကို မှန်းပြီးမြင်ကြည့်ချိန်တွင် ကြားရသည်။

"မှိုချဉ်ချက်မလို့ စိတ်ကူးထားတာ မဖြစ်သေးပါဘူးလေ။ ခရီးပန်းလာတာနဲ့ အကြောအခြင်တက်မယ့်အစာနဲ့။ ဝက်သနီချက်ရယ်၊ ကြံမဆိုင်ရယ်၊ ငါးပိကြော်ရယ်ပဲ ကောင်းပါတယ်"

mgyoe.com